ကြေးမုံ
The Mirror Daily
Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နုန့်နှေးတတ်ရကားမကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

လောကဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ စနေနေ့။ Saturday 2 November 2019 ၉၈၂၁

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများတက်ရောက်ရန် ထိုင်းနိုင်ငံသို့ရောက်ရှိ

**ဗန်ကောက် နိုဝင်ဘာ ၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး(ငြိမ်း) ပရာယုဒ်ချန်အိုချာ၏ ဖိတ်ကြားချက်အရ (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စစ် ဆူဖတ်သရာဆီမိုင်းသရီဖိတပ်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**တာဝန်ရှိသူများလိုက်ပါ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြပြီး ခရီးစဉ်အဖွဲ့ဝင်ဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးနှင့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့်အစည်းအဝေးတို့သို့ တက်ရောက်ရန် အောက်တိုဘာ ၃၀ ရက်က ထိုင်းနိုင်ငံသို့ ကြိုတင်ရောက်ရှိနေသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး Mr. Anutin Charnvirakul နှင့်တာဝန်ရှိသူများက ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



ကြေးမုံ

# ကြံ့ကြံ့ခံသည့် အသိုက်အဝန်းတည်ဆောက်

ပြီးခဲ့သည့်နှစ်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ ဆွာချောင်း ရေလှောင်တမံရေပိုလွှဲနှုတ်သီးကျိုးပျက်မှုကြောင့် ဆွာချောင်းရေလှောင်တမံ ပတ်ဝန်းကျင်ဒေသမှ ကျေးလက်နေပြည်သူများ ဘေးဒုက္ခရောက်ခဲ့ကြသည်ကို မှတ်မိနေကြဦးမည်ဖြစ်သည်။ ရေဘေးကြောင့် လူ့အသက်ဆုံးရှုံးမှု နည်းပါးသော်လည်း နေအိမ်အမြောက်အမြား ပျက်စီးဆုံးရှုံးခဲ့ကြရသဖြင့် ပြည်သူများဘဝ များစွာထိခိုက်နစ်နာခဲ့ရသည်။

ဖြစ်စဉ်၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်သည်မှန်သော်လည်း သဘာဝဘေးအန္တရာယ်များနှင့် မကြာခဏရင်ဆိုင်ကြုံတွေ့ရလေ့ရှိသည့် မြန်မာနိုင်ငံအဖို့ နောင်တွင် အလားတူဘေးအန္တရာယ်မျိုး ထပ်မံမကြုံတွေ့စေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။ အထူးသဖြင့် ဆည်၊ တမံများပေါများသော မြန်မာနိုင်ငံတွင် ဆည်များ၊ ရေလှောင်တမံများအပါအဝင် အခြေခံအဆောက်အဦများ၊ လူနေအိမ်များ ဘေးအန္တရာယ်မရှိစေရေး စနစ်တကျဆောင်ရွက်ထားရမည်ဖြစ်သည်။

သဘာဝဘေးသည် လူတို့အနေဖြင့် မလွန်ဆန်နိုင်သော ရုတ်တရက်ဖြစ်စဉ်များဖြစ်ရာ ရှောင်လွှဲ၍ ရနိုင်မည်မဟုတ်ပေ။ ထိုစဉ်ကာလ ဆည်ကျိုးပျက်မှုကြောင့် ကျေးလက်နေပြည်သူများ ဒုက္ခဆင်းရဲများမှာ များလှသည်ဆိုသော်လည်း တစ်နှစ်ကျော်ကာလအတွင်းမှာပင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်မှာ ကျေနပ်ဖွယ်ဖြစ်သည်။ ယနေ့ မြင်ကွင်းတွင် အဆိုပါကျေးလက်ဒေသ၌ နေအိမ်အသစ် ၁၇၅ လုံးတည်ဆောက်ပေးခဲ့ပြီး ဒေသခံပြည်သူများထံသို့ လွှဲပြောင်းပေးသည့်မြင်ကွင်းမှာ ဝမ်းမြောက်စရာဖြစ်သည်။

အဆိုပါ နေအိမ်များလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နောက်နောင်တွင် ယင်းဖြစ်စဉ်မျိုး ထပ်မံဖြစ်ပွားမှုကို ရှောင်ရှားနိုင်ရန် တစ်နိုင်ငံလုံးတွင်ရှိသည့် ဆည်များ၊ ရေလှောင်တမံများအပါအဝင် အခြေခံအဆောက်အဦများ၏ ခိုင်ခံ့မှုကို စနစ်တကျ ကြီးကြပ်စစ်ဆေးနေရန်လိုအပ်သည့်အတွက် သက်ဆိုင်ရာကဏ္ဍအသီးသီးက တာဝန်ရှိသူများအနေဖြင့် အထူးဂရုပြုဆောင်ရွက်ကြရန် တိုက်တွန်းထားသည်။

ထို့အပြင် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်တုံ့ပြန်နိုင်ရန်အတွက် ပြည်သူများကိုယ်တိုင်ပါဝင်ပြီး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်နိုင်မှသာလျှင် ဘေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်သည့် လူ့အသိုက်အဝန်းတစ်ခု အမှန်တကယ်ပေါ်ပေါက်လာမည်ဖြစ်သည့်အတွက် ဘေးဖြစ်ပြီးမှ ထောက်ပံ့ခြင်းထက် ဘေးမဖြစ်မီ ကြိုတင်ပြင်ဆင်ခြင်းကို ထိရောက်အကျိုးရှိအောင် ဆောင်ရွက်ထားကြရန် ဒုတိယသမ္မတ၏ သတိပေးစကားကို အလေးအနက်ထားလိုက်နာကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့လေ့ရှိသော ဘေးအန္တရာယ်အမျိုးမျိုးအနက် ရေဘေးအန္တရာယ်နှင့် မြေပြိုမှုအန္တရာယ်များကို အများဆုံးကြုံတွေ့လေ့ရှိပြီး လူအသေအပျောက်နှင့်ထိခိုက်ဆုံးရှုံးမှု၊ နစ်နာမှုများသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အဆိုပါဆည်တမံပျက်စီးကျိုးပေါက်မှု အန္တရာယ်မှာ ကြီးမားကျယ်ပြန့်ပြင်းထန်သည့်သဘောရှိသည်။ ယခုဖြစ်စဉ်မှာ အကြီးစားထိခိုက်မှုဟုမဆိုနိုင်သော်လည်း ထိုထက်မက အန္တရာယ်ကျရောက်လာနိုင်သည်ကိုသတိပြုရမည်ဖြစ်သည်။ မကြာသေးမီက မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း မြေပြိုကျမှုဖြစ်စဉ်တွင် ကြီးမားကျယ်ပြန့်မှုမရှိသော်လည်း လူ့အသက်များဆုံးရှုံးမှု အလွန်များပြားခဲ့သည်။ သဘာဝဘေးဖြစ်စဉ်များတွင် ကြီးသည်ငယ်သည်မဟူ သတိမမူမိပါက လူ့အသက်သေဆုံးမှုများနိုင်သဖြင့် မိမိတို့ကာယကံရှင်များကိုယ်တိုင် ဘေးဖြစ်နိုင်၏၊ မဖြစ်နိုင်၏ကိုလည်း ဆင်ခြင်ဉာဏ်ဖြင့် သတိရှိဖို့လိုသည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်များသည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတွင် နှစ်စဉ်ကြုံတွေ့ရမည့် ဖြစ်ရိုးဖြစ်စဉ်များဖြစ်နေမည်ကို သိမြင်သဘောပေါက်ပြီး ဘေးဖြစ်ပြီးမှ ကူညီကယ်တင်ထောက်ပံ့ခြင်းထက် ဘေးမဖြစ်မီက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားခြင်းဖြင့် ဘေးကင်းလုံခြုံပြီး သဘာဝဘေးကို ကြံ့ကြံ့ခံနိုင်သည့် လူ့အသိုက်အဝန်းများ ထူထောင်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



## နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး (၅၄/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌအမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေဝင်းအောင်(ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## ပြည်သူ့လွှတ်တော် လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်စုစုလွင် ဟောင်ကောင်တက္ကသိုလ်၏ အာရှနှင့်အပြည်ပြည်ဆိုင်ရာ လေ့လာရေးဌာနမှ Associate Professor, Dr. RenaudEgreteau နှင့် တွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁

ပြည်သူ့လွှတ်တော် လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်စုစုလွင်သည် ဟောင်ကောင်တက္ကသိုလ်၏ အာရှနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာရေးဌာနမှ Associate Professor, Dr. Renaud Egreteau အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-1) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်၌ ဆောင်ရွက်နေသည့် လွှတ်တော်၏ အခန်းကဏ္ဍများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁-၁၁-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၂,၆၉၈ | ၃၁,၂၃၃,၀၀၀ |
| MTSH | ၃,၉၅၀ | ၃,၉၀၀ | ၇,၂၅၆ | ၂၈,၆၅၆,၈၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၃၄၇ | ၂,၈၂၄,၆၀၀ |
| FPB | ၂၃,၅၀၀ | ၂၃,၅၀၀ | ၆ | ၁၄၁,၀၀၀ |
| TMH | ၂,၉၅ ၀ | ၂,၉၅၀ | ၃၀ | ၈၈, ၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၁

ရန်ကုန်(ရွှေဈေး) ၁၂၁၈၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၁၀/၉၆၅ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၃၀/၉၆၀ ကျပ် | ၁၀၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၃၀/၈၆၅ ကျပ် | ၉၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၂၀/၉၈၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၅/၈၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၅/၉၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၂၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၂.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၈.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၆.၃၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၄၆၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၅၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၄၇၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၀၉.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀.၆၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၁.၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၀.၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရွှေ့ဖုံးမှ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး Mr. Anutin Charnvirakul၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ခင်ဇော်၊ သံရုံး၊ စစ်သံရုံး ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် The Athenee Hotel သို့ ရောက်ရှိကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စစ် ဆူဖတ်သရာ ဆီမိုင်းသရီဖိတပ်တို့က နေပြည်တော် ပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကမ္ဘာ့ကျန်းမာရေးထိပ်သီးညီလာခံ(၂၀၁၉) တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁**

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် အောက်တိုဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့ကျန်းမာရေးထိပ်သီးညီလာခံ(၂၀၁၉)သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်ခဲ့သည်။

**တက်ရောက်**

ညီလာခံသို့ တက်ရောက်စဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ပဋိဇီဝဆေးယဉ်ပါးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုဆန်းသစ်တီထွင်မှုများတွင် အသိဉာဏ်တု၏ အခန်းကဏ္ဍ၊ ရေရှည်တည်တံ့သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် လူတိုင်းလက်လှမ်းမီလွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုဆွေးနွေးပွဲများကို တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မကူးစက်နိုင်သော ရောဂါများအား ပြုစုကုသမှုများ ရေရှည်တည်တံ့လက်လှမ်းမီရရှိရေး စားပွဲဝိုင်းဆွေးနွေးပွဲ၌ ဦးဆောင်ဆွေးနွေးသူအဖြစ် ယူဂန်ဒါနိုင်ငံ ကျန်းမာရေးဝန်ကြီးနှင့်အတူ တက်ရောက်ဆွေးနွေးသည်။

ထိုသို့ ဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် အခြားအရှေ့တောင်အာရှဒေသတွင်းနိုင်ငံများနည်းတူ မကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှုနှုန်းမှာ မြင့်မားနေပြီး ဖွံ့ဖြိုးပြီးတိုင်းပြည်များနည်းတူ မကူးစက်တတ်သော ရောဂါများ၏ နောက်ဆက်တွဲပြဿနာများကို ခံစားနေရပါကြောင်း၊ မကူးစက်တတ်သော ရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အခြေခံကျန်းမာရေးစောင့်ရှောက်မှုမှစတင်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် မကူးစက်တတ်သော ရောဂါများကာကွယ်နှိမ်နင်းရန်အတွက် အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁) ရေးဆွဲပြီး စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း၊




မြန်မာနိုင်ငံ၌ Package of Essential Service of NCD (PEN project)ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ EU၊ INGO အဖွဲ့များ၊ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံအများစုသည် မိမိတို့နိုင်ငံနှင့် အသင့်တင့်ဆုံးသော နည်းဗျူဟာများကို ရွေးချယ်ပြီး ဦးစားပေးလုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်သွားပါက အကျိုးရှိမည်ဖြစ်ကြောင်း၊ Defeat NCD အဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွက် လိုအပ်သောဆေးဝါးများ စဉ်ဆက်မပြတ်ရရှိရေးနှင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးရေးနှင့် သက်ဆိုင်သည့် ကိရိယာများကို သင့်လျော်သော ဈေးနှုန်းဖြင့် ရရှိနိုင်ရေးကို Marketplace Platform ဖြင့် ဆောင်ရွက်ပေးမည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကျေးလက်ကျန်းမာရေးဌာနများ၌ အပတ်စဉ် ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါစစ်ဆေးကုသရေးဆေးခန်းများကို ဖွင့်လှစ်၍ အခမဲ့ ကုသဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နှလုံးနှင့် နှလုံးသွေးကြောရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ကုသမှုလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးဆဲတိုင်းပြည်များအနေဖြင့် မကူးစက်တတ်သောရောဂါဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ ဝယ်ယူဖြန့်ဖြူးစီမံမှုကို အားဖြည့်ဆောင်ရွက်ရမည့်အပြင် ကုမ္ပဏီများနှင့် ညှိနှိုင်း၍ အစားအစာနှင့် အချိုရည်များ၌ သကြားဓာတ်ပါဝင်မှုလျှော့ချရေးအစီအစဉ်ကို နိုင်ငံတော်အဆင့်အနေဖြင့် ဆောင်ရွက်သင့်ကြောင်း၊ ပဋိဇီဝဆေး ယဉ်ပါးမှုပြဿနာများအတွက် အဖြေရှာရာတွင် ကိုယ်ခံအားစနစ် ပြုပြင်ထိန်းညှိခြင်းကို ထည့်သွင်းစဉ်းစားသင့်ကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ရေရှည်တည်တံ့ခိုင်မာရေးအတွက် မြန်မာနိုင်ငံ၌ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်တွဲဖက်၍ အခြေခံကျန်းမာရေးဝန်ထမ်းများက အမျိုးသမီးများနှင့် ကလေးများတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့်ပတ်သက်၍ ပညာပေးဟောပြောမှုများကို တွဲဖက်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

စားပွဲဝိုင်းဆွေးနွေးပွဲအပြီးတွင် ဂျာမန်မီဒီယာ DW နှင့်တွေ့ဆုံ၍ ပိုလီယိုအကြောသေရောဂါဖြစ်ပွားမှုနှင့် မကူးစက်တတ်သော ရောဂါများဆိုင်ရာ မေးမြန်းဖြေကြားမှုကို ရိုက်ကူးခဲ့သည်။

**ဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စင်ကာပူနိုင်ငံ Saw Swee Hock School of Public Health မှ Prof: Yik-Ying နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ ကျန်းမာရေးဘောဂဗေဒပညာဖွံ့ဖြိုးရန် သင်တန်းများ ဖွင့်လှစ်ခြင်း၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၏ သင်ရိုးညွှန်းတမ်းများ ပြန်လည်မွမ်းမံဆန်းစစ်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ရောဂါဖြစ်ပွားသေဆုံးမှုအခြေအနေ သုတေသနတွင် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်ခြင်း၊ Bill and Melinda Gates Foundation ၏ အကူအညီဖြင့် မိခင်၊ ကလေးနှင့် မွေးကင်းစကလေး ကျန်းမာရေးနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆွေးနွေးကြသည်။

ထို့အပြင် University of Oslo, Norway မှ Global Health Project Leader Prof: Espen နှင့် တွေ့ဆုံ၍ နော်ဝေနိုင်ငံအစိုးရ အထောက်အပံ့ဖြင့် ပညာတော်သင်များ ထပ်မံစေလွှတ်နိုင်ရေးအတွက် ရန်ပုံငွေအခြေအနေနှင့် Post-doctoral fellowship Program ဆောင်ရွက်နိုင်ရေးများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁**

အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးကို နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ နေပြည်တော်ရှိ Horizon Lake View Hotel ၌ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(၁၆) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီး အစည်းအဝေး (16th SOMRDPE) နှင့် (၁၂) ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးအစည်းအဝေး(12th SOMRDPE+3)ကို နိုဝင်ဘာ ၄ ရက်တွင် လည်းကောင်း၊ အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ မျှော်မှန်းချက်နှင့် စီမံချက်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ (SOMRDPE Workshorp 2021-2025)ကို နိုဝင်ဘာ ၅ ရက်တွင် လည်းကောင်း၊ (၈)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဖိုရမ်အစည်းအဝေး(8th ASEAN PPP Forum on RDPE)ကို နိုဝင်ဘာ ၆ ရက်တွင် လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ကျား-မရေးရာကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၇ ရက်တွင် လည်းကောင်း၊ (၁၁) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး(11th AMRDPE)ကို နိုဝင်ဘာ ၈ ရက်တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဆက်လက်၍ (၄) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှုအရည်အချင်းဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲကို နိုဝင်ဘာ ၈ ရက် ညနေ ၆ နာရီခွဲတွင် ကျင်းပမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဂျိုင်းလော**



ဒုတိယသမ္မတ ဦးမြင့်ဆွေ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်လွယ်ကူမှု ၂၀၂၀ အစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❂ ကျောဖုံးမှ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ International Finance Corporation (IFC) မှ Regional Director Mr. Vivek Pathak၊ The United Kingdom's Department for International Development (DFID) မှအကြီးအကဲ Mr. Rurik Marsden၊ International Finance Corporation (IFC) မှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်အုပ်စုမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အထောက်အကူပြုအဖွဲ့များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဆင့် ၁၇၁**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ပိုမိုလွယ်ကူလာစေရေးအတွက် ကမ္ဘာ့ဘဏ်၏ Ease of Doing Business ကို လေ့လာစစ်တမ်းကောက်ယူသည့် အစီအစဉ်တွင် ၂၀၁၄ ခုနှစ်မှစတင်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ စတင်ပါဝင်ချိန်က နိုင်ငံပေါင်း ၁၈၉ နိုင်ငံအနက် မြန်မာနိုင်ငံ၏အဆင့်သည် ၁၈၂ ရရှိခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ် အစီရင်ခံစာတွင် ပါဝင်သည့် နိုင်ငံပေါင်း ၁၉၀ ရှိပြီး မြန်မာနိုင်ငံရရှိခဲ့သည့်အဆင့်မှာ ၁၇၁ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ခြင်းကြောင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ကို အဖွဲ့ဝင် ၁၄ ဦးနှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး တစိုက်မတ်မတ်ဆောင်ရွက်စေခဲ့ပါကြောင်း၊ ထပ်မံပြီးအညွှန်းကိန်းတစ်ခုချင်းအလိုက် အထောက်အကူပြုအဖွဲ့ ၁၀ ဖွဲ့ကို သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်အဆင့်များ ဦးဆောင်၍ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းအဖွဲ့များ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် တိုးတက်မှုများရရှိလာသည်ကို တွေ့ရသည့်အတွက် အသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါကြောင်း။

ယခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူမှု ၂၀၂၀ အစီရင်ခံစာ(Doing Business 2020 Report)တွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူအောင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် တိုးတက်မှုအကောင်းဆုံးနိုင်ငံ ၂၀ တွင် မြန်မာနိုင်ငံပါဝင်ကြောင်း ကမ္ဘာ့ဘဏ်၏ Doing Business Website တွင် ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၇ ရက်က ဖော်ပြခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ထူးခြားသည့် အောင်မြင်မှုရလဒ်ကောင်းတစ်ခုစတင်ရရှိလာပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဝန်းကျင် တိုးတက်ကောင်းမွန်စေရန်အတွက် လုပ်ငန်းနယ်ပယ် (၅)ရပ်တွင် သိသာသည့် တိုးတက်မှုများဖော်ဆောင်နိုင်ခဲ့သည်ကို ဖော်ပြထားပါကြောင်း၊ ထိုလုပ်ငန်းနယ်ပယ် (၅)ရပ်တွင် ဆောက်လုပ်ခွင့်ရယူခြင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း၊ ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း၊ ပဋိညာဉ်အတည်ပြုဆောင်ရွက်ခြင်း၊ အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်းတို့ ဖြစ်ပါကြောင်း၊ ယခုနှစ်



ဒုတိယသမ္မတ ဦးမြင့်ဆွေထံ International Finance Corporation (IFC) မှ Regional Director Mr. Vivek Pathak က Doing Business 2020 Report စာအုပ်ကို ပေးအပ်စဉ်။

အချိန်မမီ၍ နောက်နှစ်တွင် အမှတ်ရမည့်လုပ်ငန်းနယ်ပယ်များလည်း ရှိပါကြောင်း၊ တချို့ပြုပြင်ပြောင်းလဲထားသည့် အချက်များသည် လက်ရှိတွင် အမှတ်အနေဖြင့် ထည့်သွင်းတွက်ချက်ထားခြင်းမရှိသော်လည်း စောင့်ကြည့်နေသည့် အခြေအနေဖြစ်ပါကြောင်း၊ အစိုးရက ပြောင်းလဲမှုများ လုပ်ပေးနေသော်လည်း ပုဂ္ဂလိကကဏ္ဍက ချက်ချင်းမသိသည့်အခါတွင် တုံ့ပြန်ချက်များက မပြောင်းလဲသေးသည့်အတွက် အမှတ်မရနိုင်သေးခြင်းဖြစ်ပါကြောင်း၊ ဆက်လက်ပြီး Doing Business လုပ်ငန်းစဉ်များ ပိုပြီးလွယ်ကူတိုးတက်အောင် ပူးပေါင်းကြိုးပမ်းကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**အဆင့်ခြောက်ဆင့် တိုးတက်လာ**

၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၄ ရက်တွင် **စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု ၂၀၂၀ အစီရင်ခံစာ**ကို တရားဝင်ထုတ်ပြန်လိုက်ပြီဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဦးဆောင်သည့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူမှု ၂၀၂၀ အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ရမှတ်သည် ၄၆ ဒသမ ၈ မှတ်ရရှိခဲ့သည့်အတွက် ယခင်နှစ်ရမှတ် ၄၃ ဒသမ ၅ မှတ်ထက် ပျမ်းမျှရမှတ်သည် ၃ ဒသမ ၃ မှတ် တိုးတက်ရရှိခဲ့ပြီး နိုင်ငံပေါင်း ၁၉၀ ပါဝင်သည့်အနက် မြန်မာနိုင်ငံ၏အဆင့်သည် ၁၆၅ ကို ရောက်ရှိခဲ့ပါကြောင်း၊ ယခင်နှစ်ရရှိသည့်အဆင့် ၁၇၁ မှ အဆင့်ခြောက်ဆင့် တိုးတက်လာခြင်းဖြစ်ပါကြောင်း၊ အညွှန်းကိန်း ၁၀ ခုအနက် ငါးခုကတိုးတက်မှုရှိပြီး နှစ်ခုကပြောင်းလဲမှုမရှိဘဲ သုံးခုမှာ အဆင့်ကျဆင်းခဲ့ပါကြောင်း၊ အကောင်းဆုံးညွှန်းကိန်းများမှာ ဆောက်လုပ်ခွင့်ရယူခြင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်းနှင့် ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းတို့ ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများသည် အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရှိလာပြီဟု ပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ထိုမျှနှင့် ကျေနပ်နေ၍မဖြစ်ဘဲ တစ်နှစ်ထက်တစ်နှစ် အဆင့်တက်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်**

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး စီးပွားရေးတံခါးဖွင့်မူဝါဒနှင့်အညီ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းစီးပွားရေး၊ ကမ္ဘာ့စီးပွားရေးတို့နှင့် ပေါင်းစည်းဆောင်ရွက်နိုင်မှသာ ခိုင်မာသည့် စီးပွားရေးအခြေခံကို တည်ဆောက်နိုင်မည်ဖြစ်ပြီး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံများနှင့် ဒေသတွင်းစီးပွားရေးများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် လိုအပ်သလို ကမ္ဘာ့စီးပွားရေးကိုလည်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးသည် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ကိုင်ရလွယ်ကူမှုရှိစေရန် လိုအပ်သလို ပြည်ပကလာရောက်ရင်းနှီးမြှုပ်နှံသူများအတွက်လည်း လုပ်ကိုင်ရလွယ်ကူရန် အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူချောမွေ့ရေးသည် စဉ်ဆက်မပြတ်အမြဲတစေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ယခုထက်ပိုပြီး အရှိန်အဟုန် မြှင့်တင်နိုင်ရေးအတွက်လည်း Ease of Doing Business တိုးတက်ရေးအမြဲတမ်းကော်မတီနှင့် အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းပြီး တစိုက်မတ်မတ်ဆောင်ရွက်သွားရန်စီစဉ်လျက်ရှိပါကြောင်း။

စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူလာသည်နှင့်အမျှ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုသည် ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၃ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၉၈ ဘီလီယံဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လျာထားချက်ထက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၇၉ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနေဖြင့် လုပ်ငန်းအရေအတွက် ၁၅၀၀ ခုရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုများအနေဖြင့် လုပ်ငန်းအရေအတွက် ၁၃၁၅ ခုရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၁၄ ဘီလီယံအပါအဝင် ငွေကျပ် ၁၇၇၂ ဒသမ ၆၈၆ ဘီလီယံရရှိခဲ့ပါကြောင်း။

**ကြိုးစားရန်လိုအပ်**

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူချောမွေ့စေရေး Doing Business အဆင့်များ တိုးတက်စေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့က ဆက်လက်ပြီး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံပေါင်း ၁၉၀ နှင့် ယှဉ်ပြိုင်ရခြင်းဖြစ်သည့်အတွက် စီးပွားရေးဝန်းကျင် တိုးတက်ကောင်းမွန်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သည့်အခါတွင် လက်ရှိနှုန်းထက် အဆပေါင်းများစွာ ကြိုးစားရန်လိုအပ်ပါကြောင်း။

ဌာနဆိုင်ရာများဘက်ကလည်း ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများကို အများပြည်သူသိရှိအောင် Public Awareness ကို ကြိုတင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ သို့မှသာအများပြည်သူသိရှိပြီး မှန်ကန်သည့်အဖြေကို ဖြေဆိုနိုင်ကာ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေသည်နှင့်အမျှ ထိုက်တန်သည့်ရမှတ်နှင့် အဆင့်တို့ကို ရရှိလာမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဘဏ်၏ စစ်တမ်းမေးခွန်းလွှာများကို ဖြေဆိုကြသည့်အခါတွင် ဌာနဆိုင်ရာကဖြေဆိုမှုထက် ပုဂ္ဂလိကကဏ္ဍက ဖြေဆိုသည့် လက်တွေ့အခြေအနေများကို အစီရင်ခံစာတွင် ထည့်သွင်းတွက်ချက်ခြင်းဖြစ်သည့်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဌာနဆိုင်ရာများက ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများကိုသိရှိပြီး စစ်တမ်းမေးခွန်းလွှာများကို ဖြေဆိုနိုင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်နှင့် လိုအပ်နေသည့် ပံ့ပိုးချိတ်ဆက်မှုများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကူညီဆောင်ရွက်ပေးသွားရန်ကိုလည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

၂၀၂၁ Doing Business အစီရင်ခံစာအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစီမံချက် (Reform Action Plan)များကိုလည်း သက်ဆိုင်ရာ အညွှန်းကိန်းအလိုက် အဖွဲ့များက ကဏ္ဍအလိုက် ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ e-Government စနစ်ကို ထိရောက်စွာဆောင်ရွက်နိုင်လျှင် အချိန်ကြာမြင့်မှုကို လျှော့ချနိုင်မှာဖြစ်သည့်အတွက် e-Government စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် များစွာအရေးကြီးပါကြောင်း။

မြန်မာနိုင်ငံ၏ Doing Business လုပ်ငန်းများကို ကူညီပံ့ပိုးပေးကြသည့် Australia's Department of Foreign Affairs and Trade (DFAT) နှင့် The United Kingdom's Department for International Development (DFID) တို့၏ထောက်ပံ့မှု၊ World Bank Group (IFC)၏ နည်းပညာအကူအညီပေးမှုတို့ကိုလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါကြောင်း။

**စာမျက်နှာ ၅ သို့** ❂

❖ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူမှ

ရောက်ရှိကြရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က ရေထွက်ပစ္စည်းများနှင့် ယင်းမှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြုလုပ်ထားသည့် ငါးဟင်းအမယ်များနှင့် ရေထွက်ပစ္စည်းများအား ဓာတ်ခွဲဆောင်ရွက်မှု အခြေအနေတို့ကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌက ဘက်စုံစီမံကိန်းဖြစ်ပေါ်လာမှု အခြေအနေများ၊ ရေထွက်ပစ္စည်းများ နိုင်ငံခြားတင်ပို့နိုင်ရန် ဆောင်ရွက်နေသည့် အခြေအနေများ၊ စီမံကိန်းဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုအခြေအနေများ၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ပံ့ပိုးညှိနှိုင်းပေးနိုင်ရေး**

ရှင်းလင်းတင်ပြချက်အပေါ် ဒုတိယသမ္မတက အောက်တိုဘာ ၉ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ယခုစီမံကိန်းအတွက် လျှပ်စစ်ဓာတ်အားနှင့် အခြားလိုအပ်ချက်များ တင်ပြချက်အရ နိုင်ငံတော်အနေဖြင့် လိုအပ်သည်များ ပံ့ပိုးညှိနှိုင်းပေးနိုင်ရေးအတွက် မြေပြင်အခြေအနေ ကွင်းဆင်းကြည့်ရှုရန် လာရောက်ခြင်းဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် လယ်ယာသားငါးကဏ္ဍသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရန် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ လယ်ယာထွက်သီးနှံများသည် ပြည်ပတင်ပို့ရောင်းချရာတွင် ဈေးကွက်ကန့်သတ်ချက် အနည်းနှင့်အများရှိသော်လည်း ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် လက်ရှိအခြေအနေသည် ဈေးကွက်အလားအလာ အကောင်းဆုံးအနေအထားတွင်ရှိပါကြောင်း။

**ရေချိုပိုင်ဆိုင်မှု အဆင့် ၁၄ ရှိ**

ထိုသို့ အလားအလာကောင်းသည့် ငါး၊ ပုစွန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ပါက တွေ့ကြုံနေရသည့် အခက်အခဲများ ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် မြစ်ကြီးလေးစင်း အပါအဝင် ရေချိုပိုင်ဆိုင်မှုသည် ကမ္ဘာ့နိုင်ငံများတွင် အဆင့် ၁၄ ရှိပါကြောင်း၊ ပင်လယ်ကမ်းရိုးတန်းအနေဖြင့်လည်း ၃၂၈၂ ကီလိုမီတာပိုင်ဆိုင်မှုရှိပြီး ကမ်းရိုးတန်း၏ ရေသန့်ရှင်းမှုအနေဖြင့် ကမ္ဘာ့နိုင်ငံများတွင် အဆင့်(၁၀)ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မဲခေါင်မြစ်ကြီး တစ်စင်းနှင့် မြန်မာနိုင်ငံမြေဧရိယာ၏ ၄၈ ရာခိုင်နှုန်းခန့်သာရှိသော်လည်း ငါးလုပ်ငန်းမှ ပြည်ပသို့ တင်ပို့သည့်တန်ဖိုးမှာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံခန့်ရှိသောကြောင့် မြန်မာနိုင်ငံမှ တင်ပို့နိုင်သည့်ပမာဏ အမေရိကန်ဒေါ်လာ သန်း ၇၀၀ နှင့် နှိုင်းယှဉ်ပါက ၁၂ ဆကျော် ပိုမိုရရှိသည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့နိုင်ငံသည် ရေထွက်ပစ္စည်း သဘာဝအရင်းအမြစ် သယံဇာတများစွာ ရှိသော်လည်း ငါး၊ ပုစွန်များ ဖမ်းဆီးရေးလုပ်ငန်းတွင်သော် လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းတွင်သော် လည်းကောင်း တန်ဖိုးမြှင့် Value added ထုတ်လုပ်ရာတွင်သော် လည်းကောင်း နိုင်ငံတကာနှင့်နှိုင်းယှဉ်ပါက ခေတ်မီနည်းစနစ်၊ နည်းပညာများစွာ လိုအပ်လျက်ရှိနေသေးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပန်းတနော်မြို့နယ်ရှိ Ayeyarwaddy Integrated Food Industry Complex ဘက်စုံစီမံကိန်း၌ ရေထွက်ပစ္စည်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြုလုပ်ထားသည့် ငါးဟင်းအမယ်များအား လေ့လာကြည့်ရှုစဉ်။

အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်ပြီး ရေထွက်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် သင့်လျော်သည့်နေရာများ ရွေးချယ်ပြီး ရေသတ္တဝါမွေးမြူရေးဇုန်များကို Master Plan ရေးဆွဲ၍ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ယခု ပန်းတနော် Ayeyarwaddy Integrated Food Industry Complex စီမံကိန်းသည်လည်း နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်ပြီး ငါးမွေးမြူရေးလုပ်ငန်းမှ တန်ဖိုးမြှင့်ထုတ်ကုန်များ စီးပွားဖြစ် တင်ပို့ရောင်းချနိုင်မည့် ကနဦးစီမံကိန်းတစ်ခုဖြစ်လာမည်ဟု မျှော်လင့်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိအကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားအတွက် ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှုအခြေအနေများနှင့် ဘက်စုံစီမံကိန်းအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရန် ဆောင်ရွက်ပေးမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက စီမံကိန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြကြရာ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် စီမံကိန်းဧရိယာအတွင်း ငါးစာကျွေးခြင်းလုပ်ငန်း၊ ရေချိုငါးသားဖောက်ခြင်းလုပ်ငန်း၊ ငါးတန်၊ ငါးဖြန်းကန်ကြပ်မွေးမြူခြင်းလုပ်ငန်း၊ ငါးပြုပြင်ထုတ်လုပ်မှုနှင့် အခဲခံစက်ရုံ၊ အအေးခန်းသိုလှောင်ရုံ တည်ဆောက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုကြသည်။

**အလုပ်အကိုင် အမြောက်အမြားပေါ်လာရေး ရည်ရွယ်**

Ayeyarwaddy Integrated Industry Complex အား ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ငါးမွေးမြူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ အေးခဲခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများကို ငါးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရေထွက်ပစ္စည်း တိုးတက်ထုတ်လုပ်နိုင်ရန်၊ စိုက်ပျိုးရေးထွက်ကုန်များ တန်ဖိုးမြှင့်ပြောင်းလဲထုတ်လုပ်ရန်၊ နိုင်ငံခြားပို့ကုန်ဝင်ငွေ (Export Earning) တိုးတက်လာနိုင်စေရန်၊ ကမ္ဘာ့လူသားများ စားနပ်ရိက္ခာ အထောက်အကူပြုသည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်လာစေရန်၊ နိုင်ငံ့ဝင်ငွေတိုးပြီး အခွန်ငွေများကို တိုးမြှင့်ရရှိစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ အမြောက်အမြားပေါ်လာစေရန် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘက်စုံစီမံကိန်းသည် လက်ရှိမြေဧက ၉၀၀ ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အလုပ်အကိုင် အခွင့်အလမ်း ၂၀၀၀ ကျော် ဖန်တီးပေးနိုင်ကြောင်း၊ စီမံကိန်းပြီးစီးမည့် နောက်(၅)နှစ်တွင် အလုပ်အကိုင် ၆၀၀၀ ကျော် ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ထုတ်လုပ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်ရှိမည်ဟု ခန့်မှန်းသဖြင့် အရှေ့တောင်အာရှတွင် အကြီးမားဆုံးငါးမွေးမြူရေးစီမံကိန်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဘက်စုံစီမံကိန်းတွင် ပါဝင်သည့် လုပ်ငန်းစဉ်များအနေဖြင့် ငါးသားပေါက်စခန်းတည်ထောင်ခြင်း၊ အသားတိုးမွေးမြူခြင်း၊ ငါးပြုပြင်ထုတ်လုပ်မှုနှင့် အခဲခံစက်ရုံနှင့် အအေးခန်းသိုလှောင်ရုံတည်ဆောက်ခြင်း၊ ငါးပေါင်းမှုန့်စက်ရုံတည်ဆောက်ခြင်း၊ ငါးအစာစက်ရုံတည်ဆောက်ခြင်း၊ ငါးရောဂါ၊ ရေအရည်အသွေး၊ အစာအရည်အသွေး၊ မျိုးရိုးဗီဇ၊ အစားအသောက်နှင့်ပတ်သက်သည့် လုပ်ငန်းများ စမ်းသပ်ရန်ပါဝင်သော Laboratory တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာနှင့် ရုံးအဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းနှင့်လုံခြုံရေးစနစ်၊ ခြံစည်းရိုးများတည်ဆောက်ခြင်း၊ အရောင်းစင်တာများဖွင့်လှစ်ခြင်းနှင့် CSR အနေဖြင့် ဝန်ထမ်းမိသားစုများ စားဝတ်နေရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအပြင် စီမံကိန်းအနီးရှိ ကျေးလက်ဒေသ တောင်သူလယ်သမား ငါးမွေးမြူတောင်သူများ နည်းပညာများ ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပန်းတနော်မြို့နယ်ရှိ Ayeyarwaddy Integrated Food Industry Complex ဘက်စုံစီမံကိန်း၌ ရေချိုငါးသားဖောက်ခြင်းလုပ်ငန်းအား လေ့လာကြည့်ရှုစဉ်။

❂ စာမျက်နှာ ၄ မှ

ပုဂ္ဂလိကကဏ္ဍကလည်း ပြုပြင်ပြောင်းလဲမှုများကို လေ့လာပြီး အကြံပြုချက်များကိုလည်း ပေးစေလိုပါကြောင်း၊ လက်ရှိအခြေအနေအထိ တိုးတက်လာအောင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ အကူအညီပေးသော နိုင်ငံတကာအဖွဲ့အစည်းများအားလုံးကို အထူးကျေးဇူးတင် အသိအမှတ်ပြုပါကြောင်းနှင့် ဆက်လက်အားပေး ပူးပေါင်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် International Finance Corporation ( IFC )မှ Regional Director Mr. Vivek Pathak က Doing Business 2020 Report နှင့်စပ်လျဉ်း၍ သဘောထားအမြင်များကို ရှင်းလင်းပြောကြားပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး တို့ထံ Doing Business 2020 အစီရင်ခံစာ စာအုပ်ကို ပေးအပ်သည်။

ယင်းနောက် The United Kingdom's Department for International Development (DFID) မှ အကြီးအကဲ Mr. Rurik Marsden က အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး အခမ်းအနားအစီအစဉ် ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးက Ease of Doing Business Ranking တိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နေမှုများအပေါ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု ၂၀၂၀ အစီရင်ခံစာတွင် အဆင့်တိုးတက်ပြုပြင်ပြောင်းလဲမှုများ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့် အညွှန်းကိန်း(၅)ခုနှင့် ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ယတာဂရစုငှက်တို့အတွက် အောင်မြင်မှုကို အားဖြည့်ပေးခဲ့ဖူးသူ မြန်မာနိုင်ငံသား ဘောလုံးနည်းပြ ဦးကျော်ဒင်

— ခင်ရတနာ —

ဂျပန်ဒဏ္ဍာရီတွင် ကေရာဇ်ဘုရင် ဂျင်မူကို ကူမာနိုတောင်သို့ လမ်းပြခေါ်ဆောင်ခဲ့သည့် ယတာဂရစု(Yatagarasu) ခေါ် ခြေထောက်သုံးချောင်းနှင့် ကျီးနက်ကြီးတစ်ကောင်ရှိသည်။ သူသည် ရှင်တိုနေနတ်သမီး အာမာတဲရာစု၏ စေတမန်လည်းဖြစ်သည်။ ကျီးကန်းကြီး ယတာဂရစုက ဂျပန်၏ အမှတ်သင်္ကေတလည်းဖြစ်သည်။ ဂျပန် အမျိုးသားဘောလုံးအသင်း (Japan National Football Team)၏တံဆိပ်မှာ ယတာဂရစုကျီးငှက်က ဘောလုံးအနီကို ကိုင်ထားသည့် အမှတ်တံဆိပ်ဖြစ်သည်။ ထိုဂျပန် လက်ရွေးစင်ဘောလုံးအသင်း အောင်မြင်မှုများ၏ မူလအစ ဂျပန်ဘောလုံးဖခင်များတွင် မြန်မာလူမျိုးတစ်ဦး ထူးထူးခြားခြား ပါဝင်ပတ်သက်လျက်ရှိသည်။ ဂျပန်လူမျိုးတို့သည် ထိုသူကို လေးစားချစ်ခင်သည်။ ထိုသူ၏ မိသားစုဝင်များကို သိရှိဆက်သွယ်ကာ ကျေးဇူးတင်လိုကြသည်။ ဂျပန်လူမျိုးများ၏ မိတ်ဆွေကြီးကား ဦးကျော်ဒင်ဟု အမည်ရပါသည်။

“ဂျပန်ဘောလုံးအားကစားကို ကြီးမားတဲ့အကျိုးသက်ရောက်မှုတွေ ပေးစွမ်းခဲ့တဲ့ ဦးကျော်ဒင်နဲ့ သူ့ရဲ့မိခင်မြန်မာနိုင်ငံအား ကျေးဇူးတင်လျက်ပါ” ဟူသည့်စာသားပါသော ဗီနိုင်းကားချပ်ကို ကိုင်မြှောက်ကာ အားပေးလျက်ရှိသည့် ဂျပန်လူမျိုးဘောလုံးဝါသနာရှင်များကို စက်တင်ဘာလ ၁၁ ရက်နေ့က ကျင်းပသည့် ၂၀၂၂ ဖီဖာ၏ ကမ္ဘာ့ဖလား အာရှဒုတိယအဆင့်ခြေစစ်ပွဲ မြန်မာနှင့် ဂျပန်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည့် ပွဲစဉ်တွင် မြင်တွေ့ရသည်။

အဆိုပါပြိုင်ပွဲတွင် ဂျပန်အသင်းသည် မြန်မာအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ ပွဲစဉ်ပြီးဆုံးသည်အထိ အနိုင်ရသည့် ဂျပန်လက်ရွေးစင်ဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတို့က အစွမ်းကုန်ယှဉ်ပြိုင်သွားကြသည်။ ဂျပန်လူမျိုးများက သူတို့အသင်းကို အားပေးကြသည်။ သို့သော် သူတို့ ဘာကြောင့် နှစ်နိုင်ငံအလံနှင့် မြန်မာအမျိုးသား ဦးကျော်ဒင်ပုံပါ ဗီနိုင်းကို ကိုင်မြှောက်အားပေးခဲ့ကြသလဲ ဆိုသည်ကို မသိကြသေးသူများအတွက် ဦးကျော်ဒင်ဆိုသူက ဘယ်သူဖြစ်ပြီး ဂျပန်လူမျိုးများ ဘာကြောင့် ဦးကျော်ဒင်ကို ကျေးဇူးတင်ကြသည်ဟူသည့် အချက်အလက်များကို စုစည်းကြည့်မိသည်။

### အားပေးဂုဏ်ပြု

“ဦးကျော်ဒင်က ကျွန်တော်တို့ ဂျပန်လူမျိုးတွေကို ဘောလုံးအားကစားနည်း သင်ကြားပေးတဲ့ လက်ဦးဆရာတွေထဲမှာ ပါဝင်ပါတယ်။ အဲဒီနေ့က ဖြစ်နိုင်မယ်ဆိုရင် ဦးကျော်ဒင်ရဲ့အမည်နဲ့ ဓာတ်ပုံပါတဲ့ တီရှပ်တွေဝတ်ဖို့အထိ စဉ်းစားပေမယ့် အချိန်နီးကပ်တာကြောင့် ဗီနိုင်းထုတ်ပြီးတော့သာ အားပေးဂုဏ်ပြုခဲ့ရတယ်”ဟု မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချီရိုမာရူယားမားက ပြောသည်။

ဦးကျော်ဒင်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၉၉ နှစ်က ဂျပန်နိုင်ငံရှိ ဂျပန်လူငယ်များကို စနစ်ကျသည့် ဘောလုံးအားကစားနည်းများ လက်ဆင့်ကမ်းပေးခဲ့သူ ပုဂ္ဂိုလ်ကြီးတစ်ဦးပင် ဖြစ်ပါသည်။ ဂျပန်လူမျိုးများအား ဘောလုံးလောကတွင် ကမ္ဘာ့အဆင့်မီ နည်းစနစ်ကျနအောင် သင်ကြားပေးခဲ့သည့် လက်ဦးဆရာ လေးဦးအနက် အာရှတိုက်ဖွား မြန်မာနိုင်ငံသား ရခိုင်တိုင်းရင်းသား ဦးကျော်ဒင်လည်း အပါအဝင်ဖြစ်သည်။

၁၉၂၀ ပြည့်နှစ်တွင် ဦးကျော်ဒင်သည် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ သူသည် တိုကျိုစက်မှုလက်မှုပညာသင်ကျောင်း (Tokyo Industrial Technology) တွင် စက်မှုပညာကို သင်ယူခဲ့သော ကျောင်းသားတစ်ဦးဖြစ်သည်။ အားကစားကလောင်ရှင် ခင်မောင်ထွေး (ပျဉ်းမနား)၏ သားဖြစ်သူ ဦးမျိုးကြီး၏ ၂၀၁၆ ခုနှစ်က Tomorrow ဂျာနယ်တွင် ဖော်ပြခဲ့သော ဆောင်းပါးပါ အချက်အလက်များအရ ဦးကျော်ဒင်က ယင်းခေတ် စိန့်ဂျွန်းကောလိပ်မှကျောင်းသားတစ်ဦးဖြစ်နိုင်ပြီး ဆရာတော်ဦးဥတ္တမ၏ အစီအစဉ်ဖြင့် ဂျပန်နိုင်ငံသို့ စက်မှုပညာသင်ယူရန်အတွက် ရောက်ရှိခဲ့ခြင်းဖြစ်နိုင်ကြောင်း သိရှိရသည်။



ဂျပန်ဘောလုံးသမိုင်းပြတိုက်တွင် ထားရှိသည့် မြန်မာနိုင်ငံသား ဦးကျော်ဒင်ရုပ်တုကိုတွေ့ရစဉ်။

ဦးကျော်ဒင်ကို ၁၉၀၀ ပြည့်နှစ် ဇွန်လတွင် မွေးဖွားခဲ့သည်ဟု အဆိုပါပြတိုက်အတွင်း မှတ်တမ်းတင်ထားခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံသို့ စက်မှုပညာသင်ယူရန်အတွက် ရောက်ရှိခဲ့သူဖြစ်သည်။ သူသည် Tokyo Industrial Technology စက်မှုလက်မှု ပညာသင်ကျောင်းတွင် ပညာသင်ကြားရင်း ဂျပန်လူငယ်ဘောလုံးဝါသနာရှင်များအား ဘောလုံးကို တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်ပေးယူကစားနည်း အပါအဝင် ဘောလုံးနည်းစနစ်ကို စာတွေ့၊ လက်တွေ့ဖြင့် စိတ်အားထက်သန်စွာ သင်ကြားပေးခဲ့သူလည်းဖြစ်

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ ရုပ်ရှင်သမိုင်းဆိုင်ရာ လေ့လာမှုများနှင့် တိုကျိုရုပ်ရှင်ပွဲတော်သို့ တက်ရောက်စဉ်ကာလအတွင်း အောက်တိုဘာလ ၂၆ ရက်နေ့က ဂျပန်နိုင်ငံ တိုကျိုမြို့ အိုချမ်းနောမိစုအရပ်က ဂျပန်ဘောလုံးသမိုင်းပြတိုက်ကို သွားရောက်ဖြစ်ခဲ့ပါသည်။ သပ်ရပ်လှပသည့် ဂျပန်ဘောလုံးသမိုင်းပြတိုက်သည် လူစည်ကားသည့် နေရာတစ်ခုဖြစ်ပြီး စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဝင်လျှင်ဝင်ချင်း ဂျပန်လက်ရွေးစင်ဘောလုံးအသင်းသားများ၏ တူညီဝတ်စုံများဖြင့် ပွဲမစခင် ဆုတောင်းသည့် ရုပ်တုများကို မြင်ရသည်။ ထို့ပြင် ကမ္ဘာ့ဖလားအပါအဝင် နှစ်အလိုက်ရရှိခဲ့သည့် ဆုတံဆိပ်ဖလားများ၊ လက်ရွေးစင်အသင်း၏ အမှတ်တရ ရွှေရောင်နေ့ရက်များစွာတို့၏ ပုံရိပ်များကို ဖော်ပြထားသည်။

### မြန်မာနိုင်ငံသား ဦးကျော်ဒင်၏ ရုပ်တု

ပြတိုက်၏ Japan Football Hall of Fame ခန်းမအတွင်း ရုပ်တုပေါင်း ၇၇ ခုခန့်ရှိသည်။ ထိုသူများသည် ဂျပန်ဘောလုံးလောက၏အရေးကြီးသည့် ပုဂ္ဂိုလ်များအဖြစ် ပြခန်း၏ အရေးကြီးဆုံးနေရာတွင် ခန့်ထည်စွာ ပြသထားခြင်းဖြစ်သည်။ ဂျပန်လူမျိုးအများအပြား ပါဝင်သည့် ယင်းရုပ်တုများအနက် နိုင်ငံခြားသား ခုနစ်ဦးပါဝင်ပြီး ယင်းတို့တွင် အာရှတိုက်သားတစ်ဦးသည် စာရေးသူတို့ မြန်မာနိုင်ငံသား ဦးကျော်ဒင်၏ ရုပ်တုပင် ဖြစ်ပါသည်။

### ဦးကျော်ဒင်

ဦးကျော်ဒင်ကို ၁၉၀၀ ပြည့်နှစ် ဇွန်လတွင် မွေးဖွားခဲ့သည်ဟု အဆိုပါပြတိုက် အတွင်း မှတ်တမ်းတင်ထားခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံသို့ စက်မှုပညာ သင်ယူရန်အတွက် ရောက်ရှိခဲ့သူဖြစ်သည်။ သူသည် Tokyo Industrial Technology စက်မှုလက်မှု ပညာသင်ကျောင်း (Tokyo Koto Kogyo Gako)တွင် ပညာသင်ကြားရင်း ဂျပန်လူငယ် ဘောလုံးဝါသနာရှင်များအား ဘောလုံးကို တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်ပေးယူ ကစားနည်း အပါအဝင် ဘောလုံးနည်းစနစ်ကို စာတွေ့၊ လက်တွေ့ဖြင့် စိတ်အားထက်သန်စွာ သင်ကြားပေးခဲ့သူလည်း ဖြစ်သည်။

၁၉၂၃ ဂျပန်နိုင်ငံ ခန်တိုဒေသတွင် ငလျင်ဘေး ပြင်းထန်စွာခံစားခဲ့ရပြီး ဦးကျော်ဒင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသည် ပြိုကျပျက်စီးခဲ့သည်။ ပညာဆက်လက်သင်ကြားရန် ကြန့်ကြာလျက်ရှိသည့် ဦးကျော်ဒင်သည် မိမိ၏ အချိန်များစွာကို ဂျပန်လူငယ်များ၏ ဘောလုံးဝါသနာအတွက် ဆက်လက်ပံ့ပိုးပေးခဲ့သည်။ ဘောလုံးနည်းပြအဖြစ် ဂျပန်လူငယ်များအား စုစည်းသင်ကြားပေးခဲ့ရာ များစွာသော ဂျပန်လူငယ်များသည် ဘောလုံးနည်းစနစ်များကို အသားကျလာခဲ့သည်။




ဦးကျော်ဒင်၏ မိသားစုဝင်များအား ဆက်သွယ်နိုင်ရန် ကြော်ငြာစဉ်။

ဦးကျော်ဒင်သည် ဖြတ်ယူလူပေး စသည့်အခြေခံဘောလုံးနည်းစနစ်များမှအစပြု၍ Short Passing Tactics အထိ ဂျပန်လူငယ်တို့အား စာတွေ့၊ လက်တွေ့ သင်ကြားပေးသဖြင့် ဂျပန်ဘောလုံးဝါသနာရှင် လူငယ်ကလေးများသည် နည်းပြဦးကျော်ဒင်အား လေးစားချစ်ခင်၍ နည်းပြ၏ အပင်ပန်းခံသင်ကြားမှုကို လိုက်နာခဲ့ကြသည်။ အပျော်တမ်းအဖြစ် ဖွဲ့စည်းထားသည့် ကျောင်းဘောလုံးအသင်းအများအပြားက ဦးကျော်ဒင်ကို နည်းပြအဖြစ် သင်ကြားပေးရန် ခေါ်ယူကြသည့်အတွက် အားလုံးအတွက် ရည်ရွယ်ကာ ဦးကျော်ဒင်က ၁၉၂၃ ခုနှစ်တွင် How to Play Association Football ဟူသည့် ဘောလုံးနည်းစနစ်ပိုင်းဆိုင်ရာ စာအုပ်တစ်အုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ပြီး သူ၏တပည့်များက ဂျပန်ဘာသာဖြင့် ပြန်ဆိုပေးခဲ့ကြသည်။

ဦးကျော်ဒင်၏အဆိုအရ သူပြန်လည်မျှဝေသည့် ဘောလုံးနည်းစနစ်သည် စကော့တလန်နည်းစနစ်ဖြစ်ကြောင်း ဂျပန်အမျိုးသား ဘောလုံးပြတိုက်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ဦးမျိုးကြီး၏ ဆောင်းပါးတွင်လည်း မြန်မာဘောလုံးအားကစားကို စနစ်တကျသင်ကြားပေးခဲ့သူသည် စိန့်ဂျွန်းတက္ကသိုလ်ကျောင်းအုပ်ကြီး မစ္စတာ George Scott ဖြစ်ကာ ဘောလုံးပညာကို ပထမဆုံး မိတ်ဆက်ခဲ့သူမှာလည်း ၎င်းပင်ဖြစ်ကြောင်း ဦးကျော်ဒင်စာအုပ်တွင် ရေးသားသည်ဟု ဖော်ပြထားသည်။



၂၀၂၂ ဖီဖာ၏ ကမ္ဘာ့ဖလား အာရှဒုတိယအဆင့်ခြေစစ်ပွဲ မြန်မာနှင့် ဂျပန်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည့် ပွဲစဉ်တွင် ဂျပန်ပရိသတ်များ ဦးကျော်ဒင်အား ကျေးဇူးတင်ရှိကြောင်း ဗီနိုင်းကားချပ်ကို ကိုင်မြှောက် အားပေးစဉ်။

စာမျက်နှာ ၇ သို့ ❖

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) နော်ဝေဒုက္ခသည်ကောင်စီ (NRC)၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Jan Egeland အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) နော်ဝေဒုက္ခသည်ကောင်စီ (NRC) ၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Jan Egeland နှင့်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံရာတွင် ဒုက္ခသည်စခန်းများ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး၊ နေရပ်စွန့်ခွာသူများအား မူလနေရာပြန်လည်နေထိုင်နိုင်ရေးနှင့် လူမှုဘဝတိုးတက်ရေးတို့အတွက် ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် နယ်မြေဒေသအလိုက် ဖြစ်ပေါ်လျက်ရှိသည့် လုံခြုံရေးဆိုင်ရာအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) နော်ဝေဒုက္ခသည်ကောင်စီ (NRC) ၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Jan Egeland အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီအစည်းအဝေး တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁**

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏(၃/၂၀၁၉)အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယခင်အစည်းအဝေးများ၏ဆုံးဖြတ်ချက်များအရ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ




ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီဖွဲ့စည်း၍ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ကလေးသူငယ်များရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အစောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့် စသည့်အခွင့်အရေးများအား ရေးဆွဲခဲ့ပါကြောင်း၊ ကော်မတီတွင် လုပ်ငန်းတာဝန် (၁၀) ရပ်ရှိပြီး လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအား ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရန် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေးကို တပ်မတော်အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးသူငယ်များအား ကာကွယ်ရေးနှင့်စပ်လျဉ်းသည့် အသိပညာပေးမှုများ ဆောင်ရွက်ရန်လိုအပ်ပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လုပ်ငန်းကော်မတီအနေဖြင့် United Nation Country Task Force on Monitoring and Reporting (UNCTFMR) နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီအနေဖြင့် ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ဆောင်ရွက်လျက်ရှိပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်သည့်လုပ်ရပ်များကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Country Task Force Monitoring and Reporting – CTFMR အဖွဲ့၏ အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများက အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အပေါ် အကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

၂၀၀၇ ခုနှစ်တွင် ဦးကျော်ဒင်၏ ရုပ်တု၊ ဦးကျော်ဒင်၏ သမိုင်းကြောင်းနှင့် ဦးကျော်ဒင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် How to Play Association Football စာအုပ်ကို ဂျပန်ဘောလုံးမော်ကွန်းပြတိုက်တွင် နေရာပေးကျေးဇူးပြုထားသည်။

**လက်လှမ်းမီသလောက် ဆက်သွယ်လျက်ရှိ**

ဦးကျော်ဒင်၏ ပုံတူသည် ပြတိုက်အတွင်းဝယ် ခံ့ညားစွာ တည်ရှိသည်။ မြန်မာလူမျိုး အများစုသည် ဂျပန်နိုင်ငံသို့ အလည်အပတ် သွားရောက်ရာတွင် ဘောလုံးပြတိုက်ရှိ ဦးကျော်ဒင်ရုပ်တုရှိရာသို့ သွားရောက်ဂါရဝပြုကြသကဲ့သို့ ဂျပန်တို့သည်လည်း မြန်မာနိုင်ငံသို့ လာရောက်မှုများတွင် ဦးကျော်ဒင်၏ ကျန်ရှိနေသော မိသားစုကို နှုတ်ဆက် ကျေးဇူးတင်စကားပြောလိုသဖြင့် လက်လှမ်းမီသလောက် ဆက်သွယ်လျက်ရှိကြသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်က ဦးကျော်ဒင် ရှာပုံတော်ကို ဂျပန်သတင်းဌာန NHK က လက်လှမ်းမီသမျှ အားကစားကလောင်ရှင်အချို့ကို မေးမြန်းတင်ဆက်ပေးထားသကဲ့သို့ အခြားရုပ်သံလိုင်းများကလည်း တင်ဆက်ကြသည်။ အချို့က ဦးကျော်ဒင်၏ ဆွေမျိုးမိသားစုများသည် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ကြသည်ဟူ၍လည်း ပြောဆိုကြကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက ပြောပြသည်။ ဦးကျော်ဒင်၏ ဆွေမျိုးမိသားစုများကို ရှာဖွေရန်အတွက် ဂျပန်တို့သည် ယနေ့တိုင် ကြိုးစားနေကြဆဲ ဖြစ်သည်။ ဂျပန်သံအမတ်ကြီးကလည်း "အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ ဂျပန်သံရုံးကလည်း ဦးကျော်ဒင်ရဲ့ ကျန်ရှိနေတဲ့ မိသားစုဝင်တွေကို ဆက်သွယ်နိုင်ဖို့ ကြိုးပမ်းပါတယ်။ ဒါပေမယ့် လုံးဝမတွေ့ရှိပါဘူး။ ကျွန်တော်တို့ ဂျပန်တွေကတော့ ဦးကျော်ဒင်ကို အခုထိ ကျေးဇူးတင်ကြတယ်။ သူ့ရဲ့ကျေးဇူးတွေဟာ ဂျပန်ဘောလုံးလောကမှာ အလွန်ကြီးမားပါတယ်"ဟု ထပ်လောင်းပြောကြားသည်။

ဦးကျော်ဒင်၏ သမိုင်းသည် ဂျပန်ဘောလုံးမော်ကွန်းပြတိုက်တွင် ထိုအထိသာ ပါရှိပါသည်။ ၁၉၂၅ ခုနှစ်တွင် ၎င်းသည် မြန်မာနိုင်ငံသို့ ပြန်သွားခဲ့သည်ဟူ၍သာ အဆုံးသတ်ထားသည်။ အားကစားကလောင်ရှင် ဆရာဦးခင်မောင်ထွေး(ပျဉ်းမနား) ရေးသားသည့် အချက်အလက်များတွင်တော့ ဦးကျော်ဒင်သည် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ၁၉၄၅ ခုနှစ်အထိ မည်သည့်သတင်းမျှ မရရှိတော့ကြောင်း၊ ၁၉၄၇ ခုနှစ်ဝန်းကျင်တွင် ကချင်အမျိုးသားခေါင်းဆောင်ကြီး ဆမားဒူးဝါးဆင်ဝါးနောင်၏ စက်မှုလုပ်ငန်းဖြစ်သော သံရည်ကျိုလုပ်ငန်းတွင် စက်ရုံမှူးအဖြစ် လုပ်ကိုင်လျက်ရှိကြောင်း၊ ၁၉၆၇ ခုနှစ် စက်မှုလုပ်ငန်းများ ပြည်သူပိုင်သိမ်းသည့်ကာလတွင် အဆက်အသွယ် ပြတ်တောက်သွားခဲ့ကြောင်း ရေးသားထားသည်ကို ဖတ်ရှုရသည်။

**ရွှေရောင်နေ့ရက်များ အစခရီး**

၁၉၂၀ ပြည့်လွန်နှစ်က အတော်လေး လှုပ်ရှားသက်ဝင်လာခဲ့သည့် ဂျပန်ဘောလုံးလောကသည် ဒေသဆိုင်ရာ ပြိုင်ပွဲများစွာကို ကျင်းပခဲ့ပြီး ဦးကျော်ဒင် မြန်မာနိုင်ငံသို့ ပြန်သွားပြီးစအချိန် ၁၉၃၀ ပြည့်နှစ်ဝန်းကျင်တွင် အတော်လေး တွင်ကျယ်လာခဲ့သည်။ ယင်းနှစ်တွင် ဂျပန်အမျိုးသားဘောလုံးအသင်းကို ဖွဲ့စည်းနိုင်ခဲ့ပြီး ဂျပန်အမျိုးသားအသင်းသည် ၁၉၃၆ ဘာလင်အိုလံပစ်ပြိုင်ပွဲတွင် ပါဝင်ခွင့်ရရှိခဲ့ပြီး အင်အားကြီးသော ဆွီဒင်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းသည် ဂျပန်ဘောလုံးသမိုင်း၏ ရွှေရောင်နေ့ရက်များအစ ခရီးပင်ဖြစ်သည်။

ဦးကျော်ဒင်ကို ၁၉၀၀ ပြည့်နှစ်တွင် မွေးဖွားခဲ့သည်ဟူသည့် အချက်အလက်အရ နှစ်ပေါင်း ၁၁၉ နှစ်ခန့်ရှိနေပြီ။ သူ၏သားသမီးများပင် ပင်စင်စားအရွယ်များဖြစ်လောက်မည်ဟု ခန့်မှန်းရသည်။ ဂျပန်သံရုံးက သူ၏မိသားစုနှင့် အဆက်အသွယ်ရရှိရန် သတင်းဌာနများမှတစ်ဆင့်ပင် ကြော်ငြာများ ထည့်သွင်းဖူးခဲ့သည်။ သို့သော် ရှာလေဝေးနေမြဲပင်ဖြစ်သည်။

ဦးကျော်ဒင်သည် ဂျပန်လူမျိုးတို့အား ၎င်းစိတ်ဝင်တစား သင်ယူတတ်မြောက်သည့် ဘောလုံးနည်းစနစ်များကို ပေးခဲ့ခြင်းမှာ ဂျပန်လူမျိုးတို့သည် သူ့အား စက်မှုလက်မှုဘာသာရပ်ကို သင်ကြားပေးခဲ့သဖြင့် ကျေးဇူးတုံ့ပြန်လိုဟန်ရှိသည်ကို သူရေးသားခဲ့သည့် ဘောလုံးနည်းစနစ်စာအုပ်ကလေးက သက်သေထူနေသည်။ အခွင့်အရေးရှိလျှင်ရှိသလို ဂျပန်ဘောလုံးလောကအတွက် သူတတ်စွမ်းသမျှ ကျေးဇူးပြုခဲ့သည်။ ယခုတစ်ဖန် ဂျပန်လူမျိုးများကလည်း သူတို့အတွက် ဘောလုံးတစ်ခေတ်ဆန်းစေရန် ကူညီပေးခဲ့သူ ဦးကျော်ဒင်အား အောက်မေ့သတိရခြင်းကို မြန်မာ-ဂျပန် ဘောလုံးပြိုင်ပွဲတွင် ထုတ်ဖော်ပြသကြသည်။

**သမိုင်းမော်ကွန်းတင်**

ဂျပန်နှင့် မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးခဲ့သည့် ဆက်ဆံရေးရှိသည်။ ယနေ့အထိတိုင်လည်း ဂျပန်တို့က မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အားကစား စသည့်ကဏ္ဍအသီးသီးတို့တွင် ကူညီပေးလျက်ရှိရာ ဘောလုံးနည်းပြ ဦးကျော်ဒင်နှင့် ဂျပန်ဘောလုံး သမိုင်းမော်ကွန်းတင်မှုသည် အပြန်အလှန်ရိုင်းပင်းကူညီ ဆက်ဆံမှုများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် တည်တံ့နေမည်သာ ဖြစ်ပါတော့သည်။ ။

# ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁**
ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း

### နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)

### နော်ဝေဒုက္ခသည်ကောင်စီ၏ အထွေထွေအတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁**
ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) နော်ဝေဒုက္ခသည်ကောင်စီ (NRC)၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Jan Egeland အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ နေရပ်စွန့်ခွာသူများ၏ စခန်းကိစ္စနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ၊ မိုင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁**
ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၇)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် ဝန်ကြီးဌာန ၁၂ ခုမှ ကိုယ်စားလှယ်များ၊ ကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်းကျောင်းသားများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။



**ဆောင်ရွက်လျက်ရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် "နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသများတွင်နေထိုင်ကြသည့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး" ဟူ၍ မူဝါဒ (၄) ရပ်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအား အခြေခံ၊ အဆင့်မြင့်ပညာရပ်များ လေ့ကျင့်သင်ကြားပေးပြီး နယ်စပ်ဒေသများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တိုင်းရင်းသားများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)နှင့် (စစ်ကိုင်း)တို့ကို ထူထောင်ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)ကို ၂၀၀၀ ပြည့်နှစ် ဇွန် ၁၅ ရက်နေ့ စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အချိန်အထိ ဝိဇ္ဇာဘွဲ့ရ ၄၉၇ ဦး၊ သိပ္ပံဘွဲ့ရ ၁၂၁၁ ဦးနဲ့ A.G.T.I ဘွဲ့ရ ၆၅၅ ဦး၊ B.Tech ဘွဲ့ရ ၁၃၅ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၄၉၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ အရည်အချင်းပြည့်မီ၍ ဆက်လက်သင်ယူလေ့လာခဲ့ကြရာ Ph.D ဘွဲ့ရသူ ၁၄ ဦး၊ မဟာသုတေသနဘွဲ့ရ ၅၅ ဦး၊ မဟာဝိဇ္ဇာဘွဲ့ရသူ ၆၅ ဦး၊ မဟာသိပ္ပံဘွဲ့ရ ၁၂၂ ဦး၊ M.E ဘွဲ့ရသူ ၁၅ ဦး၊ B.E ဘွဲ့ရသူ ၃၀၁ ဦး၊ B.Tech ဘွဲ့ရသူ ၃၂၆ ဦး ရှိပြီဖြစ်ကြောင်း။

သင်တန်းဆင်း ကျောင်းသားများအနေဖြင့် တာဝန်ကျရာ ဒေသများတွင် မိမိတို့၏ ဌာနတာဝန်များအပြင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန်၊ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးကင်းစင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ မိမိတို့တာဝန်ကျရာဒေသများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ရပါက စနစ်တကျ တုံ့ပြန်ဆောင်ရွက်ရေး၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များမှာလည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ဝိဇ္ဇာဘာသာရပ် ထူးချွန်ဆုရကျောင်းသား၊ သိပ္ပံဘာသာရပ် ထူးချွန်ဆုရကျောင်းသားများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက A.G.T.I ဒီပလိုမာထူးချွန်ဆုရကျောင်းသားကို လည်းကောင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ဝန်ကြီးဌာန ၁၂ ခုတို့မှ ကိုယ်စားလှယ်များက ဝန်ကြီးဌာနအသီးသီးသို့ အလုပ်တာဝန် ခန့်အပ်ခြင်းခံရသော သင်တန်းဆင်းကျောင်းသား ၁၉၅ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်းကျောင်းသားများနှင့် ၎င်းတို့၏ မိဘများကို ခင်မင်ရင်းနှီးစွာနှုတ်ဆက်ပြီး ဘွဲ့နှင်းသဘင်ဧည့်ခန်း၌ ထူးချွန်ဆုရကျောင်းသားများအား အားပေးစကား ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က သင်တန်းဆင်းကျောင်းသားများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ယနေ့ကျင်းပသော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ် (၁၇) သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ဝိဇ္ဇာဘွဲ့ ၄၈ ဦး၊ သိပ္ပံဘွဲ့ ၈၄ ဦးနှင့် A.G.T.I ဒီပလိုမာ ၆၃ ဦး၊ တိုင်းရင်းသားလူငယ် စုစုပေါင်း ၁၉၅ ဦး တက်ရောက်အောင်မြင်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းဝင်းအတွင်း၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် လေးထပ်စာသင်ဆောင်နှင့် စုပေါင်းစာသင်ခန်းမ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့၌ စာရေးသူများ၏ ရသစာဖတ်ဝိုင်း ရာသီ(၂) ပွဲစဉ် (၃၁) ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**
စာရေးသူများ၏ ရသစာဖတ်ဝိုင်း ရာသီ (၂) ပွဲစဉ် (၃၁)ကို ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် (၂၁၂) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆရာမဂျူးရေးသားခဲ့သော နာရီပြင်ဆရာ၏ အိမ်နီးချင်းချစ်ခြင်း၊ အနုပညာ၊ တောင်တန်းကြီးတွေ အရောင်ပြောင်းသွားတဲ့အခါ၊ ဝတ္ထုသုံးပုဒ်ကို ရသစာဖတ်ဝိုင်းမှ ဖတ်ကြားကာ ရသဝတ်မှုန်ကူးခြင်း အစီအစဉ်အဖြစ် ဖန်တီးသူဆရာမဂျူးနှင့် ခံစားသူတို့၏ ရသအမြင်များ အပြန်အလှန်ဆွေးနွေးကြမည်ဖြစ်ပြီး ရသစာပေမြတ်နိုးသူ မည်သူမဆို ပူးပေါင်းပါဝင်တက်ရောက်နိုင်ကြောင်း သိရသည်။

စာရေးသူများ၏ ရသစာဖတ်ဝိုင်းတွင် ရသစာပေ ကဗျာဖန်တီးသူများပါဝင်ပြီး သာမန်ဖတ်ကြားမှုပုံစံသာမက ဇာတ်လမ်းအသွင်၊ ဂီတကဗျာအသွင် ခင်းကျင်းသရုပ်ဖော်ခြင်း၊ ဖန်တီးသူစာရေးဆရာနှင့် ခံစားသူပရိသတ်အမြင်ဖလှယ်မှုများပါ ထည့်သွင်းကျင်းပနေခြင်းဖြစ်သည်။ ၁၈-၈-၂၀၁၃ ရက်တွင် ပထမဆုံးစာဖတ်ဝိုင်းကို ရန်ကုန်ဘူတာကြီး၌ ကျင်းပခဲ့ပြီး ၂၀၁၅ နှစ်ကုန်အထိ စာပေပွဲတော်များ၊ ပရဟိတပွဲများ၊ အလှူပွဲများအပါအဝင် စုစုပေါင်း ၅၆ ပွဲကို ရာသီ (၁) အဖြစ် ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# ချောင်းသာမြို့ ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပုသိမ် နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ် ပံ့ပိုးမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့်ခရိုင်/မြို့နယ်စီမံခန့်ခွဲမှု ကော်မတီတို့ ပူးပေါင်းစီစဉ် ကျင်းပသော ပုသိမ်မြို့နယ် ချောင်းသာကလေး စာပေပွဲတော် စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေး ရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချောင်းသာ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေး သည်။

ရှေးဦးစွာ ကလေးစာပေပွဲတော်စာအုပ် စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဧရာဝတီတိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစန်းထွေး၊ စည်ပင် သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ လူမှုရေးဝန် ကြီး ဒေါက်တာလှမြတ်သွေး၊ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဂျဲမိုးမြတ်မြတ်သူ၊ တိုင်း ဒေသကြီး ပညာရေးမှူး ဦးကျော်ဝင်း၊ လူရည် ချွန် ကျောင်းသူ မထက်ရွှေဝင်းသန်းနှင့် လူရည် ချွန်ကျောင်းသား မောင်ပြည့်ပြည့်ပိုင်တို့က ကျောင်းသား ကျောင်းသူ ၁၀၀ ခြံရံလျက် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်နှင့်အတူ ဧည့်သည်တော်များ၊ ကျောင်းသား ကျောင်းသူ များက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြ သည်။

ဆက်လက်၍ ကလေးစာပေပွဲတော်၊ စာအုပ် စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ဆက် လက်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးလှမိုးအောင်က ယခုကျင်းပသည့် ကလေး စာပေပွဲတော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ ပံ့ပိုးမှုဖြင့် မြို့နယ် ၂၆ မြို့နယ်တွင် ကလေး စာပေပွဲတော်များကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ မှ စတင်ကာ ၂၀၂၀ ပြည့်နှစ် ဧပြီလအထိ ကျင်းပသွားမည်ဖြစ်ပြီး ပထမဆုံးကျင်းပသည့် စာပေပွဲတော်ဖြစ်ကြောင်း၊ ကလေးငယ်များ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ပြီး ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်မှာပါဝင်ဆောင်ရွက်ရမည့် အလုပ်များ တွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထ ကောင်းများရရှိစေရန်၊ ပညာဗဟုသုတရော လူရည်လူသွေးပါ ပြည့်ဝပြီး အနာဂတ်မှာ တိုင်းပြည်ကို ဦးဆောင်ဦးရွက်ပြုလာသူများ ဖြစ်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကလေးစာပေပွဲတော်ကို ကျင်းပပေးခြင်းဖြစ် ကြောင်း။

ချောင်းသာနှင့် ရွှေသောင်ယံမြို့များရှိ ကျောင်းသား ကျောင်းသူ ကလေးငယ်များနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် တတ်နိုင်သည့်ကဏ္ဍ အသီးသီးက ဆက်လက် အားပေးကူညီကြရန် ဖိတ်ခေါ်လိုပါကြောင်း၊ တိုင်းရင်းသား ပြည်သူများ၏ အခြေခံလူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်း ရာတွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် လိုကြောင်း၊ ထိုသို့စီစဉ်ဆောင်ရွက်ပေးခြင်း သည် ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံး ဖွံ့ဖြိုး




တိုးတက်ရန်အတွက် တတ်စွမ်းသရွေ့ တည် ဆောက် အကောင်အထည်ဖော်ပေးခြင်းလည်း ဖြစ်ပါကြောင်း၊ ယနေ့ခေတ်လို နည်းပညာမျိုးစုံ ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်ကာလမျိုးတွင် မိမိတို့ ကလေးငယ်များ၏ အတွေးအခေါ်၊ အယူ အဆများ၊ ပြုမူပြောဆိုမှုများ၊ မိမိတို့နိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ အဖိုးမဖြတ်နိုင် သည့် ယဉ်ကျေးမှု စရိုက်၊ ယဉ်ကျေးမှုဓလေ့ အမွေအနှစ်များကို ယိမ်းယိုင်ပျက်ယွင်းစေမည့် နည်းလမ်းများအား ကလေးများ အတုမယူမိစေ ရန်နှင့် ကလေးငယ်များ စာကြည့်တိုက်ဝန်းကျင် တွင် မွေ့လျော်လာအောင် စည်းရုံးဆောင်ရွက် သွားကြရန်လိုကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ် ခေါင်းဆောင်များဖြစ်လာကြမည့် ကလေးများ ပျော်ရွှင်မှုကို စာပေဝန်းကျင်နှင့် ဖန်တီးပေးရန် အဖွဲ့အစည်းများက ပူးပေါင်းပါ ဝင်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပုသိမ်မြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ လေးများက တေးသရုပ်ဖော် အကအလှများ ဖြင့် ဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြပွဲ၊ ပြိုင်ပွဲ ကျင်းပရာသို့ လှည့်လည်ကြည့်ရှု အားပေးကြ သည်။

အဆိုပါကလေးစာပေပွဲတော်သို့ ပုသိမ်မြို့၊ ချောင်းသာမြို့၊ ရွှေသောင်ယံမြို့နှင့်ငွေဆောင် မြို့များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများ၊ ဒေသခံပြည်သူများ အင်အား ၃၅၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြ ကြောင်း သိရသည်။

သတင်း-တိုင်းဒေသကြီး(ပြန်/ဆက်)
ဓာတ်ပုံ-လှမင်းထွဋ်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကလေးစာပေပွဲတော်(တောင်ငူ) ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**တောင်ငူ နိုဝင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း သည်ယနေ့ ညနေပိုင်းတွင် ကလေးစာပေပွဲတော်(တောင်ငူ) စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကျင်းပမည့် တောင်ငူမြို့ ခပေါင်းခန်းမနှင့် ကေတုမတီ မိုးလုံလေလုံ အားကစားရုံတို့၌ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု များကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် ခပေါင်းခန်းမ အတွင်းကျင်းပမည့် ဖျော်ဖြေရေးအစီအစဉ်များ၊ ကဗျာရွတ်နှင့် ပုံပြောပြိုင်ပွဲဆောင်ရွက်မည့်နေရာများ၊ ကလေးစာဖတ် ခန်းနှင့် ကလေးစာပေပြပွဲခင်းကျင်း ပြသထားသည့်နေရာ များ၊ ခန်းမအပြင်ဘက်ရှိ ဂိမ်းကစားပွဲများ ကျင်းပမည့်နေရာ များနှင့် ပြပွဲပြခန်းများ ဖွင့်လှစ်ပြသမည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကေတုမတီမိုးလုံလေလုံ အားကစားရုံ၌ စာပေဟောပြောပွဲ၊ ကျပန်းစကားပြောနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပဆောင်ရွက်မည့် နေရာများကို ကြည့်ရှုကြသည်။

အဆိုပါ ကလေးစာပေပွဲတော်ကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ တောင်ငူမြို့ ခပေါင်းခန်းမနှင့် ကေတုမတီအားကစားရုံတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို လွတ်လပ်စွာ ဝင်ရောက်လေ့လာနိုင်ကြောင်း သိရှိရ သည်။

ခရိုင်(ပြန် / ဆက် )




ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( ဇလွန်မြို့ )
၂၀၁၉ ခုနှစ် နိုဝင်ဘာလ (၄၊၅)ရက်၊(တနင်္လာ၊အင်္ဂါ)နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
အ.ထ.က(၁)ခန်းမ ၊ ဇလွန်မြို့။

# တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းအစီအစဉ်

**ရန်ကုန် နိုဝင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ပံ့ပိုးကူညီမှုနှင့်အတူ စာအုပ်ဆိုင်ခန်းပေါင်း ၈၀ ခန့်ဖြင့် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သိမ်ဖြူလမ်း၌ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသော Yangon Book Street ၏ အပတ်စဉ်အစီအစဉ်များအဖြစ် နိုဝင်ဘာ ၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မြန်မာစာဆရာကြီး ဦးထွန်းတင့်၏ "**မြတ်နိုးဖွယ်ရာ မြန်မာစာ** " ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲ အစီအစဉ်၊ မွန်းလွဲ ၃ နာရီတွင် ရှုတိုင်းယဉ် စာအုပ်တိုက်မှထုတ်ဝေသည့် နာမည်ကြီးစာအုပ်ကောင်းများကို ထိုက်တန်စွာလက်ဆောင်ပေးမည့် "**မေးကြည့် ဖြေကြည့် ပဟေဠိ**" အစီအစဉ်တို့ကို ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ပါသဖြင့် စာပေချစ်မြတ်နိုးသူများ လာရောက် လေ့လာဖြေဆို၊ ဝယ်ယူနိုင်ကြောင်း သိရသည်။

ကြေးမုံ

# (၂၃) ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ် ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁**

(၂၃) ကြိမ်မြောက် အမျိုးသားအဆင့်မုတ်သုံဖိုရမ် (23rd National Monsoon Forum) ကို နိုဝင်ဘာ ၅ ရက်တွင် နေပြည်တော်ရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ( Multi– Hazard Early Warning Centre) အစည်းအဝေးခန်းမ၌ နံနက် ၉ နာရီတွင် ကျင်းပမည် ဖြစ်သည်။

အစည်းအဝေးကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် ဒေသတွင်း ဘက်စုံ သဘာဝဘေး ကြိုတင်သတိပေးဗဟိုဌာန (Regional Integrated Multi–Hazard Early Warning System– RIMES) တို့ ပူးပေါင်း၍ ကျင်းပသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မွေးကြူဇင်

ကြေးမုံ
နိုဝင်ဘာ ၂၊ ၂၀၁၉

# မြတ်လေးနှင့်မောင်မိုးသူ

မောင်မိုးသူ

ရုပ်ရှင်မင်းသားကြီး ဦးမြတ်လေးကိုမောင်မိုးသူတို့တစ်တွေက ဖိုးမြတ်လို့ပဲ ခေါ်ကြပါတယ်။ တကယ်တော့ ဦးမြတ်လေးတို့၊ မင်းသားကြီး ကောလိပ်ဂျင်နေဝင်းတို့ဟာ မောင်မိုးသူထက် ၁၀နှစ်လောက်ကြီးပါတယ်။ ဦးမြတ်လေးနှင့်မောင်မိုးသူ ဘယ်အချိန်အခါက စတင်သိကျွမ်းခဲ့သလဲဆိုတာကို ပြန်စဉ်းစားကြည့်လိုက်တဲ့အခါကျတော့ ဟိုးအရင်အစောကြီး ဦးမြတ်လေးရဲ့ပင်လုံထိပ်ထားဦးဇာတ်ကားကို မန္တလေးမှာရုံတင်ပြသဖို့အတွက် ဦးမြတ်လေးနဲ့ပန်းချီမောင်ငွေထွန်းတို့ လိုက်ပါလာကြပါတယ်။ ရုံတင်တဲ့ကိစ္စအဝဝကို ဦးမြတ်လေးရဲ့ မန္တလေးစာပေမိတ်ဆွေများက ဝိုင်းဝန်းလုပ်ဆောင်ပေးကြပါတယ်။ ဦးမြတ်လေးဟာ မန္တလေးစာပေမိတ်ဆွေများနှင့် ရင်းနှီးခင်မင်ပြီးသားဖြစ်ပါတယ်။

၁၉၅၆ ခုနှစ်မှာ မောင်မိုးသူ မန္တလေးတက္ကသိုလ်ရောက်ရှိပါတယ်။ မောင်မိုးသူ မန္တလေးတက္ကသိုလ်ရောက်ရှိချိန်မှာ မန္တလေးတက္ကသိုလ်ဟာသီးခြားတက္ကသိုလ်မဖြစ်သေးပါဘူး။ ၁၉၅၇ ခုနှစ်ကျမှ သီးခြားတက္ကသိုလ်ဖြစ်တာပါ။ မန္တလေးတက္ကသိုလ်ရဲ့သီးခြားတက္ကသိုလ်တေးသီချင်းရေးစပ်ဖို့ ဦးမြတ်လေး၊ ကိုလေးညွန့်နှင့်ကိုချစ်ဆွေတို့လိုက်ပါလာပြီးတော့ မန္တလေးသီးခြားတက္ကသိုလ်သီချင်းကို ရေးစပ်ပေးပါတယ်။ ဦးမြတ်လေး၊ ကိုလေးညွန့်၊ ကိုချစ်ဆွေတို့ဟာ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂရဲ့တေးသီချင်းပေါင်းများစွာကို ရေးစပ်ပေးခဲ့သူများဖြစ်ပြီး ရန်ကုန်တက္ကသိုလ်ပွဲတွေမှာလည်း သူတို့ရဲ့တေးသီချင်း၊ ပြဇာတ်များကို တင်ပြခဲ့ကြပါတယ်။ အဲဒီခေတ်က ကိုမြတ်လေးရဲ့ဆံမြိတ်လည်းပြေ ပန်းလည်းကြွေ ဝတ္ထုဇာတ်လမ်းကို မောင်မိုးသူရဲ့ မိုးဦးပန်းစာအုပ်တိုက်မှ တစ်ကျပ်တန်အဖြစ် ထုတ်ဝေခဲ့ဖူးပါတယ်။

## ပါဝင်ရိုက်ကူး

ဒါရိုက်တာဦးချစ်ခင်ရိုက်ကူးပြီး အင်မတန်နာမည်ကြီးလှတဲ့ ပန်းပန်လျက်ပါ ဇာတ်ကားကို ကောလိပ်ဂျင်နေဝင်း၊ မြတ်လေးနဲ့ ကြည်ကြည်ဌေးတို့ ပါဝင်ရိုက်ကူးပါတယ်။ အဲဒီဇာတ်ကားမှာတော့ အငြိမ့်မင်းသမီးလေးမဗေဒါအဖြစ် ကြည်ကြည်ဌေးက သရုပ်ဆောင်ပါတယ်။ အငြိမ့်မင်းသမီးလေးမဗေဒါ ကြည်ကြည်ဌေးကို ပိုးပန်းကြသူများကတော့ တက္ကသိုလ်ဆရာတစ်ဦးဖြစ်တဲ့ ကိုမြတ်လေးနဲ့ အရာရှိ ဦးနေဝင်းတို့ဖြစ်ပါတယ်။

ပန်းပန်လျက်ပါဇာတ်ကားမှာ အဓိကတေးသီချင်းကတော့ ဆရာဇော်ဂျီရဲ့ဗေဒါလမ်းကဗျာတေးသီချင်းပဲဖြစ်ပါတယ်။

**“ ငုပ်ပြန်ပေါ် ပေါ်မလာ တစ်လံကွာတစ်နေရာမှဗေဒါပင် ပြန်ထွက်လာချိန်တော့ ချောင်းငယ်ချောင်းစပ်က ဘဲအုပ်က တစ်ရာနှစ်ရာ မဗေဒါကတစ်ပင်တည်း အယက်အကန်ခံလို့ ဗေဒါပျံ့အံကိုခဲတယ်ပန်းပန်လျက်ပဲ” ဆိုတဲ့သီချင်းပါပဲ။**

အရာရှိမင်း ကိုနေဝင်းဟာ သူဌေးသမီး ဘေဘီနွဲ့နှင့်လက်ထပ်ယူရပါတယ်။ လက်ထပ်ပွဲမှာကျတော့ မဗေဒါအငြိမ့်အဖွဲ့ကို ငှားရမ်းပြစေလိုပါတယ်။ အဲဒါကို ကျောင်းဆရာကိုမြတ်လေးက မကျေမနပ်ပြစ်တင်ဝေဖန်ဖူးပါတယ်။ တွေ့တွေ့ဆိုင်ဆိုင်ကျဲတော့လည်း ကျောင်းဆရာ ကိုမြတ်လေးကလည်း အငြိမ့်မင်းသမီးလေးမဗေဒါကို ယူရဲတဲ့သတ္တိရှိသူ မဟုတ်ပါဘူး။ ဆရာဦးချစ်ခင် ပန်းပန်လျက်ပါဇာတ်ကား မန္တလေးမှာ လာရောက်ရိုက်ကူးစဉ် မောင်မိုးသူတို့ မန္တလေးစာရေးဆရာများ သွားရောက်ကူညီပါဝင်ရိုက်ကူးပေးဖြစ်ခဲ့ဖူးပါတယ်။

## အလွန်အတွဲညီတဲ့ သရုပ်ဆောင်များဖြစ်

ပန်းပန်လျက်ပါဇာတ်ကားမှာ ပရိသတ်နှစ်ခြိုက်စွဲလမ်းတဲ့အခန်းကတော့ ဘေဘီနွဲ့က ကိုနေဝင်းအပေါ်မှာ အချစ်မိုးကြီးရွာချလိုက်တယ်ဆိုပြီး အရက်ခွက်နဲ့လောင်းချလိုက်တဲ့အခန်းပါပဲ။ ကိုနေဝင်းနဲ့ကိုမြတ်လေးတို့ဟာ အလွန်အတွဲညီတဲ့ သရုပ်ဆောင်တွေဖြစ်ကြပါတယ်။ အဲဒီအချိန်ကပဲ ကိုနေဝင်းတို့၊ ကိုမြတ်လေးတို့ဟာ မောင်မိုးသူတို့နဲ့ရင်းနှီးခင်မင်ရတဲ့မိတ်ဆွေကြီးတွေဖြစ်ခဲ့ပါတယ်။ ရန်ကုန်-မန္တလေးတက္ကသိုလ်သမဂ္ဂများရဲ့လက်စွဲတော်သီချင်းရေးဆရာများဖြစ်ကြတဲ့ ကိုမြတ်လေး၊ ကိုလေးညွန့်၊ စန္ဒရားချစ်ဆွေတို့ပဲ ဖြစ်ကြပါတယ်။ သီချင်းဟာ အလွန်ပဲထင်ရှားလှပါတယ်။

ကိုမြတ်လေးရဲ့ပထမဆုံးဇာတ်ကားဖြစ်တဲ့ ပင်လုံထိပ်ထားဦးဇာတ်ကားမှာလည်း ကိုမြတ်လေးရဲ့ အင်မတန်ကျော်ကြားတဲ့သီချင်းများ ပါဝင်ခဲ့ပါတယ်။ ကိုမြတ်လေးရဲ့အလွန်ကျော်ကြားလှတဲ့ အင်းလျားအမှာတော်ပုံ၊ မောင်းမကန်ကေသီဦး အစရှိတဲ့သီချင်း များဟာလည်း သူ့ခေတ်သူ့အခါမှာ အလွန်ပဲကျော်ကြားလှ ပါတယ်၊ ကိုမြတ်လေးဟာအရက်သီချင်းများရေးဖွဲ့ရာမှာလည်း အလွန်ထင်ရှားလှပါတယ်။

## နှစ်ကားစလုံးမှာ ပါဝင်

အဲဒီခေတ်အဲဒီအခါက ကိုမြတ်လေးကို သူငယ်ချင်းလိုပေါင်းသင်းခဲ့တဲ့ မောင်မိုးသူတစ်ယောက် ရုပ်ရှင်လောကမှာ သူငယ်ချင်းဒါရိုက်တာ တက္ကသိုလ်ကိုကိုလေးနှင့်အတူ ရေပွက်ပမာ၊ ရန်ကုန်သားနှင့်မန္တလေးသူနှစ်ကားကို မန္တလေးကိုတက်ပြီး ရိုက်ကူးစဉ်ကလည်း ကိုမြတ်လေးဟာ နှစ်ကားစလုံးမှာ ပါဝင်ပါတယ်။ ရေပွက်ပမာဇာတ်ကားကတော့ အလွန်အောင်မြင်ကျော်ကြားတဲ့ သေနတ်ပစ်ဇာတ်ကားတစ်ကားဖြစ်ပါတယ်။

အဲဒီဇာတ်ကားမှာ စစ်အတွင်းက သေနတ်ကြောက်တတ်တဲ့လူငယ်လေးမောင်ဇော်ခင်ကို တော်လှန်ရေးသမားကြီးမြတ်လေးက သေနတ်ပစ်သင်ပေးခဲ့ဖူးပါတယ်။ စစ်ပြီးခေတ်နောက်ပိုင်း မန္တလေးမှာ ပွဲစားကြီးတစ်ဦးရဲ့သမီးအဖြစ် ခင်သန်းနုက ပါဝင်ပါတယ်။ ပွဲစားကြီးရဲ့ ကုန်ကားများကို ဓားပြဂိုဏ်းတစ်ခုက အမြဲ တိုက်ခိုက်လေ့ရှိပါတယ်။ အဲဒီဓားပြဂိုဏ်းမှာဂိုဏ်းခေါင်းဆောင်က ဗဂျီအောင်စိုးဖြစ်ပါတယ်၊ အဲဒီဗဂျီအောင်စိုးဂိုဏ်းမှာ လက်ဖြောင့် သေနတ်သမားကတော့ ဇော်ခင်ဖြစ်ပါတယ်။အဲဒီဓားပြဂိုဏ်းကိုနှိမ်နင်းဖို့အတွက် ပွဲစားကြီးက စစ်အတွင်းကတော်လှန်ရေးသမားကြီးဖြစ်တဲ့ မြတ်လေးကို ငှားရမ်းခေါ်ယူပါတယ်။ ဓားပြဂိုဏ်းနှိမ်နင်းဖို့အတွက် ရောက်ရှိလာတဲ့ ကိုမြတ်လေးဟာ ပြင်ဦးလွင်မှာ သေနတ်သမား အမဲလိုက်မုဆိုးအဖြစ် ထင်ရှားတဲ့ သူ့တပည့်ဇော်ခင်နဲ့ပြန်တွေ့ပါတယ်။ ပွဲစားကြီးရဲ့ ကုန်ကားတွေကို အောင်စိုး၊ ဇော်ခင် တို့ဦးစီးတဲ့ဓားပြဂိုဏ်းက အမြဲတိုက်ပါတယ်။

## ပစ်မှတ်ထိအောင်ပစ်ပေး

ကိုမြတ်လေး လိုက်ပါစောင့်ရှောက်တဲ့အခါတွေများမှာတော့ သေနတ်သမားဇော်ခင်က သူ့ဆရာနှင့်ထိပ်တိုက်မရင်ဆိုင်ရအောင် လက်ရှောင်နေခဲ့ပါတယ်။ ဒီဇာတ်ကားမှာ မြတ်လေး၊ ဇော်ခင်တို့သေနတ်ပစ်လက်စွမ်းပြတဲ့အခန်းတွေအများကြီး ပါဝင်ခဲ့ပါတယ်။ သေနတ်ပစ်ခန်းများ အလွန်ကောင်းမွန်ရတဲ့ အကြောင်းရင်းကတော့ မန္တလေးအပျော်တမ်း သေနတ်ပစ်အဖွဲ့က မင်းသားများဟန်ပြပစ်ချက်များကို နံဘေးမှ ပစ်မှတ်ထိအောင် ပစ်ပေးခဲ့ခြင်းကြောင့်ပါပဲ။

ရေပွက်ပမာဇာတ်ကားမှာ နာမည်ကြီးသွားတဲ့ စကားတစ်ခွန်းလည်းရှိပါတယ်။ ဓားငအေးအဖြစ် ပါဝင်သရုပ်ဆောင်ရတဲ့ ဌေးဝင်းက ဒုတိယမင်းသမီးမိုမိုအောင်ကို ဆွဲလားရမ်းလားလုပ်စဉ်မှာ ဇော်ခင်က “ကောင်မလေးကိုလွှတ်လိုက်”ဟု ပြောလိုက်တဲ့စကားလုံးပါပဲ။ ဌေးဝင်းက ကောင်မလေးကိုလွှတ်ပြီး ဇော်ခင်ကို ဓားနဲ့ထိုးပါတယ်။ ဇော်ခင်ကပခုံးပေါ်တင်ထားတဲ့ဂျာကင်နဲ့ဓားကိုပုတ်ချပြီး ဌေးဝင်းကို လက်သီးနဲ့တစ်ချက်တည်းထိုးပါတယ်။ အဲဒီအခန်းကို ပရိသတ်အတော်နှစ်ခြိုက်ကြပါတယ်။ ရေပွက်ပမာဇာတ်ကားဟာ သူငယ်ချင်းဒါရိုက်တာတက္ကသိုလ်ကိုကိုလေးရဲ့ တတိယမြောက် ဇာတ်ကားပဲဖြစ်ပါတယ်။ ပထမဇာတ်ကားကတော့ လွှမ်းဖြစ်ပါတယ်။ အဲဒီဇာတ်ကားမှာ မောင်မောင်တာနဲ့ မသက်ပန်တို့ ပါဝင်ပါတယ်။

## ဗိုလ်ကြီးမမ

လွှမ်းဇာတ်ကားရဲ့ ရုပ်ရှင်စာစောင်ကိုတော့ ပန်းချီပေါ်ဦးသက်နှင့် မောင်မိုးသူတို့က သူငယ်ချင်းကိုကိုလေးအတွက် လုပ်ပေးခဲ့ရဖူးပါတယ်။ တက္ကသိုလ်ကိုကိုလေးရဲ့ဒုတိယဇာတ်ကားကတော့ ဗိုလ်ကြီးမမဖြစ်ပါတယ်။ ဗိုလ်ကြီးမမဇာတ်ကားမှာတော့ ဝင်းညွန့်၊ ဖျာပုံမယ်တင်တင်လေးနှင့် မသက်ပန်တို့ ပါဝင်ကြပါတယ်။ ဗိုလ်ကြီးမမဇာတ်ကားမှာ မောင်မိုးသူ ရန်ကုန်ရောက်စဉ် တစ်ခန်းနှစ်ခန်းဝင်ရိုက်ဖူးတာကလွဲရင် တစ်ခါမှ မဆောင်ရွက်ခဲ့ဖူးပါ။ ဒါပေမယ့်ဇာတ်ကားထွက်လာတော့ ဒါရိုက်တာတက္ကသိုလ် ကိုကိုလေး၊ ဇာတ်ညွှန်းနှင့် တွဲဖက်ဒါရိုက်တာ မောင်မိုးသူဆိုပြီး ရုပ်ရှင်လောကမှာ မောင်မိုးသူ နာမည်ပထမဆုံးအကြိမ်ပါဝင်ဖြစ်ခဲ့တာ ဖြစ်ပါတယ်။ တက္ကသိုလ်ကိုကိုလေးရဲ့ တတိယမြောက်ဇာတ်ကားကတော့ ရေပွက်ပမာ ဇာတ်ကားပဲဖြစ်ပါတယ်။ ဒီဇာတ်ကားမှာတော့ ဇာတ်ညွှန်းရေးဆရာအဖြစ်နဲ့ မောင်မိုးသူပါဝင်ပြီး တက္ကသိုလ်ကိုကိုလေးနဲ့အတူ မန္တလေးနန်းရှေ့က ရွှေမန်းခြံမှာ တည်းခိုပြီးမြတ်လေး၊ ဇော်ခင်၊ ခင်သန်းနု၊ နေစိုး၊ အောင်စိုး၊ ဌေးဝင်းတို့နဲ့ရိုက်ခဲ့တဲ့ ဇာတ်ကားဖြစ်ပါတယ်။

## အောင်မြင်ထင်ရှား

တက္ကသိုလ်ကိုကိုလေးရဲ့ စတုတ္ထဇာတ်ကားကတော့ ရန်ကုန်သားနှင့်မန္တလေးသူဇာတ်ကားပဲ ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာလည်း မြတ်လေး၊ ခင်သန်းနုနဲ့ မသက်ပန်တို့ပါဝင်ကြတာဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ တက္ကသိုလ်ကိုကိုလေးနဲ့ မောင်မိုးသူတို့နှစ်ယောက်သားမာလာမြိုင်ခြံမှာတည်းခိုပြီး ရိုက်ကူးဖြစ်ပါတယ်။ နှစ်ကားစလုံးကို မန္တလေးရုပ်ရှင်စက်အဖွဲ့နဲ့ ရိုက်ကူးပါတယ်။ ရန်ကုန်သားနှင့် မန္တလေးသူဇာတ်ကားရဲ့ အဖွင့်သီချင်းကတော့ ရန်ကုန်သားနဲ့မန္တလေးသူသီချင်းပဲ ဖြစ်ပါတယ်။ အဲဒီသီချင်းကိုတော့ စန္ဒရားလှထွဋ်ရေးဖွဲ့ပေးခဲ့တာဖြစ်ပါတယ်။ ယခုထက်တိုင် တခြားအဆိုတော်များ ဆက်လက်သီဆိုထားတဲ့ သီချင်းအဖြစ် အောင်မြင်ထင်ရှားပါတယ်။

ကိုမြတ်လေးနှင့် မောင်မိုးသူတို့နှစ်ယောက်ဟာ ရေပွက်ပမာ၊ ရန်ကုန်သားနှင့်မန္တလေးသူ ဇာတ်ကားနှစ်ကားကို အောင်မြင်စွာရိုက်ကူးပြီးသည့်နောက် တက္ကသိုလ်ရုပ်ရှင်ထုတ်လုပ်ခွင့်ကို ရပ်ဆိုင်းခံလိုက်ရတဲ့အတွက် သူငယ်ချင်းကိုကိုလေးလည်း တခြားကုမ္ပဏီတွေမှာ သွားရောက်ရိုက်ကူးဖြစ်သလို မောင်မိုးသူလည်း တခြားကုမ္ပဏီတွေမှာ ဇာတ်ညွှန်းရေးသားပြီး သူငယ်ချင်းနှစ်ယောက် ဇာတ်ခေါင်းကွဲခဲ့ရတာဖြစ်ပါတယ်။ ကိုမြတ်လေးနှင့်မောင်မိုးသူတို့ဟာအဲဒီနှစ်ကားရိုက်ပြီး နောက်ထပ်တစ်ကားမှ မဆုံစည်းဖြစ်တော့ပါ။ သို့သော် ကိုမြတ်လေး၊ကိုချစ်ဆွေ၊ ကိုလှထွဋ်၊ မောင်မိုးသူတို့တစ်တွေကတော့ ဆက်လက်လက်တွဲဖြစ်နေပါတော့တယ်။ ။




**ကိုမြတ်လေးရဲ့ပထမဆုံးဇာတ်ကားဖြစ်တဲ့ ပင်လုံထိပ်ထားဦးဇာတ်ကားမှာလည်း ကိုမြတ်လေးရဲ့ အင်မတန်ကျော်ကြားတဲ့သီချင်းများ ပါဝင်ခဲ့ပါတယ်။**

**ကိုမြတ်လေးရဲ့ အလွန်ကျော်ကြားလှတဲ့ အင်းလျားအမှာတော်ပုံ၊ မောင်းမကန်ကေသီဦး အစရှိတဲ့သီချင်းများဟာလည်း သူ့ခေတ်သူ့အခါမှာ အလွန်ပဲကျော်ကြားလှပါတယ်၊ ကိုမြတ်လေးဟာ အရက်သီချင်းများရေးဖွဲ့ရာမှာ အလွန်ထင်ရှား**

# မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်)ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)မှ ကြီးမှူးကျင်းပသည့် (၁၇)ကြိမ်မြောက် ဒီပါဝလီနေ့အထိမ်းအမှတ်ပွဲတော်နှင့် ၂၀၁၈-၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်) ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) မှ ကြီးမှူးကျင်းပသည့် (၁၇) ကြိမ်မြောက် ဒီပါဝလီနေ့ အထိမ်းအမှတ်ပွဲတော်နှင့် ၂၀၁၈-၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ရှိ Strand Hotel ၌ ကျင်းပသည်။

**နှုတ်ခွန်းဆက်စကား ပြောကြား**

အခမ်းအနားကို မင်္ဂလာဆီမီးထွန်းညှိ၍ အိန္ဒိယရိုးရာ အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ခြင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်) ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)ဥက္ကဋ္ဌ ဦးသိန်းလွင်က နှုတ်ခွန်းဆက်စကား ပြောကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်) ကူးမားတို့က အမှာစကားပြောကြားကြသည်။

**ဂုဏ်ပြုဆုပေးအပ်**

ထို့နောက် ၂၀၁၈-၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ဂုဏ်ထူး သုံးဘာသာနှင့်အထက် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ကြပြီး အိန္ဒိယရိုးရာအကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ကာ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အသင်း၏အဖွဲ့ခွဲဥက္ကဋ္ဌများကို ဂုဏ်ပြုဆုပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်)ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) အထွေထွေအတွင်းရေးမှူး ဦးချစ်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ကောင်းမွန်စွာသုံးစွဲနိုင်ရေး၊ ဗို့အားစနစ်တည်ငြိမ်မှုရှိရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးနှင့် ဓာတ်အားစနစ်ကြံ့ခိုင်ကောင်းမွန်ရေးတို့အတွက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယနေ့တွင် ရန်ကင်းမြို့နယ်၌ အဆင့်မြှင့်တင်ဆောင်ရွက်နေသော ၆၆/၁၁ - ၆ ဒသမ ၆ ကေဗွီ၊ ၆၀ အမ်ဗွီအေကုက္ကိုင်း GIS ဓာတ်အားခွဲရုံနှင့် တာမွေမြို့နယ်၌ အသစ်တည်ဆောက်နေသော ၆၆/၁၁ - ၆ ဒသမ ၆ ကေဗွီ၊ ၆၀ အမ်ဗွီအေ တာမွေ GIS ဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

GIS ဓာတ်အားခွဲရုံများကို ကြည့်ရှုစစ်ဆေးစဉ် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများက ဓာတ်အားခွဲရုံများ၏ အချက်အလက်များနှင့် ပြင်ဆင်တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဓာတ်အားခွဲရုံများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းကျဆင်းရေးတို့အတွက် ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံသုံးပစ္စည်းများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်ရေးကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားကြရန်နှင့် ဓာတ်အားခွဲရုံများ ခေတ်မီနည်းပညာများ အသုံးပြု၍ လူအင်အားအနည်းဆုံးဖြင့် ဓာတ်အားထိန်းချုပ်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဓာတ်အားခွဲရုံထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဓာတ်အားပိတ်၍ ဆောင်ရွက်ရပါက သက်ဆိုင်ရာ အစိုးရအဖွဲ့သို့ တင်ပြပြီး ဓာတ်အားပြတ်တောက်ချိန် အနည်းဆုံးနှင့် ပြည်သူလူထုအပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်နိုင်သည့် အခြေအနေများကို ကာကွယ်နိုင်ရန်အတွက် ကြိုတင်စီမံဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း မှာကြားသည်။

အဆိုပါအဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် ၆၆/၁၁ - ၆ ဒသမ ၆ ကေဗွီ၊ ၆၀ အမ်ဗွီအေ ကုက္ကိုင်း GIS ဓာတ်အားခွဲရုံသည် ယခင် ၃၃ ကေဗွီခွဲရုံဖြင့် ဓာတ်အားဖြန့်ဖြူးခဲ့ရာမှ မီးသုံးစွဲသူများ တိုးတက်လာ၍ ဝန်အားပြည့်မီနေသောကြောင့် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အသစ်တည်ဆောက်လျက်ရှိသော ၆၆/၁၁ - ၆ ဒသမ ၆ ကေဗွီ၊ ၆၀ အမ်ဗွီအေ တာမွေ GIS ဓာတ်အားခွဲရုံသည် ယခင်တာမွေမြို့နယ်ရှိ မီးသုံးစွဲသူများကို ၆၆ ကေဗွီ ပုသိမ်ညွန့်ဓာတ်အားခွဲရုံ၊ ၃၃ ကေဗွီ နတ်ချောင်းဓာတ်အားခွဲရုံနှင့် ရာမကွင်းဓာတ်အားခွဲရုံတို့မှ ဖြန့်ဝေပေးလျက်ရှိရာမှ ဝန်အားလျှော့ချမျှဝေနိုင်ရန်အတွက် အသစ်တိုးချဲ့တည်ဆောက်ခဲ့ခြင်းဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းများ ဒီဇင်ဘာလအတွင်း ပြီးစီးမည်ဖြစ်ကာ တာမွေ၊ ဗဟန်း၊ မင်္ဂလာတောင်ညွန့်နှင့် ရန်ကင်းမြို့နယ်များရှိ မီးသုံးစွဲသူပြည်သူများသို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

**သတင်းလမ်းညွှန်**

## တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းပြိုင်ပွဲဖွင့်ပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁**

တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။ **မွေးကြူဇင်**

## (၄၃)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲ ကျင်းပမည်

(၄၃) ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ အကြိမ် (၄၀) မြောက် သွေးလှူရှင် ဂုဏ်ပြုပွဲနောက်ပိုင်း အကြိမ် (၄၀) နှင့် အကြိမ် (၄၀) အထက် သွေးလှူရှင်များသည် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းမှစတင်၍ မိမိတို့၏ သွေးလှူရှင်ကတ် အပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်၍ ဗဟိုအမျိုးသားသွေးဌာနသို့ နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ရုံးဖွင့်ရက်များတွင် နံနက် ၉ မှ ညနေ ၃ နာရီခွဲအတွင်း လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






# အမေရိကန် - တရုတ် ကုန်သွယ်ရေးဆိုင်ရာ ပဏာမအဆင့် သဘောတူညီမှုရရှိ

**ဝါရှင်တန် နိုဝင်ဘာ ၁**

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်ရေး သဘောတူညီချက်အသစ်တစ်ရပ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့က မကြာမီ လက်မှတ်ရေးထိုးမည်ဖြစ်သည်။

အဆိုပါသဘောတူညီချက်ကို နိုဝင်ဘာလအတွင်း ချီလီနိုင်ငံတွင်ကျင်းပမည့် အေပက်စ်ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးရန် စီစဉ်ထားသော်လည်း ချီလီနိုင်ငံအတွင်း မငြိမ်မသက်မှုများကြောင့် ထိပ်သီးအစည်းအဝေးကျင်းပရန် ရွှေ့ဆိုင်းခဲ့ရသည်။

အမေရိကန်နှင့်တရုတ်ခေါင်းဆောင်များက နှစ်နိုင်ငံအကြား ကုန်သွယ်ရေး သဘောတူညီချက်အသစ်တစ်ရပ်ကို တည်နေရာအသစ်တစ်ခုတွင် လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

အမေရိကန်နှင့် တရုတ်တာဝန်ရှိသူများသည် နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူညီမှု ပဏာမအဆင့်ကို လက်မှတ်ရေထိုးရန် တည်နေရာ အသစ်တစ်ခုကို ပူးပေါင်းရှာဖွေလျက်ရှိပြီး မကြာမီကြေညာသွားမည်ဖြစ်သည်ဟု သမ္မတထရန့်က သူ၏တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။

အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုရရှိရန်အတွက် ဆွေးနွေးညှိနှိုင်းခဲ့သည်မှာ ၁၈ လခန့် ကြာညောင်းခဲ့ပြီဖြစ်သည်။

ယခုပဏာမအဆင့် သဘောတူညီမှုတွင် အမေရိကန်မှ လယ်ယာထွက်ကုန် ပစ္စည်းများကို တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းခြင်းအပါအဝင် အခြားသော ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုများပါဝင်သည်။

နှစ်နိုင်ငံကုန်သွယ်ရေး ပဏာမအဆင့် စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးမည်ဆိုပါက ဒီဇင်ဘာလလယ်ပိုင်းတွင် တရုတ်နိုင်ငံမှ စမတ်ဖုန်းများအပေါ် ထပ်မံအခွန်စည်းကြပ်မည့်အစီအစဉ်ကို အမေရိကန်အစိုးရက ပယ်ဖျက်ပေးမည်ဖြစ်သည်။

သို့သော် နှစ်နိုင်ငံအနေဖြင့် ကုန်သွယ်ရေးသဘောတူညီမှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသေးကြောင်း အမေရိကန် မီဒီယာအချို့က သတင်းဖော်ပြသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အောင်ကျော်ကျော်**

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံ (COP 25)အား လက်ခံကျင်းပမည်ဟု စပိန်ကမ်းလှမ်း

**ဆန်တီယာဂို နိုဝင်ဘာ ၁**

ကုလသမဂ္ဂမှ ကြီးမှူးကျင်းပသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံ(COP 25)အား ချီလီနိုင်ငံ ဆန်တီယေဂိုမြို့တွင် ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း ယင်းညီလာခံအား လက်ခံကျင်းပခြင်း မပြုနိုင်တော့ကြောင်း ချီလီနိုင်ငံက ဆုံးဖြတ်ခဲ့ပြီးနောက်တွင် စပိန်နိုင်ငံက ယခင်သတ်မှတ်ထားသောရက်တွင်ပင် ယင်းညီလာခံကို လက်ခံကျင်းပမည်ဟု ကမ်းလှမ်းကြောင်း ချီလီသမ္မတ ဆီဘက်စတန် ပင်ညဲယားက ပြောကြားသည်။

စပိန်ဝန်ကြီးချုပ်နှင့် ချီလီနိုင်ငံသမ္မတတို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးစဉ် စပိန်ဝန်ကြီးချုပ် ပီဒရို ဆန်းချက်ဇ်က ယင်းသို့ ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း ချီလီသမ္မတက အောက်တိုဘာ ၃၁ ရက်၌ သတင်းထောက်များအား ပြောကြားခဲ့ပြီး စပိန်နိုင်ငံသည် ကုလသမဂ္ဂမှ ကြီးမှူးပြုလုပ်သည့်(COP 25) ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံ ကျင်းပရေးအတွက် လက်ခံကျင်းပသူအသစ်ဖြစ်ကြောင်း ချီလီသမ္မတက ထောက်ခံချက်ပေးခဲ့သည်။

ချီလီနိုင်ငံတွင် ယခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၁၃ ရက်အထိ ကျင်းပရန် စီစဉ်ထားသည့် ကုလသမဂ္ဂမှ စုစည်းပြုလုပ်သည့် COP 25 ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံကို ဖျက်သိမ်းလိုက်ကြောင်း ချီလီသမ္မတ ပင်ညဲယားက အောက်တိုဘာ ၃၀ ရက်တွင် ကြေညာခဲ့ပြီး အလားတူပင် ချီလီနိုင်ငံ ဆန်တီယေဂိုမြို့တွင် နိုဝင်ဘာလအတွင်း ကျင်းပရန် စီစဉ်ထားသည့် အာရှ-ပစိဖိတ်ဒေသ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးကိုလည်း ဖျက်သိမ်းခဲ့သည်။

ချီလီနိုင်ငံတွင် မြေအောက်ရထားမီးရထားလက်မှတ် ဈေးနှုန်းများ တိုးမြှင့်ခဲ့မှုနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ဆန္ဒပြပွဲများမှတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှုများ နိုင်ငံအဝန်းသို့ ကူးစက်ဖြစ်ပွားခဲ့ခြင်းကြောင့် အထက်ပါနိုင်ငံက ထိပ်သီးညီလာခံနှစ်ခုအား လက်ခံကျင်းပရန် စီစဉ်ထားမှုများကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

COP 25 ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးအား လက်ခံကျင်းပမည်ဟု စပိန်နိုင်ငံ၏ ကမ်းလှမ်းချက်ကို ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အမှုဆောင်အတွင်းရေးမှူး ပက်ထရီကာ အက်စ်ပီနိုအာက ကြိုဆိုကြောင်း ပြောကြားခဲ့သည်။ စပိန်နိုင်ငံ၏ အဆိုပြုချက်သည် လာမည့်ရက်သတ္တပတ်အတွင်း၌ တရားဝင် ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်လာမည်ဟု ကုလသမဂ္ဂတာဝန်ရှိသူများက မျှော်လင့်ထားသည်။

**ကိုးကား-အန်အိတ်ချ်ကေ**

**ဘာသာပြန်-ဇော်ဝင်း**


ချီလီသမ္မတ ဆီဘက်စတန် ပင်ညဲယား။


စပိန်ဝန်ကြီးချုပ် ပီဒရို ဆန်းချက်ဇ်။

# တရုတ်လုပ် မောင်းသူမဲ့လေယာဉ်များအား ပျံသန်းမှု အမေရိကန်ရပ်ဆိုင်းထား

**ဝါရှင်တန် နိုဝင်ဘာ ၁**

မောင်းသူမဲ့လေယာဉ်များ၏ အစီအစဉ်များကိုပြန်လည်ဆန်းစစ်မှု ပြုလုပ်ရန်အတွက် အမေရိကန်ပြည်ထောင်စု ပြည်ထဲရေးဝန်ကြီးဌာနမှ တရုတ်နိုင်ငံလုပ် မောင်းသူမဲ့လေယာဉ်များကို ပျံသန်းမှုရပ်ဆိုင်းထားကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

တရုတ်လုပ်မောင်းသူမဲ့ လေယာဉ်များ ပျံသန်းမှုရပ်ဆိုင်းသည့် ဆုံးဖြတ်မှုနှင့် ပတ်သက်၍ ပြည်ထဲရေးဌာန ပြောရေးဆိုခွင့်ရှိသူ နစ်ခ်ဂွတ်ဒ်ဝင်းက အကြောင်းပြချက်ကို ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း ယင်းသို့ မောင်းသူမဲ့လေယာဉ်များ ပျံသန်းမှုအား ရပ်ဆိုင်းလိုက်ခြင်းမှာ တရုတ်နိုင်ငံလုပ် အီလက်ထရွန်နစ် ပစ္စည်းများအပေါ် အမေရိကန်က လုံခြုံရေးအရ စိုးရိမ်မှုများ ရှိနေစဉ် ယင်းသို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ပြည်ထဲရေးဝန်ကြီး ဒေးဗစ်ဘန်ဟား၏ ညွှန်ကြားမှုဖြင့် ယင်းမောင်းသူမဲ့လေယာဉ်များအား ပြန်လည်ဆန်းစစ်မှုများ ပြုလုပ်ရကြောင်း ဂွတ်ဒ်ဝင်းက ပြောကြားသည်။ တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် (သို့မဟုတ်) တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ပစ္စည်းအစိတ်အပိုင်းများ ပါဝင်သည့် မောင်းသူမဲ့လေယာဉ်များအား ပြန်လည်ဆန်းစစ်မှုများ အပြည့်အဝပြီးဆုံးသည့်တိုင်အောင် ရပ်နားထားရန် ပြည်ထဲရေးဝန်ကြီးအား ညွှန်ကြားထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အရေးပေါ် လုပ်ငန်းများဖြစ်သည့် တောမီးငြိမ်းသတ်ရေး၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးနှင့် သဘာဝဘေးဒုက္ခများနှင့် ဆက်နွှယ်သော လုပ်ငန်းများ၌သာ မောင်းသူမဲ့လေယာဉ်များကို အသုံးပြုသွားဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်ပြည်ထဲရေးဝန်ကြီးဌာနတွင် မောင်းသူမဲ့လေယာဉ်အစင်းရေ ၈၁၀ ရှိကြောင်းနှင့် ယင်းမောင်းသူမဲ့လေယာဉ် အစင်းရေအများစုမှာ တရုတ်ကုမ္ပဏီများက တည်ဆောက်သော လေယာဉ်များဖြစ်ကြောင်း အမည်မဖော်လိုသူ တစ်ဦးက ပြောကြားသည်။

ယင်းမောင်းသူမဲ့လေယာဉ် ၈၁၀ ၌ အမေရိကန်လုပ် မောင်းသူမဲ့လေယာဉ်မှာ ၂၄ စင်းတည်းသာရှိပြီး ယင်းလေယာဉ်များ၌လည်း တရုတ်နိုင်ငံလုပ် အီလက်ထရွန်နစ်ပစ္စည်းများ ပါဝင်တပ်ဆင်ထားကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု အမိမြေလုံခြုံရေးဌာနက ယခုနှစ်မေလအတွင်းက သတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ၌ တရုတ်နိုင်ငံလုပ် မောင်းသူမဲ့ လေယာဉ်များသည် လုံခြုံရေးဆိုင်ရာ အန္တရာယ်ရှိမှုများ ဖြစ်ပေါ်စေဖွယ်ရှိသည်ဟု ဖော်ပြခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဇော်ဝင်း**

# မြောက်ကိုရီးယားဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ်အား ဒုတိယနိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်

**ဝါရှင်တန် နိုဝင်ဘာ ၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်၏ အထူးသံတမန် စတီဗင်ဘီဂန်အား ဒုတိယနိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ထားကြောင်း အိမ်ဖြူတော်က ဒေသစံတော်ချိန် အောက်တိုဘာ ၃၁ ရက်တွင် သတင်းဖော်ပြသည်။

ယခုလ အစောပိုင်းက ရုရှားနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီးအဖြစ် ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံရသော ဂျွန်ဆူလီဗန်၏ ရာထူးနေရာတွင် မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်အထူးသံတမန် ဘီဂန်ကို အစားထိုးခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘီဂန်သည် မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အထူးသံတမန်အဖြစ် ခန့်အပ်ခြင်းခံခဲ့ချိန် ၂၀၁၈ ခုနှစ်ကတည်းက ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးနှင့် ပတ်သက်၍ အမေရိကန်နှင့် မြောက်ကိုရီးယားကိုယ်စားလှယ်များအကြား အလုပ်သဘောဆွေးနွေးမှုများကို ဦးဆောင်လာခဲ့ကြောင်း သိရသည်။



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့သည် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးဆိုင်ရာ ဆွေးနွေးမှုကို ပြီးခဲ့သည့် ဖေဖော်ဝါရီလကုန်ပိုင်းက ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့၌ ကျင်းပပြုလုပ်ခဲ့သော်လည်း အသီးအပွင့်တစ်စုံတစ်ခုမျှ မဖြစ်ထွန်းဘဲ အဆုံးသတ်သွားပြီး ယနေ့အထိ ရပ်တန့်ခဲ့သည်။

ဘီဂန်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် အတည်ပြုခန့်အပ်ခြင်းခံခဲ့သည့်တိုင် မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ ၎င်း၏ လုပ်ဆောင်ချက်များကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း အမေရိကန် မီဒီယာများက ဖော်ပြထားသည်။ သို့သော်ဘီဂန်အား ဒုတိယနိုင်ငံခြားရေးဝန်ကြီးအဖြစ် သမ္မတဒေါ်နယ် ထရန့်၏ ခန့်အပ်မှုကို အထက်လွှတ်တော်က အတည်ပြုရန် လိုအပ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**

# နေတိုးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ယူကရိန်းမျှော်လင့်

**ကီယက်ဗ် နိုဝင်ဘာ ၁**

ရုရှားနိုင်ငံမှ ခြိမ်းခြောက်မှုခံနေရစဉ် တိုင်းပြည်၏ ကာကွယ်ရေးစွမ်းပကားများကို အားကောင်းလာစေရန် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လုပ်ဆောင်ရန် မျှော်လင့်ပါကြောင်း ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီးက ပြောကြားလိုက်သည်။

ယမန်နေ့က ယူကရိန်းနိုင်ငံမြို့တော် ကီယက်ဗ်၌ နေတိုးအဖွဲ့ အတွင်းရေးမှူးချုပ် ဂျန်းစ်စတိုလ်တန်ဘတ်ဂ်နှင့် ပြုလုပ်သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ဇီလန်စကီးက ထိုသို့ပြောကြားခြင်းဖြစ်သည်။ ယူကရိန်းနိုင်ငံကို ပံ့ပိုးကူညီမှုအတွက် နေတိုးအဖွဲ့ကို ကျေးဇူးတင်ရှိပါကြောင်း၊ ယူကရိန်းနိုင်ငံက နေတိုးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှု နောက်တစ်ဆင့်တိုးမြှင့်ရန် အသင့်ရှိပါကြောင်း ဇီလန်စကီးက ဆိုသည်။ ဒေသတွင်း၌ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခြင်းအားဖြင့် ပင်လယ်နက်ဒေသ၌ ယူကရိန်းနိုင်ငံအတွက် ပံ့ပိုးကူညီမှုတိုးမြှင့်သွားရန် နေတိုးအဖွဲ့က စီစဉ်နေကြောင်း စတိုလ်တန်ဘတ်ဂ်က ပြောသည်။

ပြီးခဲ့သောနှစ်က ရုရှားကမ်းခြေစောင့်တပ်ဖွဲ့မှ ကင်းလှည့်ရေယာဉ်များသည် ပင်လယ်နက်အတွင်း ယူကရိန်းရေတပ်မှ စစ်သင်္ဘောများကို ပစ်ခတ်ကာဖမ်းဆီးခဲ့သည်။ အစိုးရတပ်ဖွဲ့များနှင့် ပြတ်တောင်းပြတ်တောင်း တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသည့် ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ ခွဲထွက်ရေးသမားများကို ရုရှားနိုင်ငံက ပံ့ပိုးပေးသည်။ ယူကရိန်းနှင့် ရုရှားလိုလားသူ ခွဲထွက်ရေးသမားများက ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ ရှေ့တန်းစစ်မျက်နှာများမှ စစ်လက်နက်များ စတင်ရုပ်သိမ်းပြီးနောက် ရက်အနည်းငယ်အကြာတွင် စတိုလ်တန်ဘတ်ဂ်နှင့် ဇီလန်စကီးတို့ကြား အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံက လာမည့်သီတင်းပတ်တွင် နောက်တစ်ဆင့် တပ်ဖွဲ့များရုပ်သိမ်းမှုစတင်ရန် စီစဉ်ထားကြောင်း ဇီလန်စကီးက ပြောကြားသည်။ ယူကရိန်းနိုင်ငံ အရှေ့ပိုင်း၌ အခြေအနေတည်ငြိမ်စေရန် တပ်ဖွဲ့ရုပ်သိမ်းမှုက ယူကရိန်း၊ ရုရှား၊ ဂျာမနီနှင့် ပြင်သစ်ကြား ထိပ်သီးအစည်းအဝေးကျင်းပရန် လမ်းဖွင့်ပေးကြောင်း သူကဆိုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - ကျော်ထိုက်စိုး**



# အိန္ဒိယအနောက်ပိုင်းပြည်နယ်တွင် မိုးကြိုးထိမှန်သဖြင့် လူ ၁၀ ဦး သေဆုံး

**မွန်ဘိုင်း နိုဝင်ဘာ ၁**

အိန္ဒိယနိုင်ငံ အနောက်ပိုင်းရှိ မဟာရာရှ်ထရာ ပြည်နယ်တွင် ဗုဒ္ဓဟူးနေ့ညပိုင်းက မိုးကြိုးပစ်ခတ်မှု သီးခြားဖြစ်ရပ်သုံးခုတွင် လူ ၁၀ ဦး သေဆုံးခဲ့သည်။ ယင်းပြည်နယ်ရှိ အာကိုလာ၊ အမ်ရာဗာတီနှင့် နန်ဒက်ခရိုင်တို့တွင် မိုးရွာသွန်းမှု၊ မုန်တိုင်းတိုက်ခတ်မှုများ ဖြစ်ပွားပြီးနောက် မိုးကြိုးပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ယင်းခရိုင်သုံးခုသည် မွန်ဘိုင်းမြို့မှ ကီလိုမီတာ ၅၈၀ ဝန်းကျင်တွင် တည်ရှိသည်။

အာရေဗျပင်လယ်အတွင်းရှိ လေဖိအားနည်းရပ်ဝန်းသည် မိုးကြိုးပစ်ခတ်မှုကို ဖြစ်ပေါ်စေခဲ့ပြီးနောက် ယင်းခရိုင်သုံးခုတွင် အချိန်အခါမဟုတ်သည့် မိုးရွာသွန်းမှု ဖြစ်ပေါ်စေခဲ့ကြောင်း အိန္ဒိယမိုးလေဝသဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ကီရာလာ၊ တမီလ်နာဒူ၊ ကာနာတာကာပြည်နယ်တို့နှင့် လက်ရှာဒိကျွန်းတို့တွင် ကြာသပတေးနေ့၌ မိုးသည်းထန်စွာရွာနိုင်ကြောင်း ယင်းဌာနက ခန့်မှန်းသည်။

အိန္ဒိယနိုင်ငံ၏ အမျိုးသားမှုခင်းမှတ်တမ်းဗျူရိုမှ စာရင်းအရ အာရှတိုက်၏ တတိယစီးပွားရေး အင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ၂၀၀၅ ခုနှစ်မှစ၍ မိုးကြိုးပစ်ခတ်မှုများကြောင့် နှစ်စဉ်ပျမ်းမျှ လူ ၂၀၀၀ ကျော် သေဆုံးကြောင်း သိရသည်။

ဤကိန်းဂဏန်းသည် အမေရိကန်ပြည်ထောင်စုတွင် မိုးကြိုးပစ်ခတ်မှုကြောင့် နှစ်စဉ်ပျမ်းမျှသေဆုံးသူ အရေအတွက် ၂၇ ဦးနှင့် နှိုင်းယှဉ်ပါက ထူးထူးခြားခြားမြင့်မားသည်ဟု ကျွမ်းကျင်သူများက ပြောကြားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**



# ဆီးရီးယားမှ တူရကီတပ်ဖွဲ့ရုပ်သိမ်းရန် နိုင်ငံရေးနည်းလမ်းဖြင့် မစွမ်းဆောင်နိုင်ပါက စစ်ပွဲသာလျှင် ရွေးချယ်မည်ဟု အာဆတ် သတိပေး

**ဒမတ်စကတ် နိုဝင်ဘာ ၁**

ဆီးရီးယားနိုင်ငံမြောက်ဘက်မှ တူရကီတပ်ဖွဲ့ ရုပ်သိမ်းရေးအတွက် နိုင်ငံရေးနည်းလမ်းဖြင့် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပါက စစ်ပွဲသာလျှင် တစ်ခုတည်းသောရွေးချယ်စရာဖြစ်ကြောင်း ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်က အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားသည်။

မကြာသေးမီက တူရကီနှင့် ရုရှားတို့၏ ဆီးရီးယားနိုင်ငံမြောက်ဘက်၌ ဘေးကင်းလုံခြုံရေးဇုန်တစ်ခု တည်ထောင်ရေးဆိုင်ရာ သဘောတူစာချုပ်သည် နယ်စပ်ဒေသမှ ကာ့ဒ် စစ်သွေးကြွများ စွန့်ခွာရေးအတွက်သာ အထောက်အကူပြုကြောင်း အာဆတ်က ဒေသဆိုင်ရာမီဒီယာနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

သို့သော် ယင်းသဘောတူစာချုပ်သည် ဆီးရီးယားနိုင်ငံအတွင်း အပျက်သဘောဖြင့် တူရကီတပ်ဖွဲ့၏ ကျူးကျော်ဝင်ရောက်မှုကိုဖယ်ရှားနိုင်မည် မဟုတ်ကြောင်း၊ အကယ်၍ ဆီးရီးယားနိုင်ငံမြောက်ဘက်မှ တူရကီတပ်ဖွဲ့ထွက်ခွာရေးအတွက် နိုင်ငံရေးနည်းလမ်းဖြင့် မစွမ်းဆောင်နိုင်ပါက ဆီးရီးယားအစိုးရအနေဖြင့် ဘာတစ်ခုမှ ရွေးချယ်စရာမရှိဘဲ စစ်ပွဲသာလျှင် ရွေးချယ်မည်ဖြစ်ကြောင်း အာဆတ်က ဆီးရီးယားအမျိုးသားရုပ်သံလွှင့်ဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ထပ်မံပြောကြားခဲ့သည်။

တူရကီတပ်ဖွဲ့သည် ဆီးရီးယားနိုင်ငံမှ အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းခဲ့ပြီးနောက် ကာ့ဒ်စစ်သွေးကြွအုပ်စုအား တူရကီနှင့် ဆီးရီးယားနယ်စပ်ဒေသများမှ မောင်းထုတ်ရန် အောက်တိုဘာလအစောပိုင်းက ဆီးရီးယားနိုင်ငံမြောက်ဘက်သို့ ကျူးကျော်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားအစိုးရအား အဓိကထောက်ခံသည့် တူရကီနှင့် ရုရှားနိုင်ငံတို့သည် နယ်စပ်ဒေသမှ ကီလိုမီတာ ၃၀ ခန့်အကွာသို့ ကာ့ဒ်စစ်သွေးကြွများစွန့်ခွာရေးနှင့် ဒေသတွင်း တူရကီနှင့် ရုရှားတပ်ဖွဲ့ ပူးတွဲကင်းလှည့်မှုများပြုလုပ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို မကြာသေးမီက လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် အဆိုပါသဘောတူစာချုပ်သည် ယာယီသာဖြစ်သည်ဟု ဆီးရီးယားခေါင်းဆောင် အာဆတ်က ဆိုသည်။ ကာ့ဒ်စစ်သွေးကြွများ ထိန်းချုပ်ထားရာ ဒေသထဲသို့ ဆီးရီးယားအစိုးရတပ်ဖွဲ့ ဝင်ရောက်ရေးသည် တူရကီတပ်ဖွဲ့၏ တိုက်ခိုက်မှုများအား တန်ပြန်ရန်အတွက်သာမကဘဲ ယင်းဒေသတွင် ဆီးရီးယားအစိုးရ၏ စိုးမိုးမှုကို ပြန်လည်ထူထောင်ရန်ဖြစ်ကြောင်း အာဆတ်က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# မီးလောင်ကျွမ်းခဲ့သော ဂျပန်ရှေးဟောင်းအမွေအနှစ်ရဲတိုက် အသစ်ပြန်လည်တည်ဆောက်ရန် ယူနက်စကို ထောက်ပံ့မည်

**ယူနက်စကို နိုဝင်ဘာ ၁**

အောက်တိုဘာ ၃၁ ရက်က မီးလောင်ပျက်စီးခဲ့သည့် ဂျပန်နိုင်ငံအိုကီနာဝါစီရင်စုရှိ ရှူယီဂျိုးရဲတိုက်အသစ် ပြန်လည်တည်ဆောက်ရေးနှင့်ပတ်သက်ပြီး ယူနက်စကိုက ထောက်ပံ့မှုများပေးရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

နှစ်ပေါင်း ၅၀၀ သက်တမ်းရှိပြီဖြစ်သည့် အဆိုပါရဲတိုက်သည် ယူနက်စကို၏ ရှေးဟောင်းအမွေအနှစ်စာရင်းဝင် တစ်ခုဖြစ်သည်။



ယူနက်စကို ရှေးဟောင်းအမွေအနှစ်စင်တာဒါရိုက်တာ မီချက်တယ် ရို့စ်လာက ၎င်းအနေဖြင့် ရှေးဟောင်းအမွေအနှစ်ရဲတိုက်ကြီး မီးလောင်ပျက်စီးရသည်ကို ကြားသိရသည့်အတွက် လွန်စွာစိတ်မကောင်းဖြစ်မိပါကြောင်းနှင့် အသစ်ပြန်လည်တည်ဆောက်ရာတွင် ထောက်ပံ့မှုများပေးမည်ဖြစ်ပါကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနနှင့် အင်တာဗျူးတစ်ရပ်တွင် ပြောကြားခဲ့သည်။

ရှူယီဂျိုးရဲတိုက်သည် ဂျပန်နိုင်ငံအပါအဝင် အိုကီနာဝါစီရင်စုပြည်သူများ၏ အထင်ကရ ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်ကြောင်း ဒါရိုက်တာ မီချက်တယ် ရို့စ်လာက ပြောကြားခဲ့သည်။

ဂျပန်အစိုးရက တောင်းဆိုမှုပြုမည်ဆိုပါက ယူနက်စကိုကျွမ်းကျင်ပညာရှင်များအား အဆိုပါနေရာသို့ စေလွှတ်ရန် စီစဉ်ထားပါကြောင်း ဒါရိုက်တာ မီချက်တယ် ရို့စ်လာက ဆိုသည်။ ထို့ပြင် ၂၀၁၀ ပြည့်နှစ်တွင် မီးလောင်ဆုံးရှုံးခဲ့ရသည့် ယူဂန်ဒါရှေးဟောင်းအမွေအနှစ်နေရာတစ်ခု ပြန်လည်တည်ဆောက်ရေးနှင့်ပတ်သက်ပြီး ၎င်းက ဥပမာပေးပြောကြားခဲ့သည်။

ယူနက်စကိုနှင့် ဂျပန်တာဝန်ရှိသူများသည် လာမည့်ရက်သတ္တပတ်တွင် တွေ့ဆုံကာ အဆိုပါရဲတိုက် ပြန်လည်တည်ဆောက်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးမည်ဖြစ်သည်ဟု ဒါရိုက်တာ မီချက်တယ် ရို့စ်လာကပြောကြားခဲ့သည်။

ရှူယီဂျိုး ရဲတိုက်သည် ရှေးဟောင်းအမွေအနှစ်တည်နေရာရှိ သမိုင်းဝင်နေရာ ကိုးခုအနက် တစ်ခုဖြစ်သည်။

သို့သော် ရှူယီဂျိုးရဲတိုက် မီးလောင်ကျွမ်းခဲ့သော်လည်း အဆိုပါရှေးဟောင်းအမွေအနှစ်တည်နေရာကို ယူနက်စကို ရှေးဟောင်းအမွေအနှစ်စာရင်းမှ ထုတ်ပယ်မည်မဟုတ်ပါကြောင်း ဒါရိုက်တာ မီချက်တယ် ရို့စ်လာက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ရေတာရှည်မြို့နယ်တွင် မဟာကံမြင့်ကံသာစေတီတော် ဌာပနာများ ဖောက်ထွင်းခိုးယူမှုဖြစ်ပွား

**ရေတာရှည် နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ထန်းကုန်းကျေးရွာမြောက်ဘက်တစ်ဖာလုံခန့်အကွာ၌ တည်ထားကိုးကွယ်သည့် မဟာကံမြင့်ကံသာ ဓာတ်ပေါင်းစုစေတီတော်၏ ဌာပနာများ ဖောက်ထွင်းခိုးယူခံရကြောင်း သိရှိရသဖြင့် ထန်းကုန်းကျေးရွာနေ ဒေသခံများက ရေတာရှည် မြို့မရဲစခန်းသို့ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က လာရောက်သတင်းပို့တိုင်တန်းခဲ့သည်။

အခင်းဖြစ်ပွားသည့် ထန်းကုန်း ကျေးရွာသို့ စခန်းမှူး ဒုတိယရဲမှူး အေးထွန်း၊ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်ဇော်မြင့်ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မဟာကံမြင့်ကံသာ ဓာတ်ပေါင်းစုစေတီတော် အပေါ်လုံးပတ်ပိုင်း အရှေ့တောင်ထောင့် ရွှေချထားသည့် ဌာပနာထည့်သွင်းပူဇော်ထားသည့်နေရာ၌ အလျား ၁၃ လက်မ၊ အနံ ၄ လက်မခန့်ရှိအပေါက်တစ်ခုဖောက်၍ ကြေးဆင်းတုရုပ်ပွားတော် ၁၀ ဆူ၊ ရွှေနားကပ် လေးရန်၊ ရွှေကလစ်ဆံထိုး တစ်စုံ၊ ရွှေကြယ်သီးတစ်စုံ၊ မကျည်းစေ့အရွယ်ခန့်ရှိ ကျောက်စိမ်းလုံးချော ခုနစ်လုံးတို့ ပျောက်ဆုံးသွားသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ရေတာရှည်မြို့ရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)



ဗျာလူး(ခ)ဇူစူးအား ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁**

မူးယစ်တပ်ဖွဲ့စု(၃၂)မြဝတီမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် မွန်းလွဲပိုင်းက မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အောင်မြေရွှေဘို(၁)လမ်းနေ ဒေါ်စန်းစန်းမြင့်၏ နေအိမ်ကိုရှာဖွေရာ နေအိမ်အတွင်းနှင့် ခြံဝင်းအတွင်းတို့မှ စိတ်ကြွဆေးပြား ၁၄၅၅ ပြားနှင့် ငွေကျပ်၂၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့များပါဝင်သောပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ ဆည်ကြီးကျေးရွာနေ ချစ်သင်း(ခ)ချစ်သိန်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွဆေးပြား ၅၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ်၊ မူဆယ်-လားရှိုးသွား မြို့ရှောင်လမ်း အိုရီယမ်တယ် တိုးဂိတ်အနီးတွင် ဗျာလူး(ခ)ဇူစူး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၄၀၀၀၊ ငွေကျပ် ခုနစ်သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု(၂၇)လှိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် ကွန်ဟိန်းမြို့နယ် ကာလိမြို့ တာကော်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စိုင်းထွန်းအေး မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်ကို ရပ်တန့်ရှာဖွေရာ ကက်တမင်း ကီလို ၁၀၀၊ မြန်မာငွေကျပ် ၃၈၄၀၀၀၊ ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၅၅၂၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

# မြစ်ကြီးနား-ဗန်းမော် ကားလမ်း၌ ယာဉ်တစ်စီး မီးလောင်

**ဝိုင်းမော် နိုဝင်ဘာ ၁**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မြစ်ကြီးနား-ဗန်းမော် ကားလမ်း၌ ယနေ့နံနက်ပိုင်းက မော်တော်ယာဉ် တစ်စီး မီးလောင်ကျွမ်းခဲ့ကြောင်း ဝိုင်းမော်မြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ က ဝိုင်းမော်မြို့နယ် အောင်မြေ(၂)ကျေးရွာအနီး မြစ်ကြီးနား- ဗန်းမော်ကားလမ်းတွင် ယာဉ်တစ်စီး မီးလောင်နေကြောင်း သတင်းအရ ဝိုင်းမော်မြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးကျော်စွာထွန်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်မှာ မော်တော်ယာဉ်ခေါင်းခန်း ဒက်ရှ်ဘုတ်အတွင်းရှိ ဝိုင်ယာကြိုးအပူလွန်ကဲကာ မီးစတင်လောင်ခြင်းဖြစ်ပြီး ယာဉ်မောင်းသူမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည့် ယာဉ်မောင်းအား စုံစမ်းဖော်ထုတ်နိုင်ရန် ဝိုင်းမော်မြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

# ဘုတ်ပြင်းမြို့နယ် ဝါးဒင်းကျေးရွာအနီး၌ အရေခွံများခွာထားသည့် တောဆင်ရိုင်းတစ်ကောင် တွေ့ရှိ

**ပြည်ကြီးမဏ္ဍိုင် နိုဝင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့ ဝါးဒင်းကျေးရွာ ဝါးဒင်းချောင်းဖျားအနီးတွင် အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီခန့်က အရေခွံခွာယူထားသည့် တောဆင်ရိုင်းတစ်ကောင် တွေ့ရှိကြောင်း သိရသည်။

ဘုတ်ပြင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးတင်မောင်လတ်ပါ ခြောက်ဦး၊ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ် နေဇင်လင်း၊ လက်ထောက်တိရစ္ဆာန်ကျန်းမာရေးမှူး ဦးနိုင်လင်းတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဝါးဒင်းကျေးရွာ ဝါးဒင်းချောင်းဖျား၌ အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီခန့်က တောဆင်ရိုင်းတစ်ကောင် သေဆုံးနေကြောင်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝါးဒင်းကျေးရွာ ယုဇနဆီအုန်းကုမ္ပဏီစက်ရုံ အနောက်ဘက် ငါးမိုင်ခန့်အကွာ ဝါးဒင်းချောင်း အနောက်ဘက် ပေ ၈၀ တံတားအနီးတွင် ဆင်သားရေ ခွာယူသွားပြီး အဆိပ်လူးမြှားဒဏ်ရာဟု ယူဆရသော ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ကြီးမဏ္ဍိုင်မြို့နယ်မြေ ရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းကျေးရွာအနီးမှ တရားမဝင်ကြက်တိုက် လောင်းကစားဝိုင်း ဖမ်းမိ

**စစ်ကိုင်း နိုဝင်ဘာ ၁**

စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းကျေးရွာအနီး လူမနေသည့် သရက်ခြံအတွင်းမှ တရားမဝင် ကြက်တိုက်လောင်းကစားဝိုင်း ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ ရက် ညနေ ၃နာရီခွဲခန့်က စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှ ဒု- မြို့နယ်မှူး ဒု-ရဲမှူးဇော်လွင် ဦးစီးသောအဖွဲ့သည် ကြက်တိုက်လောင်းကစားပြုလုပ်နေကြောင်းသတင်းအရ အခင်းဖြစ်နေရာသို့ သွားရောက်ရှာဖွေဖမ်းဆီးရာ စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းကျေးရွာမြောက်ဘက် ဦးဖိုးကဲ၏ လူမနေသည့် သရက်ခြံအတွင်း၌ ကြက်တိုက် လောင်းကစားပြုလုပ်နေသည်ကို တွေ့ရှိရသဖြင့် ဝင်ရောက်ဖမ်းဆီးရာအမျိုးသား ၁၀ ဦး နှင့် ဖဲထုပ်နှစ်ထုပ်၊ ကြက်နှစ်ကောင်၊ စက်ဘီး တစ်စီး၊လက်ကိုင်ဖုန်း ငါးလုံး၊ ဆိုင်ကယ်မျိုးစုံ ၄၉ စီး၊ ငွေစက္ကူရောရာ ကျပ် ၂၀၂၄၅၀ တို့ကို ဖမ်းဆီးရမိသဖြင့် စစ်ကိုင်းမြို့မရဲစခန်းက လောင်းကစားဥပဒေအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

# ရွှေဘိုမြို့တွင် မီးအားမြှင့်စက်အပူလွန်ကဲရာမှ ဂိုဒေါင်တစ်လုံး မီးလောင်

**ရွှေဘို နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် အောက်တိုဘာ ၃၀ ရက် ည ၇ နာရီ ၁၅ မိနစ်က ရွှေဘိုမြို့ အမှတ်(၈) ရပ်ကွက် ဝန်တော်အိမ်ရပ်ရှိ ကုန်ပစ္စည်း သိုလှောင်သော ဂိုဒေါင်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ဂိုထောင်တာဝန်ခံ ဦးစည်သူအား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)



# သထုံမြို့နယ်၌ ၁၀ လအတွင်း ယာဉ်တိုက်မှု ၁၁၁မှု ဖြစ်ပွား၊ ၄၃ ဦးသေဆုံး

**သထုံ နိုဝင်ဘာ ၁**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ယာဉ်တိုက်မှု ၁၁၁ မှု ဖြစ်ပွားခဲ့ပြီး ၄၃ ဦး သေဆုံးခဲ့ကြောင်း သထုံအမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစ၍ အောက်တိုဘာ ၃၁ ရက်အထိ သထုံမြို့နယ်တွင် ယာဉ်မတော်တဆမှုပေါင်း ၁၁၁ မှုအထိ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ရှစ်ဦးနှင့် ဒဏ်ရာရှိသူ အမျိုးသား ၁၀၃ ဦး၊ အမျိုးသမီး ၃၅ ဦးရှိခဲ့ကြောင်း သထုံအမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့ စုမှူး ရဲအုပ်မင်းသူထံမှ သိရသည်။

လှိုင်ထွန်းအောင်(သထုံ)



# ရှေ့နေနှင့်ဘာလင်ခရီး

## ခဲ ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ "

"ဗျာ "

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ "

"ရှေ့နေနှင့် ဘာလင်ခရီးပါတဲ့ "

"ဪ . . . ပြီးခဲ့တဲ့ အပတ်က ရှေ့နေနှင့် လန်ဒန်ခရီး ဆောင်းပါးအဆက်ပေါ့ "

"ဟုတ်ပါတယ်။ ဥရောပ သုံးနိုင်ငံခရီးအကြောင်း လိုတိုရှင်းရေးထားတာပါ"

"ဒီဆောင်းပါးက ဂျာမနီ(ဘာလင်)အကြောင်း မဟုတ်လား "

"ဟုတ်ပါတယ်၊ ဖတ်ကြည့်ကြစို့"




**ဘာလင်**

ဂျာမနီနိုင်ငံ၏ မြို့တော် ဘာလင်။

ထင်ရှားသောမြို့။ သမိုင်းဝင်သောမြို့။ လန်ဒန်မှ easyjet လေယာဉ်ဖြင့် ၁၂-၁၀-၂၀၁၉ ရက်နေ့တွင် ဘာလင်သို့ ရောက်သည်။

သမ္မတအုပ်ချုပ်သည်။ ဖက်ဒရယ်ပါလီမန်စနစ် ကျင့်သုံးသည်။ ၃၅၇၀၂၁ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။ ယူရိုငွေကြေးသုံးသည်။

Brandenburg Gate ( ဘာလင်တံတိုင်းဂိတ်)၊ Rebuilt Reinchstg (ဂျာမန်ပါလီမန်ရုံးစိုက်ရာအဆောက်အအုံ) နှင့် Museum Island (Spress မြစ်နှင့် Kupfergraben အကြားတည်ရှိသော တူးမြောင်းအလှအပ)တို့ဖြင့် ထင်ရှားတည်ရှိသည်။

**Facebook မိတ်ဆွေများ**

ဘယ်နေရာရောက်ရောက် မနက်မိုးလင်းတိုင်း မကြည့်မဖြစ် Facebook ကို ကျွန်တော် ကြည့်သည်။ သတင်းစုံသည်။ ဝေဖန်ချက်စုံသည်။ မိတ်ဆွေများနှင့် တွေ့ရသည်။ သတိရကြသည်။ ဘယ်ရောက်နေလဲ။ နေကောင်းကြရဲ့လား စသည် .... ။ F.B မှ နှုတ်ဆက်ကြသည်။

နေပြည်တော်မှ တရားလွှတ်တော်ရှေ့နေကြီး ဦးမြသိန်း၊ ရန်ကုန်မှ တရားလွှတ်တော်ရှေ့နေကြီး ဦးမင်းစိန်၊ တောင်ငူမြို့မှ စာရေးဆရာအသင်းအတွင်းရေးမှူး ဦးဇော်ဇော်၊ ပဲခူးမြို့မှ ဒေါ်သန်းသန်းဦး၊ ပခုက္ကူမြို့မှ ဦးခင်မောင်မြင့်(အန်တီမြမုန့်ဟင်းခါး) ၊ မုံရွာမှ ဥပဒေချုပ်(ငြိမ်း) ဦးမောင်မောင်လင်း၊ ပြင်ဦးလွင်မှ ဦးပေါ်ဦး၊ မြတ်ခိုင်၊ ဟိန်းလတ်၊ နန်းအေးအေးကြည်၊ နီနီစိုး၊ ပိုကြည်၊ တင်ဝင်းလှိုင်၊ ခင်သန်းစု၊ လွင်လွင်၊ ဒေါ်လီဗားမား၊ ခင်မျိုးကြည်၊ မြစန္ဒီတင်နှင့် အခြားအခြားသော ချစ်မိတ်ဆွေများ၊ ရှေ့နေ၊ ဥပဒေ၊ တရားရေး၊ စာပေ၊ သတင်းမီဒီယာ၊ အဂတိတိုက်ဖျက်ရေး စသည့်အဖွဲ့အစည်းမှ Facebook မိတ်ဆွေများ၊ စာဖတ်ပရိသတ်များ...။ စာပေကုန်ကြမ်းစုခဲ့ဖို့၊ တန်ဖိုးရှိသော ခရီးဖြစ်ဖို့၊ တိုင်းပြည်အတွက် အထောက်အပံ့၊ အကူအညီ၊ အကြံဉာဏ် ကောင်းပေးနိုင်ဖို့ အချိန်ကုန်ရုံ အပျော်ခရီးသက်သက်မဖြစ်ဖို့ စသည့် ...။ စေတနာရှင်များ ... ။

**အကွဲအပြဲ**

အကွဲအပြဲကို ဘာလင်မှာ အသေအချာ မြင်ရသည်။ သမိုင်းနှင့်ချီသည်။ ကမ္ဘာနှင့် ယှဉ်သည်။ မေ့ရက်စရာမရှိ။ ချစ်ခင်မှု ၊ ညီညွတ်မှု၊ စည်းလုံးမှုပျောက်၊ ရန်သူအဖြစ်ရောက်၊ ပြီးမှ ပြန်လည် ပေါင်းစည်း။ ဤခရီး မနီးခဲ့။ ဝေးခဲ့သော ထိုအတိတ်။ အရိပ်ပမာ ရှိပါစေတော့။ ဘာလင်အတွေးဟု တိုတိုရေးပါရစေ။ ရှည်ရှည်ဝေးဝေး နောင်များမှ ရေးကြပါစို့။

ကျောင်းသားဘဝက အားပါးတရ ဖတ်ခဲ့ရသော ခေါင်းဆောင်ကြီး ဟစ်တလာကို မမေ့နိုင်ပါ။ ရုရှား ခေါင်းဆောင်ကြီး ဘရက်ဇနက်၏အနမ်း။ လွတ်လပ်သော ပြည်သူတွေ။ ဒီမိုကရေစီ၏ အနှစ်သာရ။ သတင်းမီဒီယာ၏အခန်းကဏ္ဍ လက်ညှိုးငေါက်ငေါက်ထိုးပြီး ဝေဖန်နိုင်သော ပါလီမန်ထဲက ပွင့်လင်းမြင်သာမှု။ ဘာလင်တံတိုင်း၏စစ်ကျန်၊ လက်ကျန်ပြရုပ်များ။ ထုဆစ်မှုများ။ ဟိုဘက်ခြမ်းက ဒီမှာ။ ဒီဘက်ခြမ်းက ကြေမွနေပြီဗျာ။ ဟိုဘက်က တိုးတက်သည်။ ဒီဘက်က ဆင်းရဲသည်။

ဟိုဘက်စနစ်က ဤသို့၊ ဒီဘက်စနစ်က ဤပုံ။ သင်ခန်းစာအစုံစုံ ယူကြပေရော့။ ဓာတ်ပုံမှတ်တမ်း၊ တံတိုင်းမှတ်တမ်း၊ အပျက်အစီးမှတ်တမ်း၊ ရန်သူ့စခန်းမှတ်တမ်း၊ မိတ်ဆွေစခန်းမှတ်တမ်း။ လက်နက်စက်ရုံ၊ တိုက်ပွဲဖြစ်ခဲ့သည့် နေရာတွေ၊ ထောင်းလမောင်းကြေ။ စစ်ဘေးစစ်ဒဏ်၏ လက်ကျန်နေရာများသို့ ကျွန်တော် ရောက်ခဲ့ပေသည်။

**German Association of Judges**

၁၉၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အဖွဲ့ဝင် ၁၅၀၀၀ ကျော်ရှိပြီ ဖြစ်ပါသည်။ ဥပဒေအရာရှိများ၊ တရားသူကြီးများသည် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ပါသည်။

( အဆိုပါရုံး စာကြည့်တိုက်သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၁၈၊ နှစ်ပတ်လည် အစီရင်ခံစာ (အင်္ဂလိပ်ဘာသာ) စာအုပ်ကို ကျွန်တော်ပေးအပ်လှူဒါန်းသည်) စိတ်ဝင်စားစွာ လက်ခံရယူသည်။ မော်ကွန်းပြုသည်။ E.mail ဖလှယ်သည်။ ရေရှည် ဆက်သွယ်မည်။

**ဒုတိယကမ္ဘာစစ်**

ဒုတိယကမ္ဘာစစ်ကို ကျွန်တော် ခဏတာသတိရ။ ဆိုဗီယက်တို့ ဦးဆောင်သော ဂျာမနီအရှေ့ပိုင်း။ အမေရိကန်နှင့်ပြင်သစ်က အနောက်ဂျာမနီကို ဦးဆောင်။ ကွဲပြားခဲ့ကြ။ စိတ်ဝမ်းကွဲကြ။ နာကြည်းကြ။ ဒေါသပေါက်ကွဲကြ။ သမိုင်းမှာ ဖျောက်ဖျက်မရ။

တံတိုင်းကြီးတွေ ဘယ်လိုကာခဲ့သော်ငြား အရှေ့မှ အနောက်သို့ ကူးပြောင်းခဲ့သူ လူဦးရေ ခုနစ်သန်းရှိခဲ့ပါသတဲ့။ ၁၉၅၂ ခုနှစ်ဆီကပါ။ ဘာလင်တံတိုင်းဆောက်ခဲ့သည်ပါ။ အရှည် ၁၀၃ မိုင်၊ အမြင့် ၁၂ ပေ။ အထူ တစ်ပေခွဲ။

ဆက်ဆံရေးက တင်းမာလှ။ ၁၉၆၁ မှာ သံဆူးကြိုးပါ ထပ်မံကာပါသတဲ့။ လျှပ်စစ်ဓာတ်ကိုပင် အချိန်ပြည့် လွှတ်ထားခဲ့သော တံတိုင်း။ ၁၉၈၉ မှာ ဆန္ဒပြ။ အကြီးအကျယ် ဆန္ဒပြ။ ဘာလင် တံတိုင်းကြီးပြိုကျ။ ဖြိုချ။ ယနေ့တော့ အရှေ့အနောက် ဂျာမနီ ပူးပေါင်းခဲ့ပါပြီ။ ကမ္ဘာတုန်ဟည်း အံ့ချီးဘနန်းပါ။




German Association of Judges အတွက် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၁၈ နှစ်ပတ်လည်အစီရင်ခံစာ (အင်္ဂလိပ်ဘာသာ) စာအုပ်ကို ဦးဟန်ညွန့်(ဥပဒေ)က ပေးအပ်စဉ်။

**German Press Council**

၁၉၅၆ တွင် စတင်တည်ထောင်ခဲ့ပြီး သတင်းမှားများ ရေးသားဖော်ပြမှုနှင့် မမှန်မကန်သော သုတေသန စာတမ်းများ ပြုစုဖော်ပြမှုကို ရှောင်ရှားစေရန် ရည်မှန်းချက်ထားပါသည်။ ပုံနှိပ်ထုတ်ဝေခြင်းနှင့် ရေးသားဖော်ပြခွင့်ကို အမိန့်ထုတ်ဆင့်ခွင့် ခွင့်ပြုမိန့်ပေးခွင့် ပိတ်သိမ်းခွင့်မရှိသော်လည်း သတိပေးတားမြစ်မိန့် ထုတ်ဆင့်ခွင့်ရှိသည်။ မီဒီယာလွတ်လပ်ခွင့်အတွက် အဓိကထားဆောင်ရွက်ပြီး ဂျာနယ်၊ သတင်းစာများ အနေဖြင့် မိမိတို့ကိုယ်ကျိုးစီးပွားအတွက် ဦးတည်ရေးသား ချက်များကို တားမြစ်ရေးတွင် အဓိက အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ နှစ်စဉ် မီဒီယာနှင့်ပတ်သက်သည့် တိုင်ကြားချက် ၆၀၀ မှ ၈၀၀ အထိ ကိုင်တွယ်ဖြေရှင်းပေးရပါသည်။ သီးခြားရပ်တည်သော အဖွဲ့အစည်းဖြစ်ပါသည်။ အပြစ်ပေးအရေးယူမှုထက် မီဒီယာများ မှန်ကန်သောလမ်းကြောင်းပေါ်သို့ ဦးတည်ရေးသားနိုင်ရေး ဦးတည်ဆောင်ရွက်ပါသည်။

**အွန်လိုင်းမီဒီယာနှင့် ပတ်သက်သည့်ဥပဒေအသစ်**

Germany’ Network Enforcement Act ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ အွန်လိုင်းပေါ်တွင် မမှန်မကန်ရေးသားခြင်းများ အမုန်းစကားများ ရေးသားခြင်းများကို အဓိက ထိန်းချုပ်ရန် ရည်ရွယ်ပါသည်။

Website များတွင် ဆောင်းပါး ၇၀၀ ခန့် နေ့စဉ်ရေးသားဖော်ပြနေသည်ကို တွေ့ရှိရပြီး သတင်းစာပေါင်းများစွာ အွန်လိုင်းမှတစ်ဆင့် ရောင်းချနိုင်သည်ကို တွေ့ရှိရပါသည်။

**Ministry of Justice**

၁၈၇၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လက်ရှိဝန်ကြီးမှာ Christine Lambrecht ဖြစ်ပါသည်။ ဝန်ထမ်းဦးရေ ၇၈၉ ဦးခန့်ရှိပြီး အခြားအလုပ်သမား ၇၈၉ ဦးရှိပါသည်။ ဘာလင်မြို့တွင် အခြေစိုက်ပြီး အခြားဝန်ကြီးဌာနများ၏ ဥပဒေပြုရေး၊ ပြင်ဆင်ရေးတို့နှင့်ပတ်သက်၍ အကြံပေးခြင်းများ ပြုလုပ်ပါသည်။ (သီးခြားဆောင်းပါး ရေးပါမည်)

**German Federal Press Conference**

ဂျာမနီနိုင်ငံရှိ ဝန်ကြီးဌာန ၁၄ ခု ဝန်ကြီးများ၊ အကြီးအကဲများသည် မိမိတို့ဌာန၏ လုပ်ငန်း ဆောင်ရွက်မှုများကို မီဒီယာများမှတစ်ဆင့် ပြည်သူလူထုသို့ ချပြနိုင်ရေး အပတ်စဉ် သတင်းစာ ရှင်းလင်းပွဲပြုလုပ်ပါသည်။ ၁၉၄၉ တွင် စတင်ခဲ့သည့် အဆိုပါ ကွန်ဖရင့်ကို သတင်းထောက် ၉၀၀ ခန့်မှ ဦးဆောင် ဆောင်ရွက်ခဲ့ပါသည်။

**Federal Court of Justice**

Ministry of Justice ၏စီမံခန့်ခွဲမှု ကြီးကြပ်မှုအောက်တွင်ရှိပြီး အမှုကိစ္စများတွင် Federal Court of Justice ၏ ဆုံးဖြတ်ချက်သည် အများအားဖြင့် အတည်ဖြစ်ပြီး Federal Constitutional Court ကသာ ပြင်ဆင်နိုင်စွမ်းရှိပါသည်။ ၁၉၄၅ ခုနှစ်တွင် လုပ်ငန်းစတင်ခဲ့ပြီး ကိုယ်စားလှယ် ၂၅ ဦး ပါဝင်သည့်အဖွဲ့က ဦးဆောင်ပါသည်။ တရားမမှု ကျွမ်းကျင်သူ ငါးဦး၊ မှုခင်းကျွမ်းကျင်သူ ငါးဦး၊ အထူးကျွမ်းကျင်သူ ရှစ်ဦးအနည်းဆုံးပါဝင်ဖွဲ့စည်းပါသည်။ တရားစီရင်ရေး မှန်ကန်တည့်မတ်စေရေး ဦးတည်ဆောင်ရွက်ပါသည်။ (သီးခြားဆောင်းပါးရေးပါမည်)

**European Court**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ရုံးစိုက်ပြီး ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ Donald Turk ဥက္ကဋ္ဌဖြစ်ပြီး အဖွဲ့ဝင် ၂၈ နိုင်ငံပါဝင်ပြီး နှစ်စဉ် အကြီးအကဲများ တွေ့ဆုံပါသည်။

**European Court of Human Right**

EU ညီလာခံမှ ဆင်းသက်လာခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ပြင်သစ်အခြေစိုက် တရားသူကြီး ၄၇ ဦးဖြင့်ဖွဲ့စည်းခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ပါသည်။ ထိုတရားရုံးသို့ လေ့လာရေးရောက်ခဲ့သည်။ (သီးခြားဆောင်းပါးရေးပါမည်)

ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို အမှုစစ်ပုံ စစ်ဆေးနည်း၊ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း၊ တက်ရောက်လေ့လာခြင်း၊ ဓာတ်ပုံရိုက်ခွင့်၊ သတင်းထောက်များ၏ နေရာစသည် ရှင်းပြပါသည်။ ကျွန်တော်တို့ မေးခွန်းများကို သူတို့စိတ်ရှည်စွာ ဖြေကြသည်။

လူ့အခွင့်အရေးဥပဒေစာစဉ်၊ စာအုပ်များတစ်ထွေ့တစ်ပိုက်ကြီး ပေးလိုက်ပါသည်။

**နိဂုံး**

(၁) အောက်တိုဘာ(၁)ရက်သည် ဂျာမန်ပေါင်းစည်းရေးနေ့ ( Day of German Unity ) ဖြစ်သည်။

(၂) “ နိုင်ငံရေးလုပ်တယ်ဆိုတာ ရန်သူကို မိတ်ဆွေဖြစ်အောင် လုပ်တာဗျ ” ဟု စာရေးဆရာကြီး ဒဂုန်တာရာက ပြောခဲ့သည်ကို သတိရအောက်မေ့လျက် ဘာလင်မြို့ကို နှုတ်မဆက်ဘဲ ကျွန်တော် ပြန်လည်ထွက်ခွာခဲ့ပါသည်။ ။



## မြေများသိမ်းဆည်းခြင်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ ညှိနှိုင်းစည်းဝေး

**တောင်ကြီး နိုဝင်ဘာ ၁**
ရှမ်းပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၆/၂၀၁၉)ကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြေယာကိစ္စတင်ပြတိုင်ကြားမှုများအပေါ် စိစစ်ဖြေရှင်းဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်သည့်မြေယာများအား သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းလုပ်ငန်းများကို စိစစ်ဖြေရှင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှ ပေးပို့လာသော မြေယာကိစ္စတိုင်ကြားစာပေါင်း၆၂၄ မှုရှိပြီး ၄၈၅ မှုကို စိစစ်ဖြေရှင်းဆောင်ရွက်ခဲ့ပြီး ကျန်ရှိသည့် ၁၃၉ မှုကိုလည်း အမြန်ဆုံးပြီးပြတ်စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်သည့် စုစုပေါင်း အမှုကိစ္စပေါင်း ၃၃၂ မှု၊ မြေဧရိယာ ၈၁၄၄၂ ဒသမ ၁၅၇ ဧက လွှဲပြောင်းပေးအပ်ပြီး ဧရိယာ ၈၀၃၉၃ ဒသမ ၇၅၅ ဧက လွှဲပြောင်းပေးရန် ကျန်ဧရိယာ ၁၀၀၇ ဒသမ ၄၆၂ ဧက၊ မြေပြင်စိစစ်လျှော့နည်းဧရိယာ ၄၀ ဒသမ ၉၄၀ ဧကဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အမှုတစ်မှုချင်းအလိုက် ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

## မြန်မာအမျိုးသားလေကြောင်းအဆောက်အအုံအား အပြာရောင်ကမ္ပည်းပြားတပ်ဆင်

**ရန်ကုန် နိုဝင်ဘာ ၁**
ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ကမ်းနားလမ်းရှိ မြန်မာအမျိုးသားလေကြောင်း၏ ရုံးချုပ်အဆောက်အအုံ(ယခင်ဘုံဘေဘားမားကုန်သွယ်ရေးကော်ပိုရေးရှင်း လီမိတက်ရုံးချုပ်) အား အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ပြအမွေအနှစ်အထိမ်းအမှတ်အဖြစ် ၃၄ ခုမြောက် အပြာရောင်ကမ္ပည်းပြား တပ်ဆင်သည်။

"ဒီအဆောက်အအုံကြီးကို ရောက်လာမယ်ဆိုရင် နောင်မျိုးဆက်တွေ၊ ပြည်သူတွေ၊ နိုင်ငံတကာက ရောက်လာကြမယ့် ဧည့်သည်တွေ အားလုံးဟာ မြန်မာနိုင်ငံရဲ့ သမိုင်းကို အဆောက်အအုံတွေကနေ သိရှိသွားမယ်၊ မြို့ကို ဘယ်လောက်ထိန်းသိမ်းစောင့်ရှောက်ထားသလဲဆိုတာ ဂုဏ်ယူဖွယ်ထုတ်ဖော်ပြသနိုင်မှာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

အဆိုပါအဆောက်အအုံကို ၁၉၁၅ ခုနှစ်တွင်တည်ဆောက်ခဲ့ပြီး လွတ်လပ်ပြီးနောက်ပိုင်းတွင် ပြည်သူပိုင်ပြုလုပ်ကာ ပြည်ထောင်စုမြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့က ၁၉၄၉ ခုနှစ်တွင် ငွေကျပ် ခုနစ်သိန်းဖြင့် ဝယ်ယူအသုံးပြုခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မြန်မာအမျိုးသားလေကြောင်းအဖြစ် အမည်ပြောင်းခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်း၏ ရုံးချုပ်အဆောက်အအုံကို ကိုလိုနီခေတ်က မြန်မာနိုင်ငံ၏ ကျွန်းသစ်များ အများဆုံးတင်ပို့ခဲ့သည့် ဘုံဘေဘားမားကုန်သွယ်ရေးကော်ပိုရေးရှင်းက ရုံးချုပ်အဖြစ် အသုံးပြုခဲ့ကြောင်း၊ ဘုံဘေဘားမားကော်ပိုရေးရှင်းသည် မြန်မာ့ကိုလိုနီခေတ်သမိုင်းတွင် အရေးပါသောနေရာ၌ ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံအား ဗြိတိသျှတို့ ကျူးကျော်၍ ကိုလိုနီပြုခြင်းတွင် အဓိကကျခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက ဘုံဘေဘားမားကော်ပိုရေးရှင်းသည် မြန်မာနိုင်ငံသမိုင်းတွင် သတင်းဆိုးဖြင့် ကျော်ကြားခဲ့ကြောင်း၊ ယနေ့အထိမ်းအမှတ်ကမ္ပည်းပြားတပ်ဆင်ခြင်းသည် ၎င်းတို့အား အမှတ်ရစေရန်မဟုတ်ဘဲ ယနေ့အချိန်အထိ သက်ရောက်နေသေးသည့် မိမိတို့၏ ကိုလိုနီခေတ် အတိတ်သမိုင်းကို အမှတ်ရစေရန်ဖြစ်ကြောင်း ပြောကြားသည်။

ဘုံဘေဘားမားကော်ပိုရေးရှင်းသည် မူလက မြန်မာနိုင်ငံမှ ဘုံဘေသို့ လက်ဖက်တင်ပို့နိုင်ရန် Wallace Bros & Co အဖြစ် စတင်ခဲ့ပြီး ၁၈၆၃ ခုနှစ်တွင် ဘုံဘေဘားမားကုန်သွယ်ရေးကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းခဲ့ကြောင်း၊ ကော်ပိုရေးရှင်းသည် အထက်မြန်မာနိုင်ငံတွင် သစ်ထုတ်ယူခွင့်ကို မင်းတုန်းမင်းထံမှ ရရှိခဲ့သော်လည်း သီပေါမင်းလက်ထက်တွင် သစ်ကိစ္စအငြင်းပွားရာမှ အင်္ဂလိပ်-မြန်မာ တတိယကျူးကျော်စစ်ဖြစ်ပွားကာ ကုန်းဘောင်မင်းဆက် အဆုံးသတ်ခဲ့ရကြောင်း သိရသည်။

**ဇာနည်မောင်**





# e-ID စနစ် လုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံ၏ e-ID စနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် e-ID စနစ် လုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသာဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အကောင်အထည်ဖော်ဆောင်ရွက်မည်**

အစီအစဉ်အရ ရှေးဦးစွာ e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက e-Government စနစ်အကောင်အထည်ဖော်ရာတွင် အခြေခံကျသည့် နိုင်ငံတွင်းနေထိုင်သူများကို နည်းပညာအသုံးပြု၍ မှတ်ပုံတင်သည့် e-IDစနစ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် e-ID စနစ်လုပ်ငန်းကော်မတီကို ဖွဲ့စည်းကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်အား မြန်မာနိုင်ငံနှင့် ဩစတြီးယားနိုင်ငံ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းဖြစ်ပြီး မိမိတို့ ဝန်ကြီးဌာနနှင့် ဩစတြီးယားနိုင်ငံ OeSD ကုမ္ပဏီတို့က လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆို၍ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ဩစတြီးယားနိုင်ငံ OeSD က e-IDစနစ်တည်ဆောက်ရန်အတွက် အဆိုပြုတင်ပြသည့် စီမံကိန်းအဆိုပြုလွှာကို ဆက်စပ်ဝန်ကြီးဌာနများ၊ e-ID စနစ် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများ ၊ အထူးသဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU)၊ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအောက်တွင် ဖွဲ့စည်းထားသည့် အခြေခံအဆောက်အဦ၊ စနစ်နှင့် ပုံစံဒီဇိုင်းဆပ်ကော်မတီနှင့် ဆိုက်ဘာလုံခြုံရေးဆပ်ကော်မတီ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ကို လေ့လာသုံးသပ်အကြံပြုချက်များ တောင်းခံခဲ့ကြပါကြောင်း၊ ယင်းလေ့လာ သုံးသပ်အကြံပြုချက်အပေါ် ညှိနှိုင်းအစည်းအဝေးများ ကျင်းပဆောင်ရွက်ခဲ့ပြီး ဩစတြီးယားနိုင်ငံ OeSD နှင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် စာချုပ်(မူကြမ်း)ကို ကော်မတီဝင်များ၊ ပညာရှင်အဖွဲ့အစည်းများနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ပါကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုများနှင့်ပတ်သက်၍ OeSD နှင့် အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းရန် လိုအပ်ချက်များကိုလည်း နည်းလမ်းပေါင်းစုံဖြင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ OeSD ကုမ္ပဏီမှ တာဝန်ရှိသူများသည်လည်း မြန်မာနိုင်ငံသို့လာရောက်၍ လုပ်ငန်းနှင့် ပတ်သက်သည့် ကော်မတီများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အသေးစိတ်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုများအပေါ် လုပ်ငန်းသဘောတူစာချုပ်ကို အကြိမ်ကြိမ် ပြင်ဆင်ဆောင်ရွက်ခဲ့ရာမှာ လက်ခံပြင်ဆင်ပေးသည့် အချက်အလက်များရှိသကဲ့သို့ ဩစတြီးယားနိုင်ငံ၏ မူဝါဒအရ ပြင်ဆင်ပေးခြင်းမရှိသည့်အချက်များကိုလည်းတွေ့ရှိရပါကြောင်း၊ နောက်ဆုံးအခြေအနေအရ လုပ်ငန်းသဘောတူစာချုပ်(မူကြမ်း)ကို အဓိကဆွေးနွေးရန် ကျန်ရှိသည့်အချက်မှာ ချေးငွေပေးချေမှုအပိုင်းဖြစ်ပါကြောင်း၊ OeSD က အဆိုပြုထားသည့် ပေးချေမှု၊ DACU က သဘောထားမှတ်ချက်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အကြံပြုချက်များအပေါ် ညှိနှိုင်းနေဆဲဖြစ်ပြီး ဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၏ အကြံပြုချက်များကိုလည်း ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

လုပ်ငန်းသဘောတူစာချုပ် နောက်ဆုံးပြင်ဆင်ထားမှုအခြေအနေကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပြီး သဘောထားမှတ်ချက်တောင်းခံထားပြီး ဖြစ်ပါကြောင်း၊ e-ID စနစ်တွင် Enrollment ဆောင်ရွက်ပြီးပါကနံပါတ်တစ်ခုပေးပြီး ကတ်ပြားထုတ်နိုင်ရန်အတွက် အသေးစိတ်အစီအမံကိုလည်း တင်ပြရန်ညှိနှိုင်းထားပါကြောင်း၊ အသေးစိတ်အချက်အလက်များကို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန်ရှိပါကြောင်း၊ အချိန်ကိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်ရေးဆွဲပြုစုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ e-ID စနစ် လုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းသဘောတူစာချုပ် အပြီးသတ်ဆွေးနွေးပြီးပါက စီးပွားရေးရာကော်မတီသို့ ပြန်လည်တင်ပြခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ အမြန်ဆုံး တင်ပြခွင့်ပြုချက် တောင်းခံခြင်းတို့ကို ဆောင်ရွက်ပြီး ခွင့်ပြုချက်ရရှိပါက လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် တက်ရောက်လာကြသူများအနေဖြင့် လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း) အပေါ် ထပ်မံပြီး ပြင်ဆင်/ဖြည့်စွက်လိုသည်များကို ပွင့်ပွင့်လင်းလင်းအကြံပြုဆွေးနွေးပေးကြရန်ဖြစ်ပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးသာဦး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဦးသက်အောင်တို့က e-ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် ဩစတြီးယားနိုင်ငံ OeSD ကုမ္ပဏီနှင့် ချုပ်ဆိုမည့် လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း)တို့အပေါ် သုံးသပ်အကြံပြုထားရှိမှုအခြေအနေ၊ နိုင်ငံတော်၏အရေးကြီးသည့် စီမံကိန်းတစ်ခုဖြစ်သည်နှင့်အညီ စာချုပ် (မူကြမ်း) အား အသေးစိတ်ဆွေးနွေးရန် လိုအပ်ပုံ၊ ဩစတြီးယားနိုင်ငံအစိုးရ၏ ချေးငွေအပေါ် DACU အဖွဲ့က သုံးသပ်အကြံပြုချက်များ၊ စာချုပ်၏ သဘောသဘာဝအရ မချုပ်ဆိုမီ အဘက်ဘက်မှ ဝိုင်းဝန်းသုံးသပ်အကြံပြုဆွေးနွေးနိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**သုံးသပ်အကြံပြု ဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသူများသည် ဝန်ကြီးဌာနနှင့် OeSD ကုမ္ပဏီတို့အကြား ချုပ်ဆိုမည့် လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း)နှင့်ပတ်သက်၍ ပါဝင်သည့် အချက်တစ်ချက်ချင်းစီအပေါ် အသီးသီးသုံးသပ်အကြံပြု ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး၍ ယခုအကြံပြုညှိနှိုင်းဆွေးနွေးမှုများကို ပြင်ဆင်ပြီးပါက OeSD သို့ ဆက်သွယ်ပေးပို့ ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပြီး e-ID စနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးနိုင်ရေး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## လျှပ်စစ်၊ ဂဟေ၊ မော်တော်ယာဉ်စက်ပြင်နှင့် လက်ကိုင်ဖုန်းပြင်သင်တန်းဖွင့်

**ထားဝယ် နိုဝင်ဘာ ၁**

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းတွင် လျှပ်စစ်၊ ဂဟေ၊ မော်တော်ယာဉ်စက်ပြင်နှင့် လက်ကိုင်ဖုန်းပြင်သင်တန်း အမှတ်စဉ် (၁၁/၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ စက်မှုလက်မှုပညာ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျက သင်တန်းတွင် လျှပ်စစ်၊ ဂဟေ၊ မော်တော်ယာဉ်စက်ပြင်နှင့် လက်ကိုင်ဖုန်းပြင် ဘာသာရပ်တို့ကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ဆောက်လုပ်ရေးသင်တန်းတွင် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး၊ ပိုက်ပြင်၊ ပိုက်ဆက်ပညာရပ်များ၊ လျှပ်စစ်သင်တန်းတွင် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းနှင့် Air – con ပြုပြင်ခြင်းပညာရပ်များ၊ ဂဟေသင်တန်းတွင် လျှပ်စစ်ဂဟေ၊ ဓာတ်ငွေ့ဂဟေပညာရပ်များ၊ မော်တော်ယာဉ်စက်ပြင်သင်တန်းတွင် အင်ဂျင်ပိုင်း၊ ကိုယ်ထည်ပိုင်း၊ မီးစနစ်ပိုင်းပညာရပ်များနှင့် လက်ကိုင်ဖုန်းပြုပြင်ခြင်းအတတ်ပညာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း ပြောသည်။

ထို့နောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ သင်တန်း၌ လျှပ်စစ် ၁၀ ဦး၊ ဂဟေ ၁၀ ဦး၊ မော်တော်ယာဉ် စက်ပြင် ၂၅ ဦး ၊ လက်ကိုင်ဖုန်းပြင်ငါးဦး စုစုပေါင်း ၅၀ အား အတတ်ပညာဘာသာရပ်များကိုရက်သတ္တ ၂၂ ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**စိန်ဝင်း**

## လျှပ်စစ်ပညာနှင့် ဆိုင်ကယ်ပြုပြင်ခြင်းအသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်

**ပုသိမ် နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနကျွမ်းကျင်မှုသင်တန်းကျောင်း၏ လျှပ်စစ်ပညာသင်တန်းနှင့် ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက အဆိုပါ သင်တန်းကျောင်း၌ ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းများဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါက်တာစိုးဝင်းက "နိုင်ငံတော်အစိုးရက ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး မီးလင်းရေးအတွက် ဆောင်ရွက်နေသည်ဖြစ်ရာ အိမ်တိုင်းနေရာတိုင်း၌ လျှပ်စစ်နှင့်ပတ်သက်သော နားလည်ကျွမ်းကျင်သူများရှိရန် လိုအပ်လာမည်ဖြစ်ကြောင်း၊ အိမ်တိုင်းနီးပါးဆိုင်ကယ်ရှိပြီး လူတိုင်းနီးပါး တောရောမြို့ပါ ဆိုင်ကယ်စီးနင်းသွားနေသူများရှိနေချိန် ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်းသည်လည်း လက်တွေ့အသုံးချနိုင်မည့် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုဖြစ်နေကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းပြီးဆုံးသည်အထိ ကြိုးကြိုးစားစားစည်းကမ်းရှိရှိ သင်ယူကြရန်နှင့် လုပ်ငန်းခွင်၌ လုပ်ငန်းများဆောင်ရွက်သည့်အခါ စေတနာကောင်းများထည့်၍ ဆောင်ရွက်ကြခြင်းဖြင့် အောင်မြင်မှုရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းကာလမှာ လျှပ်စစ်ပညာအသက်မွေးဝမ်းကျောင်းသင်တန်းကို ၃၅ ရက်နှင့် ဆိုင်ကယ်ပြုပြင် သင်တန်းကို တစ်လကြာ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား ၄၀ တက်ရောက်လျက်ရှိသည်။

သင်တန်း တက်ရောက်လိုသူများရှိပါကလည်း ကျွမ်းကျင်မှုသင်တန်းကျောင်း(ပုသိမ်)သို့ ဆက်သွယ်စာရင်းပေးကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**




### နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## တိုတိုထွာထွာဖတ်စရာ

### မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ပြန်လည်လက်ခံ

**ကော့သောင်း**
ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူများသည် မြန်မာရွှေ့ပြောင်းအလုပ်သမားအမျိုးသား ၇၆ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း အလုပ်သမား၈၇ ဦးကို အောက်တိုဘာ ၃၁ ရက် ညနေပိုင်းက ကော့သောင်းနယ်စပ်ဂိတ်သို့ လာရောက်လွှဲပြောင်းပေးအပ်သည်။

လာရောက်လွှဲပြောင်းပေးသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက ကြိုဆိုလက်ခံကြကာ ပြည်သူ့ကျန်းမာရေးဌာနမှ လိုအပ်သည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများဆောင်ရွက်ပေးပြီး ယင်းတို့၏နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်းသိရသည်။ **ကျော်စိုး(ကော့သောင်း)**

### လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**ပန်းတောင်း**
ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်ဦးနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းဇော်တို့သည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းမှ ကျောက်ကြီးဘောင်ချောင်း ကျောက်လမ်းနှင့် စင်မြင့်ရေတင်လုပ်ငန်းများကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပန်းတောင်း)**



### ပျဉ်းမနားမြို့တွင် မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြ

**ပျဉ်းမနား နိုဝင်ဘာ ၁**
နေပြည်တော် ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်သူရကျော်၏ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့ သရုပ်ပြသခြင်းကို အောက်တိုဘာ ၃၀ ရက် ညနေ ၄ နာရီက ပျဉ်းမနားမြို့ ဘောဂဝတီရပ်ကွက်ရှိ ချင်းတွင်းတံခွန်အထည်ချုပ်စက်ရုံမှ ဝန်ထမ်း ၂၉၅ ဦးအား မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **ကိုကိုရူပ (နေပြည်တော်)**


နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက ကမာရွတ်မြို့နယ် အမှတ် (၁) ရပ်ကွက် PISM ကိုယ်ပိုင်အထက်တန်းကျောင်းဝင်းအတွင်း ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဟန်နှင့်အဖွဲ့ မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းပညာပေး ဟောပြောစဉ်။ ကြေးမုံ

## ရန်ကုန်-နင်းပေါ် တိုက်ရိုက်လေကြောင်းပြေးဆွဲ

**ရန်ကုန် နိုဝင်ဘာ ၁**
Qingdao လေကြောင်းလိုင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံ ရှီကျင်းပြည်နယ်ရှိ နင်းပေါ်မြို့သို့ တိုက်ရိုက်လေကြောင်းခရီးစဉ် စတင်ပျံသန်းပြေးဆွဲသည်။

Qingdao လေကြောင်းလိုင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့တော်နှင့် ရှန်ဟိုင်းမြို့တော် တောင်ဘက်ရှိအဓိကဆိပ်ကမ်းမြို့ဖြစ်ပြီး ရှီကျင်းပြည်နယ်၏ ဒုတိယအကြီးဆုံးမြို့တော်လည်းဖြစ်သည့် နင်းပေါ်မြို့သို့ ချိတ်ဆက်ပျံသန်းသွားမည့် ထိုလေကြောင်းလိုင်း၏ ခရီးစဉ်သစ်ကို ခရီးသည် ၁၈၀ အား သယ်ယူဝန်ဆောင်မှုပေးနိုင်သည့် A320 အမျိုးအစားလေယာဉ်အားအသုံးပြု၍ အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့တိုင်း ပျံသန်းသွားမည်ဖြစ်သည်။




ထို့အတူ တရုတ်လေကြောင်းလိုင်းတစ်ခု ဖြစ်သော Ruili လေကြောင်းလိုင်းမှ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ သယ်ဟုန်မြို့လေးသို့ ပထမဆုံး လေကြောင်းခရီးစဉ်အဖြစ် ပျံသန်းပြေးဆွဲမှုကို ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အား စီမံခန့်ခွဲမှုနှင့်ဝန်ဆောင်မှုပေးနေသော Yangon Aerodrome Company Limited (YACL) မှ အောက်တိုဘာ ၂၇ ရက်က ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

## ရန်ကုန်-မာန်အောင်လေယာဉ်ခရီးစဉ် တိုးချဲ့ပျံသန်းပြေးဆွဲမည်

**မာန်အောင် နိုဝင်ဘာ ၁**
မာန်အောင်အများပိုင်ကုမ္ပဏီက ပျံသန်းပြေးဆွဲနေသော မြန်မာအမျိုးသားလေကြောင်းပိုင် Grand Caravan လေယာဉ်ငယ်ဖြင့်ရန်ကုန်၊ မာန်အောင်၊ ကျောက်ဖြူနှင့်စစ်တွေခရီးစဉ်များကို တစ်ပတ်လျှင် သုံးရက် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တို့တွင် ပျံသန်းပြေးဆွဲလျက်ရှိရာ နိုဝင်ဘာ ၁၁ ရက်မှစ၍ အင်္ဂါ၊ ကြာသပတေးနေ့တို့တွင်ထပ်မံတိုးချဲ့ပျံသန်းပြေးဆွဲ ပေးသွားမည်ဖြစ်သည်။

ထိုသို့ ပျံသန်းပြေးဆွဲရာတွင် ရန်ကုန်-မာန်အောင် ကျပ် ၈၈၀၀၀၊ မာန်အောင်-ရန်ကုန် ကျပ် ၈၆၀၀၀၊ မာန်အောင်-စစ်တွေ ကျပ် ၄၆၀၀၀၊ မာန်အောင် - ကျောက်ဖြူ ကျပ် ၄၁၀၀၀၊ ကျောက်ဖြူ - စစ်တွေ ကျပ် ၃၇၀၀၀ ဖြစ်ပြီးနိုင်ငံခြားသား ခရီးသည်များအတွက် ဈေးနှုန်းမှာ ရန်ကုန်-မာန်အောင် 103 USD/ မာန်အောင်-ရန်ကုန် 101 USD ဖြစ်ကြောင်း သိရသည်။ **သိန်းဖေ(ပြန်/ဆက်)**



## ထောပတ်သီး စိုက်ပျိုးထုတ်လုပ်လိုသူများအတွက် နည်းပညာသင်တန်းများ ဖွင့်လှစ်မည်

**မန္တလေး နိုဝင်ဘာ ၁**
မြန်မာနိုင်ငံအတွင်းရှိ ထောပတ်သီးစိုက်ပျိုးနိုင် သည့်ဒေသများတွင် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လိုသူများအတွက် နည်းပညာသင်တန်းများကို လာရောက်၍ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

အဆိုပါသင်တန်းကို ထောပတ်သီးစိုက်ပျိုးမှုတိုးတက်လာစေရန်၊ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးကောင်းသည့် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်စေရန် ရည်ရွယ်၍ ပို့ချပေးခြင်းဖြစ်ပြီး လက်ရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

"ထောပတ်သီးကို အရည်အသွေးကောင်းတဲ့ သီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်ချင်တယ်ဆိုရင် နည်းပညာတွေ လိုအပ်တယ်၊ ဒါကြောင့် ကျွန်တော်တို့အသင်းကို ဆက်သွယ်ပြီး ဆောင်ရွက်မယ်ဆိုရင် မြန်မာပြည်တွင်း ဘယ်ဒေသမဆို လိုက်လံပြီး နည်းပညာသင်တန်းတွေ ပို့ချပေးမှာဖြစ်ပါတယ်၊ အသင်းခွဲ ဖွင့်ထားတဲ့မြို့နယ်တွေက ဆက်သွယ်မယ်ဆိုရင် စားစရိတ်၊ နေထိုင်စရိတ်ပဲကျခံရမှာ ဖြစ်ပါတယ်၊ အခြားအဖွဲ့အစည်းတွေက ဖိတ်ခေါ်ချင်တယ်ဆိုရင် တစ်ရက်ကို နှစ်သိန်းနှုန်းနဲ့ ဖွင့်လှစ်သင်ကြားပေးမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

သင်တန်းတွင် စိုက်ပျိုးနည်းစနစ်၊ မျိုး၊ မြေအမျိုးအစား၊ ထုတ်လုပ်ပုံနည်းစနစ်၊ ပြည်ပပို့ကုန်အဖြစ် စိုက်ပျိုးထုတ်လုပ်ခူးဆွတ်ရမည့် ပုံစံများ၊ ဈေးကွက်ရှာဖွေမှုပုံစံများနှင့် အခြားလိုအပ်သော နည်းစနစ်ပိုင်းဆိုင်ရာများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းဖွင့်လှစ်လိုသူများအနေဖြင့် မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးမျိုးညွန့် (ဖုန်း-၀၉-၄၃၀၁၂၆၅၈) သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ထောပတ်ပင်အား ပင်လယ်မြေမျက်နှာပြင်အထက်ပေ ၃၀၀၀-၄၀၀၀ရှိသည့် မည်သည့်နေရာဒေသတွင်မဆို စိုက်ပျိုးနိုင်ပြီး မျိုးစေ့အနေဖြင့် ပြည်တွင်းမျိုးနှင့် ပြည်ပမျိုးနှစ်မျိုးခွဲခြားကာ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်းနှင့် ပြည်တွင်းမျိုးမှာ တစ်ဧကလျှင် အပင် ၁၀၀ စိုက်ပျိုးလျှင် ငွေကျပ်ရှစ် သိန်းခန့်ကုန်ကျမည်ဖြစ်ပြီး ပြည်ပမျိုး စိုက်ပျိုးလျှင် ၁၅ သိန်းဝန်းကျင်ခန့် ကုန်ကျကြောင်း၊ အပင်သက်တမ်းမှာလည်း နှစ် ၅၀ ခန့်အထိရှိသော နှစ်ရှည် သီးနှံဖြစ်ကာ စိုက်ပျိုးတောင်သူများအတွက် အကျိုးဖြစ်ထွန်းနိုင်သော သီးနှံတစ်ခုဖြစ်သည်။



မန္တလေးတိုင်းဒေသကြီးအတွင်းတွင် အများဆုံးစိုက်ပျိုးမှုအဖြစ် မိုးကုတ်၊ ပြင်ဦးလွင်တို့တွင် အဓိကလုပ်ဆောင်လျက်ရှိပြီး တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ထောပတ်စိုက်ပျိုးမှုမှာ ဧက ၆၀၀ ခန့်သာ ရှိသေးကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ချောင်းဦး တန်ဆောင်တိုင် မီးပုံးပျံပွဲတော် ကျင်းပမည်

**ချောင်းဦး နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့၌ ဒသမအကြိမ်မြောက် မီးပုံးပျံပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၃ ရက် မှ ၁၅ ရက်ထိ သုံးညတိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်သည်။

ချောင်းဦးမြို့၏ မီးပုံးပျံပွဲတော်ကို ၁၃၇၂ ခုနှစ် တန်ဆောင်မုန်းလမှ စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် ဒသမအကြိမ် ကျင်းပမည်ဖြစ်ကြောင်း၊ ယခင်နှစ်က စိန်နားပန်မီးပုံးပျံ များနှင့် ညမီးကြီး မီးပုံးပျံပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ရာ ယခုနှစ်တွင် ထိုကဲ့သို့ မီးပုံးပျံပြိုင်ပွဲများ ထည့်သွင်းမကျင်းပသော်လည်း နှစ်စဉ်ပါဝင်မြဲဖြစ်သည့် မီးပုံးပျံအလှများဖြင့် လွှတ်တင်ခြင်း၊ နိဗ္ဗာန်ဈေးဖြင့် ကျွေးမွေးဧည့်ခံခြင်းများအပြင် ချောင်းဦးမြို့ CHU Music Band တေးဂီတအဖွဲ့က ဧည့်ခံ ဖျော်ဖြေခြင်း၊ ပန်းဘုရင်မလေး တေးသရုပ်ဖော် ပဒေသာကပွဲဖြင့် ဖျော်ဖြေခြင်းများ၊ အပျော်စီးလှေ၊ လေနန်းတော်၊ ချားရဟတ်စသည့် ပျော်ပွဲရွှင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း မီးပုံးပျံပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းတင်က ပြောသည်။

ချောင်းဦးမြို့တွင် တန်ဆောင်မုန်းလဆန်း ၁၃ ရက်မှ ၁၅ ရက်ထိ သုံးညတိုင်တိုင် မီးပုံးပျံအရေအတွက် ၁၃ လုံးခန့်ကို မီးပုံးပျံအလှ လွှတ်တင်ကြမည် ဖြစ်ကြောင်း သိရသည်။

**အိအိအောင်(ချောင်းဦး)**



## တိုတိုထွာထွာဖတ်စရာ

### ရှေးဟောင်းသမိုင်းဝင်ပေါ်ကြိုမြတ်ဘုရားလေးဆူအားသင်္ကန်းကပ်လှူ

**သီပေါ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင်ပေါ်ကြိုဘုရားရုပ်ပွားတော်မြတ်လေးဆူအား သင်္ကန်းကပ်လှူပူဇော်ပွဲကို အောက်တိုဘာ ၃၁ ရက်နံနက် ၉ နာရီက ဘုရားကြီးရင်ပြင်တော်၌ ကျင်းပသည်။

ထို့နောက် ပင့်သံဃာတော်များအား ဂေါပကအဖွဲ့နှင့်အလှူရှင်များက သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

### စစ်ကိုင်းတွင် အသက် ၄၀ အထက် ဘောလုံးပြိုင်ပွဲ ကျင်းပမည်

**စစ်ကိုင်း**

စစ်ကိုင်းမြို့တွင် အသက် ၄၀ အထက် လူကြီးဘောလုံးပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် ဘောလုံးသမားဟောင်းများ လူမှုကူညီစောင့်ရှောက်ရေးအသင်းမှသိရသည်။

ဘောလုံးပြိုင်ပွဲကို မန္တလေးမြို့၊ အမရပူရမြို့၊ မုံရွာမြို၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ ကျောက်ပန်းတောင်းမြို့၊ စစ်ကိုင်းမြို့ စသည့် မြို့နယ်များမှ စုစုပေါင်း ဘောလုံးအသင်း ၁၂သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ စတင်၍ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ် (၇၀၀)ကွင်းအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းစံကပြောကြားသည်။

**လူအောင်(ကသာ)**

## တူပျော်ပျော်ဆင်ကာနွှဲ မဒေါက်တန်ဆောင်တိုင် မီးမျှောပွဲ

**မဒေါက် နိုဝင်ဘာ ၁**

တန်ဆောင်တိုင်မီးမျှောပွဲတော်ကြီးကို နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက် အထိ ကုန်းပွဲ၊ ရေပွဲများဖြင့် မဒေါက်မြို့ စစ်တောင်းမြစ်ကမ်းနံဘေး၌ ကျင်းပ သွားမည်ဟု မီးမျှောပွဲတော် ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

ယခုနှစ် ယိမ်းပြိုင်ပွဲတွင် ဒေသခံယိမ်းအကအဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ယိမ်းအက အခြေခံကို ပြုပြင်ပြောင်းလဲမှုမရှိစေဘဲ ဆန်းသစ်တီထွင်မှုရှိသောအကများဖြင့် ဖန်တီး ပုံဖော်သရုပ်ပြယှဉ်ပြိုင်မှသာ အမှတ်ကောင်းရရှိပြီး အောင်ပန်းဆင်နိုင်မည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

"မဒေါက်ဒေသတွင်းသာမက နိုင်ငံအတွင်းမှာရှိတဲ့ တခြားဒေသက ပြည်သူတွေလည်း လာရောက်နွှဲပျော်ကြတာဖြစ်တဲ့အတွက် အဘက်ဘက်က ပြည့်စုံအောင်တော့ စီမံဆောင်ရွက်ထားပါတယ်။ မီးမျှောတဲ့စနစ်တွေကိုလည်း မနှစ်ကထက် ပိုမိုကောင်းမွန်အောင် စီစဉ်ဆောင်ရွက်ထားသလို ကုန်းပွဲ၊ ရေပွဲတွေကိုလည်း ဘုရားဖူးဧည့်သည်တွေကို ဆွဲဆောင်နိုင်ဖို့အတွက် စီစဉ်ထားပါတယ်။ နောက်ပြီးတော့ ရိုးရာဓလေ့ဖြစ်တဲ့ တက်ခုတ်ယိမ်း၊ တက်ပျံယိမ်း၊ ယိမ်းအကအဖွဲ့တွေရဲ့ ကပြယှဉ်ပြိုင်ဖျော်ဖြေမှုတွေမှာလည်း ယိမ်းအကအခြေခံကို ပြုပြင်ပြောင်းလဲမှုမရှိဘဲနဲ့ အကတွေကို အရင်နှစ်တွေနဲ့မတူအောင် ဆန်းသစ်တီထွင်ဖန်တီးပြီး ပွဲတော်လာပရိသတ်တွေ သဘောကျနှစ်ခြိုက်စွာအားပေးနိုင်အောင်စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု မီးမျှောပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးကျော်က ပြောသည်။



ယခုနှစ် မဒေါက်ဒေသတန်ဆောင်တိုင်မီးမျှောပွဲတော်ကြီးတွင် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ၊ ချောတိုင်တက်ပွဲ၊ NEW AGE YOUNG တီးဝိုင်းနှင့် အဆိုတော်များ၏ သီဆိုဖျော်ဖြေပွဲ၊ ဇာတ်သဘင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

ယခုနှစ်၏(၄၇)ကြိမ်မြောက် မဒေါက်မီးမျှောပွဲတော်ကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဒေသရိုးရာယိမ်းအကအလှများနှင့် စစ်တောင်းမြစ်၏သဘာဝအလှတရားကို ကြည့်ရှုခံစားရင်း နေရောင်ခြည်တဖြည်းဖြည်း ပျောက်စပြုလာချိန်တွင် စစ်တောင်းမြစ်အတွင်း ရောင်စုံမီးကြာခွက် ၄၅၀၀၀ ကို သမီးပျိုလေးများက ကြည်လင်အေးမြနေသည့် ရေပြင်ပေါ်တွင် မီးမျှောပူဇော်နေသည့် အလှတရားကို တဝကြီးကြည့်ရှုခံစားနိုင်ကြမည်ဖြစ်၍ "တူပျော်ပျော်ဆင်ကာနွှဲ မဒေါက်တန်ဆောင်တိုင် မီးမျှောပွဲ"သို့ တပျော်တပါးလာရောက်ပြီး ဆင်နွှဲကြစေလိုကြောင်း ဖိတ်မန္တကပြုလိုက်ရပါသည်။

**သတင်းမှတ်စု- ရန်အောင်ထွန်း**
**ဓာတ်ပုံ-ရဲသိန်း**

## တိုင်းဒေသကြီးအစိုးရရောင်းမည့် မြေကွက်များအတွက် လျှောက်လွှာရောင်းချရာတွင် သုံးပတ်ကျော်အတွင်း စောင်ရေ ၁၁၀၀၀ ကျော်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရက ရောင်းချမည့် မြေကွက်များအတွက် လျှောက်လွှာများရောင်းချရာတွင် စတင်ရောင်းချသည့် အောက်တိုဘာ ၇ ရက်မှ ၂၉ ရက်အထိစောင်ရေ ၁၁၀၀၀ ကျော်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောကြားသည်။

အဆိုပါ ပထမအဆင့် မြေရောင်းချမှုပြီးစီးပါက ဒုတိယအဆင့်အနေဖြင့် မြောင်းတကာစက်မှုဇုန်ရှိ စက်မှုမြေကွက် ၁၈၀ ကျော်ကို ရောင်းချပေးမည်ဖြစ်ကြောင်း၊ တတိယအဆင့်အနေဖြင့် ဒဂုံအရှေ့နှင့် ဒဂုံဆိပ်ကမ်းရှိ ယခင် စိုက်ပျိုးရေးဇုန်အဖြစ် သတ်မှတ်ထားသည့် မြေဧက ကိုးထောင်ကျော်ကို ရောင်းချသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲပိုင်ခွင့်ရှိသော တိုင်းဒေသကြီးအတွင်းရှိ မြေများကို စီးပွားရေး/စက်မှုလုပ်ငန်း လုပ်ကိုင်ရန်နှင့် လူနေထိုင်ရန် အဆင့်သုံးဆင့်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် လှိုင်သာယာ၊ ရွှေပြည်သာနှင့် ဒဂုံလေးမြို့နယ်ရှိ မြေကွက်ပေါင်း ငါးရာကျော်အတွက် မြေအသုံးပြုခွင့် လျှောက်လွှာများကို အောက်တိုဘာ ၇ ရက်ကစ၍ ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးတွင် ရောင်းချလျက်ရှိရာ အောက်တိုဘာ ၂၉ ရက်အထိ စောင်ရေ ၁၁၀၀၀ ကျော် ရောင်းချပြီးဖြစ်သည်။

ထိုသို့ လုပ်ဆောင်ခြင်းမှာ အမှန်တကယ် စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်နှင့် လူနေအဆောက်အအုံအဖြစ် အသုံးချနိုင်ရန်အတွက် လိုအပ်သည့် အဖွဲ့အစည်း လူပုဂ္ဂိုလ်များကို စိစစ်ကာ မြေစီမံခန့်ခွဲမှုကော်မတီက ရောင်းချပေးမည်ဖြစ်ပြီး ရောင်းချလိုက်သည့်မြေများသည် အာမခံချက်အပြည့်ရှိကြောင်း မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားသည်။

လက်ရှိ ရောင်းချမည့်မြေများမှာ ယခင်က လျော်ကြေးတစ်စုံတစ်ရာမပေးဘဲ သိမ်းယူထားခဲ့သည့် မြေများဖြစ်ပြီး ယင်းမြေများ၏ မူလလယ်သမားများအား မြေယာလျော်ကြေးပေးရန်အတွက် ပိုနေသည့် မြေကွက်များကို ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း၊ လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းရေးဆိုင်ရာ ပြန်လည်စိစစ်ရေးကော်မတီက စိစစ်ကာ မြေယာလျော်ကြေးပေးရန် စိစစ်ထားသည့် အမှုတွဲပေါင်း သုံးထောင်ကျော်ရှိပြီး ယင်းအနက် ပြီးခဲ့သည့် စက်တင်ဘာ ၂၈ ရက်က မူလလယ်သမားများအား မြေယာလျော်ကြေး ၆ ဒသမ ၉ ဘီလီယံကျော်လျော်ပေးပြီးဖြစ်ကြောင်း၊ လာမည့် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်တွင်လည်း မူလလယ်သမားများအား မြေယာလျော်ကြေး ၃၁ ဘီလီယံလျော်ရန် လျာထားထားကြောင်း ဦးသန်း က ထပ်မံပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပထမအဆင့် ရောင်းမည့်မြေကွက်များအတွက် လျှောက်လွှာများကို နိုဝင်ဘာ ၈ ရက် နောက်ဆုံးထား၍ ပြန်တင်ရမည်ဖြစ်သည်။

**ငြိမ်းငြိမ်း**

## ရွှေ့လျားကျန်းမာရေးစောင့်ရှောက်မှုစီမံချက် ဖွင့်ပွဲကျင်းပ

**ငါ့သရောက် နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ ကုလားတဲကျေးရွာတွင် အောက်တိုဘာ ၃၁ရက် နံနက် ၉နာရီခွဲတွင် ရွှေ့လျားကျန်းမာရေး စောင့်ရှောက်မှုစီမံချက်အခမ်းအနားဖွင့်ပွဲ ကျင်းပသည်။

ငါ့သရောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်း၊ ငါ့သရောက်မြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာ မျိုးဇော်အောင်၊ ဂျပန်နိုင်ငံ အလှူရှင်အဖွဲ့မှ Mr.Osamu Watanable (Senior Director, CSR Dept.(Daiichi-Sankyo)နှင့်Mr.Kanta Soga( Plan International Japan)တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ Plan International Myanmar စီမံကိန်းဒါရိုက်တာ ဒေါ်လင်းလင်းအောင်က နှုတ်ခွန်းဆက်စကားပြောကြားကာ ရွှေ့လျားကျန်းမာရေးစောင့်ရှောက်မှု စီမံကိန်းအကြောင်းကို မိခင်နှင့်ကလေးကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး စီမံကိန်းမန်နေဂျာ ဦးဇော်မိုးက မိတ်ဆက်ပြောကြားသည်။

ရွှေ့လျားကျန်းမာရေးစောင့်ရှောက်မှုစီမံချက်မှတစ်ဆင့် မိခင်နှင့်ကလေး ကျန်းမာပျော်ရွှင်သော ဘဝရရှိစေရေး၊ အသက် ငါးနှစ်အောက်ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေး၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ လျော့ကျစေရေး၊ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေးနှင့် အသက် ၁၅ နှစ်မှ အသက် ၄၉ နှစ်ကြား အမျိုးသမီးများ၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာများ တိုးတက်မြင့်မားလာစေရေး ရည်ရွယ်ခြင်းဖြစ်ကြောင်း ဦးဇော်မျိုးက ဆက်လက်ပြောပြသွားကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# သုံးလကြာပွဲပယ်ပြစ်ဒဏ်ကျခံရပြီးနောက် အာဂျင်တီးနားအသင်းနဲ့အတူ မက်ဆီ ပါဝင်လာမည်

အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီဟာ နိုင်ငံတကာဘောလုံးအဖွဲ့ချုပ်က ချမှတ်ခဲ့တဲ့ သုံးလပွဲပယ်ပြစ်ဒဏ်ကျခံရပြီးတဲ့နောက် အခုလထဲမှာ ကစားမယ့် ဘရာဇီးအသင်း၊ ဥရုဂွေးအသင်းတို့နဲ့ ပွဲစဉ်တွေမှာ အာဂျင်တီးနားအသင်းနဲ့အတူ ပါဝင်လာမယ်လို့ သိရပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီဟာ ဇူလိုင် ၆ ရက်က ချီလီအသင်းကို အာဂျင်တီးနားအသင်းက အနိုင်ရရှိခဲ့တဲ့ ကိုပါအမေရိကဖလားပွဲစဉ်မှာ အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

မက်ဆီဟာ ပွဲပယ်ပြစ်ဒဏ် ကျခံထားခဲ့ရတာကြောင့် အာဂျင်တီးနားအသင်း ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်တွေအနက် လေးပွဲအထိ လွဲချော်ခဲ့ရတာ ဖြစ်ပါတယ်။ မက်ဆီဟာ အာဂျင်တီးနားအသင်းမှာ ပွဲပယ်ပြစ်ဒဏ်ကျခံထားရချိန်မှာ ဒဏ်ရာရနေတာကြောင့် ဘာစီလိုနာအသင်းရဲ့ ရာသီအစမှာ ပွဲထွက်ကစားနိုင်ခြင်းမရှိဘဲ လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းအတွက် ငါးဂိုးသွင်းယူပေးထားတာ ဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းဟာ နိုဝင်ဘာ ၁၅ ရက်မှာ ဆော်ဒီအာရေဗျ၌ ဘရာဇီးအသင်းနဲ့လည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက်မှာ အစ္စရေး၌ ဥရုဂွေးအသင်းနဲ့လည်းကောင်း ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွေ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းဟာ အဲဒီပွဲစဉ်တွေအတွက် ရွေးချယ်ထားတဲ့ ကစားသမားတွေကတော့ **ဂိုး**-မာချီဆင်၊ ဂျူအန်မက်ဆို၊ မာတီနက်ဇ်၊ အန်ဒရာဒါ၊ **နောက်တန်း**-ဂျူအန်ဖွိုက်၊ ဆာရာဗီယာ၊ အော့တမန်ဒီ၊ ပက်ဇယ်လာ၊ မားကို့စ်ရိုဂျို၊ ကန်နီမန်း၊ တာဂလာဖီကို၊ ပီရက်ဇ်၊ ဂွီဒိုရိုဒရီဂွက်ဇ်၊ **ကွင်းလယ်**-ဂျီယိုဗာနီလိုဆယ်ဆို၊ လီအန်ဒရိုပါရီဒက်စ်၊ ဒိုမင်ဂွက်ဇ်၊ ရိုဒရီဂိုဒီပေါလ်၊ အကူနာ၊ ပီရေရာ၊ လူးကတ်အိုကန်ပို၊ **ရှေ့တန်း**-မက်ဆီ၊အဂူရိုနီကိုလက်စ်ဂွန်ဇာလက်ဇ်၊ လူးကတ်အယ်လာရီယို၊ လောတာရိုမာတီနက်ဇ်၊ ဒိုင်ဘာလာတို့ပဲ ဖြစ်ပါတယ်။



# အီးအက်ဖ်အယ်လ်ဖလားပွဲစဉ် ကစားမယ့်ရက်ကို ပြောင်းလဲမပေးပါက လီဗာပူးအသင်းက ကွာတားဖိုင်နယ်ပွဲစဉ်ကို ကစားမည်မဟုတ်ဟုဆို




လီဗာပူးအသင်းအနေနဲ့ အီးအက်ဖ်အယ်လ်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်နဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလားပွဲစဉ် ကစားရမယ့်ရက်ဟာ နီးကပ်နေတာကြောင့် ပြောင်းလဲပေးဖို့ တောင်းဆိုထားပြီး ပြောင်းလဲမပေးပါက အဆိုပါကွာတားဖိုင်နယ်အဆင့်ပွဲစဉ်ကို ကစားမှာ မဟုတ်ဘူးလို့ ပြောကြားလာပါတယ်။

လီဗာပူးအသင်းဟာ အီးအက်ဖ်အယ်လ်ဖလား စတုတ္ထအဆင့်ပွဲစဉ်မှာ အာဆင်နယ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ကွာတားဖိုင်နယ်ကို တက်လှမ်းလာခဲ့တာဖြစ်ပါတယ်။ အီးအက်ဖ်အယ်လ်ဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေကို ဒီဇင်ဘာ ၁၆ ရက်မှာ ကျင်းပဖို့ စီစဉ်ထားပြီး လီဗာပူးအသင်းဟာ အဲဒီကွာတားဖိုင်နယ် ပွဲစဉ်အပြင် ဒီဇင်ဘာ ၁၈ ရက်မှာလည်း ဖီဖာကလပ်ကမ္ဘာ့ဖလားပွဲစဉ်ကိုလည်း ကစားရဦးမှာဖြစ်ပါတယ်။

အီးအက်ဖ်အယ်လ်ကတော့ အခြားရွေးချယ်စရာရက်ကို သတ်မှတ်သွားဖို့လီဗာပူးအသင်းနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်သွားမယ်လို့ ဆိုပါတယ်။ လီဗာပူးအသင်းဟာ ကွာတားဖိုင်နယ်အဆင့်မှာ အက်စ်တွန်ဗီလာအသင်းနဲ့ ကစားရမှာလည်းဖြစ်ပါတယ်။

အသင်းခုနစ်သင်းပါဝင်တဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲဟာ ဒီဇင်ဘာလတိုင်းမှာ ကျင်းပတာဖြစ်ပြီး လီဗာပူးအသင်းဟာ ပြီးခဲ့တဲ့နှစ်က ချန်ပီယံလိဂ်ချန်ပီယံဖြစ်ခဲ့တာကြောင့် အဲဒီပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ရမှာလည်း ဖြစ်ပါတယ်။

အဲဒါကြောင့် လီဗာပူးအသင်းအနေနဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလားပွဲစဉ်မပါဝင်ဘဲနဲ့တောင် ဒီဇင်ဘာလထဲမှာ ပွဲစဉ်ခုနစ်ပွဲအထိ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

ဒီဇင်ဘာ ၁၈ ရက်နဲ့ ၂၁ ရက်တို့မှာ ဖီဖာကလပ်ကမ္ဘာ့ဖလားပွဲစဉ်တွေ ကစားရမှာမို့ လီဗာပူးအသင်းအနေနဲ့ ဒီဇင်ဘာ ၂၀ ရက်မှာ ဝက်စ်ဟမ်းအသင်းနဲ့ ကစားရမယ့် ပရီမီယာလိဂ်ပွဲစဉ်ကိုလည်း ကစားမယ့်ရက်ကို ပြန်လည်စီစဉ်ခဲ့ရတာ ဖြစ်ပါတယ်။

လက်ရှိစီစဉ်ထားတဲ့ ပွဲစဉ်ဇယားအရ လီဗာပူးအသင်းဟာ ဒီဇင်ဘာ ၄ ရက်မှာ အဲဗာတန်အသင်း၊ ဒီဇင်ဘာ ၇ ရက်မှာ ဘုန်းမောက်အသင်း၊ ဒီဇင်ဘာ ၁၀ ရက်မှာ ဆယ်လ်ဘာ့အသင်း (ချန်ပီယံလိဂ်ပွဲစဉ်)၊ ဒီဇင်ဘာ ၁၄ ရက်မှာ ဝက်ဖို့ဒ်အသင်း၊ ဒီဇင်ဘာ ၁၆ ရက်မှာ အက်စ်တွန်ဗီလာအသင်း (အီးအက်ဖ်အယ်လ်ဖလားပွဲစဉ်)၊ ဒီဇင်ဘာ ၁၈ ရက်နဲ့ ၂၁ ရက်မှာ တီဘီစီ(ကာတာ) နဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလားပွဲစဉ်၊ ဒီဇင်ဘာ ၂၆ ရက်မှာ လက်စတာစီးအသင်း၊ ဒီဇင်ဘာ ၂၉ ရက်မှာ ဝုလ်ဗက်စ်အသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ငွေကြယ် - စုစည်းသည်

## စပါးအသင်းနည်းပြကို ခေါ်ယူဖို့ ဘိုင်ယန်မြူးနစ် ပစ်မှတ်ထားနေ

ဘိုင်ယန်မြူးနစ်အသင်းဟာ နီကိုကိုဗက်ရဲ့နေရာမှာ အစားထိုးဖို့အတွက် စပါးအသင်းနည်းပြ ပိုချက်တီနိုကိုခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

စပါးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၁၀ ကစားပြီးချိန်မှာ ရမှတ် ၁၂ သာရရှိထားခဲ့ပြီး အမှတ်ပေးဇယားအဆင့် ၄ နေရာက အသင်းနဲ့ ရှစ်မှတ်အထိ ကွာဟနေတာဖြစ်ပါတယ်။ အဲဒီလိုရလဒ်ပိုင်း ဆိုးရွားမှုတွေကြောင့် နည်းပြ ပိုချက်တီနိုအနေနဲ့ စပါးအသင်းကနေ ထွက်ခွာမယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေခဲ့တာဖြစ်ပါတယ်။

အဲဒါကြောင့် အာဂျင်တီးနားနိုင်ငံသား နည်းပြ ပိုချက်တီနိုကို ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူဖို့စီစဉ်လာခဲ့တာ ဖြစ်ပါတယ်။ နည်းပြ ပိုချက်တီနိုဟာ ၂၀၁၄ ခုနှစ်ကတည်းက စပါးအသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။

## ဂျူဗင်တပ်က အန်မရီကန်ကို ထွက်ခွာခွင့်ပြုမည်

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဟာ လာမယ့်ဇန်နဝါရီအပြောင်းအရွှေ့ကာလမှာ ဂျာမနီကွင်းလယ်ကစားသမား အန်မရီကန်ကို အသင်းကနေ ထွက်ခွာခွင့်ပြုဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

လက်ရှိမှာ ကွင်းလယ်ကစားသမား အန်မရီကန်ကို ပရီမီယာလိဂ်ကလပ် မန်ယူအသင်း၊ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနဲ့ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူဖို့စိတ်ဝင်စားနေတာ ဖြစ်ပါတယ်။

လီဗာပူးကွင်းလယ်ကစားသမား အန်မရီကန်ဟာ နည်းပြ ဆာရီရဲ့ လက်ထက် ဂျူဗင်တပ်အသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့ရသူဖြစ်ပြီး အခုနှစ်ဘောလုံးရာသီမှာလည်း လက်ရှိအချိန်အထိ အီတလီစီးရီးအေပွဲစဉ်တစ်ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့သေးတာ ဖြစ်ပါတယ်။

ဒါကြောင့် ကွင်းလယ်ကစားသမား အန်မရီကန်အနေနဲ့ ဂျူဗင်တပ်အသင်းကနေထွက်ခွာဖို့ စီစဉ်နေပြီး မန်ယူအသင်းနည်းပြ ဆိုးရှားအနေနဲ့ အန်မရီကန်ကိုခေါ်ယူဖို့အတွက် ဘိုင်ယန်မြူးနစ်အသင်း၊ ပီအက်စ်ဂျီအသင်းတို့နဲ့ အပြိုင်ကြိုးပမ်းနေတာ ဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းကတော့ လက်ရှိမှာ အန်မရီကန်ကိုရောင်းချဖို့ ပေါင် ၃၅ သန်း သတ်မှတ်ထားတယ်လို့ သိရပါတယ်။

# ၂၀၁၉ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ဆင္ဒမ)ပွဲစဉ်အတွက် လက်ရည်စစ်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ အင်းဝဘဏ်လီမိတက်က အဓိကကူညီပံ့ပိုးသည့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ဆင္ဒမ)ပွဲစဉ်ကို နိုဝင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ပြင်ဦးလွင်မြို့ရှိ ချယ်ရီလွင်တပ်မတော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး ယင်းပြိုင်ပွဲအတွက် လက်ရည်စစ်ပွဲကို နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် လူဦးရေကန့်သတ်ထားသောကြောင့် ဝါသနာရှင်အဆင့်(အမျိုးသား)ပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့် (အမျိုးသမီး) ပြိုင်ပွဲများအတွက် လက်ရည်စစ်ပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ခွင့်အား စိစစ်ရွေးချယ်မည်ဖြစ်သည်။ လက်ရည်စစ်ပြိုင်ပွဲကို ပြင်ဦးလွင်ဂေါက်ကလပ်(ပြင်ဦးလွင်မြို့)၌ ကျင်းပမည်ဖြစ်ပြီး အမည်စာရင်းအား နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ဖုန်း ၀၉-၇၇၉၈၄၆၇၆၁ ထံ လက်ရည်စစ်ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၁၅၀၀၀ ပေးသွင်း၍ ယှဉ်ပြိုင်ရမည်ဖြစ်ကာ ဝါသနာရှင်အဆင့် (အမျိုးသား) ပြိုင်ပွဲအတွက် အားကစားသမား ၃၀၊ ဝါသနာရှင်အဆင့် (အမျိုးသမီး)ပြိုင်ပွဲအတွက် ၁၀ ဦး ရွေးချယ်မည်ဖြစ်သည်။ ဝါသနာရှင်အဆင့်(အမျိုးသားများအတွက်) ၂၀၁၉ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ကျင်းပပြီးစီးခဲ့သည် ပွဲစဉ်ငါးပွဲ၌ အမှတ်ပေးဇယားများအရ အဆင့် (၁) မှ (၂၅)အတွင်းနှင့် ၂၀၁၈ ခုနှစ် ပြင်ဦးလွင် ချယ်ရီလွင်ပွဲ အဆင့် (၁)မှ (၃၀) အတွင်း ရရှိသူများမှာလည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသမီး)များအတွက် အဆင့် (၁)မှ (၆)အတွင်းနှင့် ၂၀၁၈ ပြင်ဦးလွင် ချယ်ရီလွင်ပွဲအဆင့် (၁)မှ (၁၀)အတွင်း ရရှိသူများသည် ယခုလက်ရည်စစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်စရာမလိုဘဲ ၂၀၁၉ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ဆင္ဒမ)ပွဲစဉ်သို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသူများ၏ စာရင်းကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဖေ့စ်ဘွတ်၌ ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ဆင္ဒမ) ပွဲစဉ်တွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်(အမျိုးသား) (H’cap 0-12)၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) (H’cap 0-18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
## နှစ်တစ်ရာပြည့်အထိမ်းအမှတ်အခမ်းအနားဖိတ်ကြားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သည် ၁၉၁၉ ခုနှစ်တွင် Burmese Chamber of Commerce အဖြစ် စတင်တည်ထောင်ခဲ့ပြီး ယခုနှစ် ၂၀၁၉ ခုနှစ်တွင် နှစ် (၁၀၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည့်အတွက် UMFCCI Centennial Celebration ကို နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များ၊ အသင်းသူ/အသင်းသားများနှင့် အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

နေ့ရက် – ၂၂.၁၁.၂၀၁၉ ရက် (သောကြာနေ့)
အချိန် – နံနက် (၉း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီ
နေရာ – မြန်မာကွန်ဗင်ရှင်းစင်တာ (၂) နေပြည်တော်

အခမ်းအနားသို့ တက်ရောက်မည့် အသင်းသူ/အသင်းသားများအတွက် ရန်ကုန်–နေပြည်တော် အသွားအပြန် ခေါ်ဆောင်ယာဉ်၊ နံနက်စာ၊ နေ့လယ်စာနှင့် ဟိုတယ်တစ်ညတာတို့ကို အသင်းချုပ်မှ စီစဉ်ပေးမည်ဖြစ်ပါသည်။ တက်ရောက်မည့် အသင်းသူ/အသင်းသားများအနေဖြင့်

အသင်းချုပ် Website - www.umfcci.com.mm တွင် ဦးစွာ Online Registration ပြုလုပ်ရမည်ဖြစ်ပြီး

အဆိုပါ Registration ပြုလုပ်ပြီးသောအသင်းသားများအနေဖြင့် https://member.umfcci.com.mm/ ၏ Event List ရှိ Centennial Celebration Event တွင် အခမ်းအနားတက်ရောက်ရန်အတွက် Event Register ထပ်မံပြုလုပ်ရမည်ဖြစ်ပါသည်။

နေရာထိုင်ခင်း စနစ်တကျစောင့်ရှောက်နိုင်ရေးအတွက် (၁၅.၁၁.၂၀၁၉) ရက်နေ့နောက်ဆုံးထား၍ Registration ပြုလုပ်ပါရန်နှင့် မိမိအစီအစဉ်ဖြင့်သွားရောက်မည့် အသင်းသားများအနေဖြင့်လည်း အထက်ပါအတိုင်း စာရင်းပေးသွင်း၍ တက်ရောက်နိုင်ပါသည်။

အသေးစိတ်စုံစမ်းလိုပါက ကုန်သည်စက်မှုအသင်းချုပ်၊ ဖုန်း ၀၁–၂၃၀၁၅၆၄၊ ၀၉–၄၅၁ ၂၀၀၃၁၊ ၀၉–၄၅၁ ၂၀၀ ၂၅၀ တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကုန်သည်စက်မှုအသင်းချုပ်

လူဦးရေအကန့်အသတ်ဖြင့်သာ လက်ခံနိုင်မည်ဖြစ်သည့်အတွက် စောလျင်စွာ စာရင်းပေးသွင်းကြပါရန်နှင့် Website တွင် Online Registration ပြုလုပ်ရန်အခက်အခဲရှိသူများအနေဖြင့် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) ရုံးသို့ လူကိုယ်တိုင်လာရောက်၍ စာရင်းပေးသွင်းကာ တက်ရောက်နိုင်ပါသည်။



### ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ၉/ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ် (၅၃၇/ခ)နေ ဒေါ်ခင်မာကြည် [၁၁/မပတ(နိုင်)၀၂၆၁၉၇] ကိုင်ဆောင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–သကမ–၁၇၊ လူနေရပ်ကွက်အမှတ်–၊ မြေကွက်အမှတ် (၅၀၇/က)၊ မြေဧရိယာ (အလျား ပေ ၂၀x အနံပေ ၆၀)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် (၃၀–၉–၂၀၁၆) ရက်စွဲပါ မြေငှားစာချုပ်အမှတ်–ဂရသ/လသယ–၁၃၇၆/၁၆၊ အမှုတွဲအမှတ်–လသယ/ဂရသ–၅၀၈/၁၅ ဖြင့် ဦးစိုးမင်း [၁၂/လမန(နိုင်)၁၀၃၀၀၇] ကိုင်ဆောင်သူက တရားဝင် အမည်ပေါက်အဖြစ် မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၅၀၇/က)၊ အနော်ရထာလမ်း၊ ၂၀/ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းချသူ မြေအမည်ပေါက် ဦးစိုးမင်း [၁၂/လမန(နိုင်)၁၀၃၀၀၇] ထံသို့ အိမ်နှင့်မြေ ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ရုံးချိန် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ | |
|---|---|---|
| ဒေါ်ခင်မာကြည် | ဒေါ်ဇင်ဇင်နိုင်(LL.B),D.B.L | ဦးအောင်နိုင်စိုး (LL.B) |
| [၁၁/မပတ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (နိုင်)၀၂၆၁၉၇] | (စဉ်–၁၄၀၉၂) | (စဉ်–၉၈၈၂) |
| | (၁၆–၁–၂၀၁၈) | (၂၉–၄–၂၀၁၄) |

အမှတ် (၁၄၇၀/က)၊ ထူပါရုံ (၁၃)လမ်းအရှေ့၊ ၁/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၇၃၁၉၃၃၄၄၊ ၀၉–၄၅၇၂၉၃၃၄၄၊ ၀၉–၇၉၈၁၉၃၂၉၉



### မွေးသက္ကရာဇ်အမှန်

တိုက်ကြီးမြို့နယ်၊ အိုးတန်းရပ်ကွက်နေ ဦးဘိုးတုတ်၏သား ဦးသုခ [၁၂/တကန(နိုင်)၀၉၁၆၅၈] ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂၉၉ ခုနှစ်တပို့တွဲလဆန်း ၁၃ရက် ဖြစ်ပါကြောင်း။



### ဟိုတယ်ပါမစ်ရပြီး မြေကွက်ရောင်းမည်။

ကျပ်သိန်း ( ၆၉၅၀/– )
မြေဧရိယာပေ(၇၀ × ၁၂၀)ပေါ်တွင် အခန်း(၅၀)ပါ၊ (၄) ထပ် ဟိုတယ်ဆောက်လုပ်ခွင့် ရရှိပြီးဖြစ်ပါသည်။
လေဆိပ်၊ ဓော်ဘွားကြီးကုန်း၊ အင်းစိန်ဝန်းဖြ တို့ဖြင့်နီးသည့် အေးချမ်းသောဘိုပြီမိသော အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ရွှေပြည်အေး(၁)လမ်းတွင် တည်ရှိပါသည်။
09 763688753, 09798624273



ခရီးသွားကား Hiaceများမောင်းရန်အတွက် ကျွမ်းကျင် ယဉ်မောင်း(၂)ဦး အလိုရှိသည်။
အမှတ် ၁၃၀၊ ၉၄ လမ်း အထက်၊ မင်္ဂလာတောင်ညွန့်။ 09 253 582510



Air-Con Technician များ အလိုရှိသည်။ လစာ ကောင်းမည်။
အမှတ်၁၃၀၊ ၉၄လမ်း၊ မင်္ဂလာတောင်ညွန့်။
09 253 833810
e-mail: knw@pandaaircon.com






### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၈၀)၊ ဧရိယာ(၀.၀၈၂ ဧက) အကျယ်ရှိ ... အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ... ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ... လာရောက်ကန့်ကွက်နိုင်ပါသည်။ ... ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တရားလွှတ်တော်ရှေ့နေများ လွှဲအပ်ညွှန်ကြားချက်အရ – အထက်တန်းရှေ့နေများ

ဦးဝင်းအောင် LL.B, D.M.L, D.B.L
ဒေါ်သန်းမြင့်မြင့် LL.B, D.B.L
ဒေါ်တင်ရွှေလှ LL.B, LL.M
ဦးမြဲသီဟ LL.B

ရုံးချုပ် > အမှတ်(၅၁)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စမ်းချောင်းမြို့နယ်၊ ကမာရွတ်မြို့နယ်။
☎ > 01 2304311, 510760, 510940, 510950, 500643, 502517
ရုံးခွဲ > အမှတ်(၂၀၉)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်း၊ ... ဗဟန်းမြို့နယ်။
☎ > 01 - 552742, 01- 559320, 09 5060940, 09 5060938,09 73500535
Email - socsanrealestate@gmail.com


တော တောင် ခြောက် ခန်း လယ် ယာ နှမ်း ၏

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၉) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၁၉ ခုနှစ် ၊ နိုဝင်ဘာ လ (၁) ရက်နေ့ အခမဲ့ထုတ်ဝေသည်

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ဃ - ၈၁၇၄၀၂

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ခ - ၄၅၅၆၁၄

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ဃ - ၇၀၁၇၂၆ ဗ - ၇၉၁၁၁၈

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀၀)ဆုများ

ထ - ၁၉၆၉၉၅
ကခ - ၆၆၁၅၀၇
ခ - ၈၁၀၈၁၃
ဝ - ၈၂၈၃၃၈

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | | | |
|---|---|---|---|
| ဟ | ၁၈၈၉၄၄ | ခ | ၆၂၄၄၁၈ |
| အ | ၂၅၃၂၀၃ | စ | ၇၉၅၉၁၈ |
| မ | ၄၂၂၅၀၂ | လ | ၉၃၅၅၉၆ |
| က | ၅၅၅၅၀၄ | | |

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

| | | | |
|---|---|---|---|
| ဂ | ၂၀၃၅၇၆ | အ | ၆၄၃၄၂၉ |
| ပ | ၃၃၀၃၈၁ | ခ | ၇၅၉၈၅၈ |
| ဝ | ၃၈၇၁၁၃ | ဇ | ၈၀၃၄၈၃ |
| စ | ၅၀၄၅၂၃ | ဈ | ၈၉၃၄၈၇ |
| ရ | ၅၅၂၉၄၈ | ဃ | ၉၅၁၇၉၁ |
| ဘ | ၅၈၆၃၁၂ | သ | ၉၅၉၁၃၈ |
| ဟ | ၅၈၈၂၆၆ | ဂ | ၉၆၂၈၆၇ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ပ | ၁၈၇၀၄၆ | ဝ | ၄၆၈၉၉၆ | ဈ | ၈၁၂၇၀၄ |
| သ | ၃၃၆၇၃၈ | ဏ | ၅၅၃၁၉၈ | ရ | ၈၁၉၈၇၆ |
| ဌ | ၃၄၅၃၀၀ | စ | ၅၅၇၁၃၅ | စ | ၈၇၅၃၁၂ |
| ကဃ | ၃၆၂၀၄၇ | ကဃ | ၅၅၇၇၆၄ | စ | ၈၈၁၉၈၄ |
| ဝ | ၃၆၆၀၂၉ | ကဂ | ၅၆၉၃၇၈ | | |
| ကဂ | ၃၇၀၅၆၅ | ဃ | ၆၈၃၁၉၅ | | |
| ကဂ | ၃၈၉၀၂၈ | ဌ | ၇၁၅၅၇၉ | | |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဍ | ၁၁၀၁၈၇ | စ | ၄၀၉၉၆၂ | ဘ | ၆၇၉၉၅၂ |
| ဘ | ၁၆၄၈၈၅ | ခ | ၄၅၈၆၂၆ | လ | ၇၄၀၆၆၁ |
| င | ၂၂၆၉၃၇ | ဘ | ၄၇၀၀၇၀ | ရ | ၇၈၃၅၄၁ |
| ဖ | ၂၂၈၅၀၀ | ခ | ၅၀၀၇၀၆ | ဎ | ၇၉၀၀၅၁ |
| က | ၂၃၈၅၁၂ | ထ | ၆၃၇၁၃၉ | လ | ၈၀၃၅၇၈ |
| လ | ၂၄၄၇၃၅ | ခ | ၆၄၃၂၆၆ | န | ၈၇၈၈၄၇ |
| လ | ၂၈၉၄၁၀ | ကခ | ၆၅၃၂၈၀ | ကက | ၈၉၀၀၃၅ |
| ခ | ၃၈၅၀၃၅ | ဟ | ၆၆၃၂၄၀ | ဒ | ၉၆၂၀၀၃ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ကခ | ၁၃၉၃၇၉ | က | ၂၆၃၁၀၅ | သ | ၃၈၄၆၁၂ | ဈ | ၆၅၁၀၀၂ | ဍ | ၈၇၈၉၁၃ | ကဃ | ၉၃၉၈၉၆ |
| လ | ၁၄၀၅၉၈ | ဆ | ၂၈၀၉၈၂ | ပ | ၄၄၇၄၅၁ | ဒ | ၆၆၀၇၆၄ | ကခ | ၈၈၁၉၁၃ | | |
| ဒ | ၁၅၁၉၆၀ | န | ၃၁၃၀၃၄ | န | ၅၁၈၈၈၈ | ဟ | ၇၃၁၆၉၉ | ပ | ၉၁၉၇၆၉ | | |
| ခ | ၁၆၃၅၇၃ | ရ | ၃၅၉၅၈၁ | က | ၆၂၅၃၂၇ | ဎ | ၈၂၅၂၁၄ | က | ၉၃၀၂၀၂ | | |
| ကဃ | ၂၁၂၇၁၅ | ဟ | ၃၆၁၈၉၈ | အ | ၆၄၈၁၆၄ | ဍ | ၈၇၀၆၈၈ | ည | ၉၃၅၅၀၁ | | |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀)ဆုများ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| မ | ၁၂၄၀၉၅ | ဏ | ၃၄၂၅၇၃ | မ | ၄၄၇၇၅၁ | ဘ | ၅၁၂၆၇၅ | ပ | ၆၇၃၃၁၄ | ဖ | ၈၉၇၀၉၄ |
| ည | ၁၄၈၅၀၉ | ခ | ၃၄၉၉၇၃ | မ | ၄၅၃၉၇၃ | ဃ | ၅၉၈၄၉၈ | ဇ | ၆၇၃၆၄၃ | ဖ | ၉၉၄၀၆၄ |
| အ | ၁၆၁၃၇၆ | ဆ | ၃၆၉၇၃၅ | န | ၄၆၉၆၆၅ | ကဂ | ၆၂၉၅၅၁ | ဂ | ၆၉၄၄၇၃ | ဈ | ၉၉၆၆၁၈ |
| ဌ | ၁၇၈၈၇၀ | န | ၃၆၉၇၉၃ | လ | ၄၇၅၅၀၈ | ထ | ၆၃၅၂၄၅ | ဘ | ၈၄၃၇၈၁ | | |
| က | ၂၉၄၃၀၉ | မ | ၃၆၉၉၃၅ | ပ | ၄၇၇၉၀၆ | ဒ | ၆၆၆၂၅၃ | တ | ၈၅၀၄၁၃ | | |

## ဆုတော်ကြေးငွေ ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဌ - ၁၀၅၂၇၃ | ည - ၃၀၄၀၉၆ | ဂ - ၅၂၇၉၄ | ဓ - ၇၁၈၀၇၂ | ဓ - ၈၄၆၅၀၈ |
| ဓ - ၁၃၈၃၂၉ | မ - ၅၂၈၀၂၉ | မ - ၅၀၄၆၅ | တ - ၇၇၃၀၂၉ | ရ - ၉၀၉၆၅၀ |
| အ - ၁၄၁၈၈၀ | ဘ - ၃၄၂၈၇၂ | ည - ၅၇၈၀၈ | ရ - ၇၇၈၇၇၄ | ယ - ၉၈၇၇၂၉ |
| ဋ - ၁၅၉၅၈ | က - ၃၉၃၆၉ | ဌ - ၅၉၆၂၀ | တ - ၇၇၉၉၀၈ | ယ - ၉၉၉၅၇၇ |
| ဓ - ၈၆၇၀၄၀ | ဆ - ၄၀၈၁၀၇ | ထ - ၆၅၉၂၆ | ရ - ၇၉၉၅၀၈ | |
| ဓ - ၂၁၀၇၂ | ရ - ၄၉၈၁၀ | င - ၆၇၀၉၃ | ည - ၇၉၇၇၈၄ | |
| ဝ - ၂၀၄၈၃၄ | က - ၅၀၂၈၀၄ | ဒ - ၆၈၀၂၆ | ဝ - ၈၀၇၇၇၈ | |

## [illegible] ဆုမဲစနစ်

### [illegible] ကျပ်(၃)သိန်းဆုများ

| | | |
|---|---|---|
| ဓ - ၁၇၇၇၀ | ဋ - ၆၀၀၆၃ | သ - ၉၃၀၇၇ |
| ယ - ၂၀၀၃၄ | အ - ၇၇၀၇၄ | ဝ - ၉၆၈၈၃ |
| ဓ - ၃၀၇၄၄ | ရ - ၈၅၇၁၂ | ဓ - ၉၇၆၀၀ |
| င - ၄၀၈၅၄ | မ - ၈၇၈၈၉ | မ - ၉၇၆၅၇ |
| ရ - ၄၇၆၀၀ | ထဝ - ၈၈၀၀၆ | ဓ - ၉၈၂၇၇ |

[illegible]

### [illegible] ကျပ်(၂)သိန်းဆုများ

| | | |
|---|---|---|
| ဓ - ၁၂၉၂ | မ - ၅၂၉၆ | ဒ - ၆၇၇၂ |
| ရ - ၁၇၀၄ | ယ - ၅၇၈၂ | ရ - ၆၉၅၂ |
| မ - ၂၉၈၆ | ည - ၅၆၅၀ | ရ - ၈၇၄၄ |
| ဓ - ၃၉၀၀ | ထယ - ၅၉၂၈ | ဝ - ၉၄၇၅ |
| ဿ - ၄၈၂၇ | ထဓ - ၆၂၇၉ | ယ - ၉၅၈၀ |

[illegible]

### [illegible] ကျပ်(၁)သိန်းဆုများ

| | | |
|---|---|---|
| ယ - ၁၂၇ | ဝ - ၃၂၉ | ဓ - ၆၂၈ |
| ည - ၁၇၉ | ထယ - ၄၄၄ | ယ - ၆၈၃ |
| ဝ - ၁၆၉ | ဆ - ၄၇၈ | ဝ - ၆၈၃ |
| ယ - ၂၈၄ | က - ၅၀၂ | အ - ၆၇၆ |
| ဝ - ၂၅၀ | ဒ - ၅၀၈ | ယ - ၇၆၂ |
| တ - ၂၄၁ | ဓ - ၆၀၆ | ရ - ၉၀၀ |

[illegible]

### [illegible] ကျပ်(၅)သောင်းဆုများ

| | | |
|---|---|---|
| က - ၁၃ | ယ - ၆၀ | ဝ - ၈၁ |
| ရ - ၁၅ | က - ၆၃ | ဓ - ၈၂ |
| အ - ၂၈ | က - ၆၄ | ရ - ၉၀ |
| ယ - ၂၈ | ဋ - ၇၀ | ယ - ၉၂ |
| ရ - ၄၈ | က - ၇၇ | မ - ၉၉ |
| ဝ - ၅၂ | ရ - ၇၈ | |
| ဓ - ၆၀ | ဝ - ၈၀ | |

[illegible]

## တစ္ဆွယ်သိမ်း၊ ရှေ့ကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

### ဆုတော်ကြေးငွေ ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဓ - ၈၁၄၀၇၉ | ထယ - ၈၁၆၄၂၂ | ဝ - ၈၈၁၁၆၈ | ထယ - ၉၂၁၇၇၁ |

## [illegible] ဆုမဲစနစ်

### [illegible] ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| ဓ - ၃၆၁၀၂၄ | ထဝ - ၉၈၄၂၉ |

[illegible]

### [illegible] ကျပ်(၂)သိန်းဆုများ

| |
|---|
| ရ - ၂၉၉၆ |
| ရ - ၃၆၂၆ |

[illegible]

### [illegible] ကျပ်(၁)သိန်းဆုများ

| |
|---|
| ဋ - ၆၉၂ |
| ဝ - ၇၇၇ |

[illegible]

[illegible]

www.ird.gov.mm [illegible]




# ကုန်အမှတ်တံဆိပ် အတုအပ သတိပေးချက်

Unilever ကုမ္ပဏီသည် လူသုံးကုန် အိမ်သုံးကုန် အစားအစာကုန်ပစ္စည်း အမျိုးအစားပေါင်း ၄၀၀ ကျော်ကို နိုင်ငံ ၁၉၀ ကျော်တွင် ထုတ်လုပ်ရောင်းချနေသော ဦးဆောင်နိုင်ငံတကာ ကုမ္ပဏီကြီးတစ်ခု ဖြစ်ပါသည်။

## Unilever ကုမ္ပဏီမှ ထုတ်လုပ်ရောင်းချသော ကုန်ပစ္စည်းများ

Citra သဘာဝအသားဖြူလိုးရှင်း



Citra အောက်ဆိုက်



Citra အသားဖြူဆပ်ပြာ



အောက်ပါအတုပစ္စည်းသည် Unilever ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချီထားခြင်းအလျဉ်းမရှိသည့် ပစ္စည်းအတုဖြစ်ပါသည်။



ဒေါ်မေသူလှိုင် - တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၅၅/၁၃) ဖုန်း - ၀၉-၂၅၃၁၀၅၂၁၃၊
Mimosa အဆောက်အဦ အမှတ်(၁၅၆) အနောက်ရွှေဂုံတိုင် (၅)လမ်း ဗဟန်းမြို့နယ် ရန်ကုန်။

## ဗိုလ်မှူးကြီးကျော်ရင်(ငြိမ်း)၊ ကြည်း-၇၉၈၂
### အသက်(၈၈)နှစ်
O.T.S (21)
ထပ်ဆင့်သူရဲကောင်းမှတ်တမ်းဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာကော်မတီဝင်(ငြိမ်း)

မြိုင်မြို့နေ (ဦးဘရှင်-ဒေါ်အေးတင်)တို့၏ သားကြီး၊ ရန်ကုန်မြို့နေ (ဒေါ်တင်ရွှေ)၏ ခင်ပွန်း၊ ရဲမှူးကြီးသိန်းကြည်(ငြိမ်း)-ဒေါ်သန်းသန်းစု၊ ဦးပြေအောင်-ဒေါ်ယုယုလွင်၊ ဦးသန်းလွင်-ဒေါ်သန်းသန်းယု၊ ဦးကိုကိုနိုင်-ဒေါ်သိင်္ဂီကျော်၊ ဦးသက်အောင်(စမ်းချောင်းမြို့နယ်လျှပ်စစ်မန်နေဂျာ အင်/ယာ)-ဒေါ်စိုးစိုးအောင်၊ ဒေါ်နန်းယမင်းကျော်၊ ဦးသီဟကျော် တို့၏ ဖခင်ကြီး၊ မြေး ၁၃ ယောက်၊ မြစ်နှစ်ယောက် တို့၏ အဘိုး ဗိုလ်မှူးကြီးကျော်ရင်(ငြိမ်း) သည် ၃၀-၁၀-၂၀၁၉ ရက် ည ၈:၀၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၄၈)၊ မြစပယ်လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ဝင်းသီ
### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ ဦးတင်မောင်-ဒေါ်ဆွေဆွေ၊ (ဦးစိုးအောင်)-ဒေါ်တင်တင်စော၊ (ဦးစောလွင်)-ဒေါ်ခင်ဝင်းကြည်၊ ဦးတင်အောင်-ဒေါ်အုန်းအုန်း၊ ဦးသန်းအောင်-(ဒေါ်အေးအေးချို)၊ ဦးဖိုးဇော်-ဒေါ်ညီမငယ်၊ ဦးငယ်-ဒေါ်တူး၊ ဦးမင်းသူ-ဒေါ်ခင်မိုးမြင့်၊ ဦးလှလွန်းကြိုင်၊ ဒေါ်ယဉ်ယဉ်ကြည် တို့၏ အစ်မကြီး၊ မိုးကုတ်မြို့အနောက်ပိုင်း၊ ပန်းမရပ်နှင့် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးသန်းဖေ ၏ ဇနီး၊ ဦးကံလှမြင့်ဦး-ဒေါ်ရွှေကြည်၊ ဦးကံလှမြင့်ထူး၊ ဦးသန်းမြင့်ရွှေ-ဒေါ်စန္ဒာမိုး၊ ဦးဗိုလ်လှမြင့်၊ ဒေါ်ခင်ချိုချိုခိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးကိုးယောက်တို့၏အဘွားသည် ၁-၁၁-၂၀၁၉ (သောကြာနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၃၅၊ သုံးလွှာ၊ ရတနာသုခလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အနိစ္စ

## ဦးမောင်မောင်ကြိုင်
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ မာတလိလမ်း၊ တိုက်အမှတ်(၁၇)၊ အခန်း(၁)နေ (ဦးဝင်းစန်း)-ဒေါ်ခင်သန်းနွယ်တို့၏ သားကြီး၊ ဒေါ်ခင်နွဲ့နွဲ့ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲနိုင်ဦး၊ မအိအိမင်းဖြူ တို့၏ မွေးသဖခင် သည် ၁-၁၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ကျော်မိုး
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၅၃၃/ခ)၊ (၆)လမ်း၊ တောင်အရှေ့ကြို့ကုန်းနေ (ဦးကြည်လင်း)-ဒေါ်ညွန့်အေးတို့၏သား၊ ဦးဇော်ဇော်-ဒေါ်အေးအေးသက်တို့၏မောင်၊ ဦးဝင်းငွေး(ရောဝတီတိုင်း စက်မှုလက်မှုနှင့်လျှပ်စစ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး)-ဒေါ်အေးပပမိုး၊ ဦးဇော်မင်းစိုး(ခေတ္တ-U.S.A)-ဒေါ်မျိုးမြတ်မြတ်ထွေးတို့၏အစ်ကို၊ တူ/တူမ ရှစ်ယောက် တို့၏ ဦးလေးသည် ၁-၁၁-၂၀၁၉ (သောကြာနေ့) နံနက် ၃:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၁၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၅၃၃/ခ)၊ (၆)လမ်း၊ တောင်အရှေ့ကြို့ကုန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
## နန္ဒာရွှေဘုံဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ
(မြို့နယ်သံဃနာယကအဖွဲ့ ဩဝါဒါစရိယဆရာတော်)
### သိက္ခာတော်(၅၉)ဝါ၊ သက်တော်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သူရိန်လမ်း၊ သူရိန်ရိပ်မွန်အိမ်ရာ၊ နန္ဒာရွှေဘုံကျောင်းတိုက်၊ ဦးစီးပဓာနနာယက မူလတိုက်တည်ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ (မြို့နယ်သံဃနာယကအဖွဲ့ ဩဝါဒါစရိယ)သည် (၁၃၈၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်)၊ ၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅:၂၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်)၊ ၄-၁၁-၂၀၁၉ (တနင်္လာနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နန္ဒာရွှေဘုံကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)

စျာပနကျင်းပရေးကော်မတီ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စန်း
### အသက် (၈၉)နှစ်
(စံကင်း၊ ခနေဖြူ၊ ညောင်တုန်း)

လှိုင်သာယာမြို့နယ်၊ အမှတ် (၅၂၃)၊ ရတနာလမ်း၊ (၉)ရပ်ကွက်နေ (ဦးတင်ဦး-ဒေါ်သိန်း)တို့၏ သမီး၊ (ဦးချစ်စိန်)၏ ဇနီး၊ ဦးဝင်းမောင်-ဒေါ်နွယ်နွယ်ဝင်း၊ (ဦးမြင့်ဦး)-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါက်တာ အုန်းကျော်-ဒေါ်ခင်ဆွေလှဲ့၊ ဦးရဲမြင့်အောင်-ဒေါ်ကြူကြူချို၊ ဦးနေမျိုးအောင်-ဒေါ်ခင်သန်းဝင်းတို့၏ မိခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်စန်းသည် ၃၁-၁၀-၂၀၁၉(ကြာသပတေးနေ့) နံနက် ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းရီ
### အသက်(၇၉)နှစ်

ပဲခူးတိုင်းဒေသကြီးနေ (ဦးကျော်သန်း-ဒေါ်သန်း)တို့၏ သမီးချွေးမ၊ (ဦးမြဘွား-ဒေါ်စိန်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ မင်းကြီးလမ်း၊ အမှတ်(၁)နေ (ဦးစံတင်)၏ ဇနီး၊ (ဒေါ်ခင်ပြုံးကြည်)၊ ဦးထွန်းထွန်းနိုင်၊ ကိုအောင်ဝင်းနိုင်-မနီနီအောင်၊ (ကိုကျော်မင်းထွဋ်)-မယုယုတင်၊ ကိုအောင်ဆန်းငွေး-မမြင့်မြတ်မိုး တို့၏ မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၃၁-၁၀-၂၀၁၉ (ကြာသပတေးနေ့) ည ၅:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြဥမ္မာအောင်
B.Sc Chemistry, M.P.A
### အသက်(၄၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အံ့ကြီးအရှေ့ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ အမှတ်(၃၉)နေ ဦးအောင်ချိန်-ဒေါ်ကျင်ငွေးတို့၏ သမီး၊ စစ်တွေမြို့နေ (ဦးသိန်းကျော်)-ဒေါ်ခင်နွဲ့တို့၏ သမီးချွေးမ၊ ဒေါက်တာကျော်ဝင်းစိုး(ဒုတိယညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန-နေပြည်တော်)-ဒေါက်တာလှသီတာအောင် (ကထိက၊ ဓာတုဗေဒဌာန-မိတ္ထီလာတက္ကသိုလ်)တို့၏ ညီမ၊ ကိုစည်သူအောင်(ခေတ္တ-UAE)၏အစ်မ၊ ဦးကျော်သိန်းလွင် (မော်လမြိုင်ခရိုင်ဥပဒေအရာရှိ)၏ ချစ်လှစွာသောဇနီး၊ မမြတ်အိန္ဒြေကျော် (GRADE-1၊ အထက-၉၊ မော်လမြိုင်)၏ မွေးသမိခင်သည် ၃၁-၁၀-၂၀၁၉ (ကြာသပတေးနေ့) ည ၇:၁၅ နာရီတွင် ရန်ကုန်မြို့၊ ခုတင်(၅၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ပန်းဆိုးတန်း၊ နန်းသီတာဆိပ်ကမ်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၁၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြဥမ္မာအောင်
B.Sc Chemistry, M.P.A
### အသက် (၄၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အံ့ကြီးအရှေ့ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ အမှတ် (၃၉)နေ ဦးကျော်သိန်းလွင် (မော်လမြိုင်ခရိုင် ဥပဒေအရာရှိ) ၏ ချစ်လှစွာသော ဇနီး၊ မမြတ်အိန္ဒြေကျော် (GRADE 1၊ အထက-၉၊ မော်လမြိုင်)၏ ချစ်လှစွာသော မိခင် ဒေါ်မြဥမ္မာအောင် အသက် (၄၆)နှစ်သည် ၃၁-၁၀-၂၀၁၉ (ကြာသပတေးနေ့) ည ၇:၁၅ နာရီတွင် ရန်ကုန်မြို့၊ ခုတင် (၅၀၀) ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာစိုးသိန်းနှင့် ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း (ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

---

## ကျေးဇူးအထူး ဥပကာရတင်ရှိခြင်း
## နော်မော်လီမိုး
### အသက်(၈၈)နှစ်

၃၀-၁၀-၂၀၁၉ ရက်နေ့တွင် ခရစ်တော်၌ အိပ်ပျော်သွားသည့် နော်မော်လီမိုး နာမကျန်းစဉ်အချိန်က ဂရုတစိုက် ကုသပြုစုပေးခဲ့သောသုခကမ္ဘာဆေးရုံမှ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများအားလုံးကိုသော်လည်းကောင်း၊ ကွယ်လွန်ချိန်တွင် မေတ္တာပြကူညီပေးကြသော အသင်းတော် အသီးသီးမှ သိက္ခာတော်ရ ဆရာတော်ကြီးများနှင့် ဓမ္မအမှုတော်ဆောင်များ ကိုသော်လည်းကောင်း၊ နည်းအမျိုးမျိုးဖြင့် သတင်းမေးမြန်း ဆုတောင်းမေတ္တာပို့ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ပန်းခြင်းများပေးပို့ခြင်းဖြင့် မေတ္တာပြခဲ့သူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုသော်လည်းကောင်း အထူးပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ တင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ခင်စိုး
အထက်တန်းပြ-ငြိမ်း(ပဲခူး)၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း(ရန်ကုန်)
### အသက်(၆၀)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အမှတ်(၂၁)၊ ရွှေသာလျောင်းဘုရားလမ်း၊ ကျွန်းသာယာရပ်ကွက်၊ ပဲခူးမြို့နေ (ဦးစိန်မောင်)-ဒေါ်ယဉ်မြ တို့၏ သမီး၊ ဦးမောင်မောင်စိုး-ဒေါ်တင်တင်အေးတို့၏ ညီမ၊ ဗိုလ်မှူးကြီးမင်းသိန်း-ဒေါက်တာချိုချိုဝင်း၊ ဒုရဲမှူးကြီးဝင်းမြင့်-ဒေါ်နွယ်နီစိုးတို့၏ အစ်မ၊ မောင်မင်းမောင်မောင်၊ မောင်မျိုးမောင်မောင်၊ မယဉ်ယဉ်မင်း၊ မစုစုမင်းတို့၏ အဒေါ် ဒေါ်ခင်ခင်စိုးသည် ၁-၁၁-၂၀၁၉ (သောကြာနေ့) နံနက် ၃:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (ပဲခူးနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အမှတ်(၂၁)၊ ရွှေသာလျောင်းဘုရားလမ်း၊ ကျွန်းသာယာရပ်ကွက်၊ ပဲခူးမြို့နေ (ဦးစိန်မောင်)-ဒေါ်ယဉ်မြ တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဆီကုန်းအိမ်ရာစီမံကိန်းရှိ တိုက်အမှတ် (၆)၊ အခန်းအမှတ် (၁၀၃)ကို မူလအမည်ပေါက် ဒေါ်တင်ဇော်လွင် [၇/ကကန(နိုင်)၀၂၆၆၆၅]ထံမှ ဒေါ်သောင်းရင် [၁၄/လပတ(နိုင်)၀၄၉၈၇၇]မှ စာချုပ်စာတမ်းအပြည့်အစုံဖြင့် ဝယ်ယူပြီးဖြစ်ပါ၍ ၎င်းအမည်သို့ ပြောင်းလဲ၍ ပိုင်ဆိုင်မှုမှတ်ပုံတင်စာအုပ် (Owner Book) ထုတ်ယူခွင့်ပြုပါရန် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသန်းထွန်း (၆၄)နှစ်
ထားဝယ်မြို့

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကမြောကင်လမ်း၊ ဥသျှစ်ရုံရပ်၊ အမှတ်(၇၆၃)နေ ဦးပန်းစိန်-ဒေါ်သိန်းသိန်းတို့၏ သားကြီး၊ ဦးဉာဏ်သင်း-ဒေါ်ငွေပိုတို့၏ သားသမက်၊ ဦးတင်ရှိန်-ဒေါ်မြမြစန်း၊ ဦးသန်းဝင်း-ဒေါ်မြမြဝင်း၊ ဦးအေးထွန်း-ဒေါ်ခင်စော၊ ဦးကံဝင်း-ဒေါ်သိန်းရီတို့၏ ညီ/မောင်၊ ဦးအုန်းမောင်-ဒေါ်ရီရီသိန်း၊ ဦးမျိုးသိန်း-ဒေါ်စန်းစန်းနု၊ ဦးမင်းလွင်ဦး-ဒေါ်မော်မော်ဝါရှိန်၊ ဦးမောင်မောင်ခိုင်-ဒေါ်မိုးမိုးသင်းတို့၏ အစ်ကို၊ ကိုလွှမ်းကိုကို-မသီရိနို၊ မရတနာမို၊ မချိုချို၊ မဆုလာဒ်သုန်တို့၏ ဖခင်၊ မောင်သန့်လွှမ်းနေ၊ မပန်းရောင်လွှမ်းတို့၏ အဘိုး၊ တူ/တူမ ၁၉ ယောက်တို့၏ ဦးလေး၊ ဒေါ်ခင်နွဲ့၏ ချစ်လှစွာသော ခင်ပွန်းသည် ၁-၁၁-၂၀၁၉ ရက် နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ ဇဟာသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသန်းထွန်း (၆၄)နှစ်
ထားဝယ်မြို့

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကမြောကင်လမ်း၊ ဥသျှစ်ရုံရပ်၊ အမှတ် (၇၆၃) နေ ဦးပန်းစိန်-ဒေါ်သိန်းသိန်းတို့၏ သားကြီး၊ ဦးဉာဏ်သင်း-ဒေါ်ငွေပိုတို့၏ သားသမက်၊ ဦးတင်လှဝင်း-ဒေါ်နှင်းယုမော်၊ ဦးသန်းအောင်၊ ဒေါ်ညိုညိုအေး၊ ဦးတင်လှ-ဒေါ်သန်းသန်းအေး၊ ဒေါ်သန်းသန်းငွေ၊ ဦးဝင်းကျော်ခေါင်-ဒေါ်ဝင်းဝင်းငွေတို့၏ အစ်ကိုကြီး၊ ကိုလွှမ်းကိုကို-မသီရိနို၊ မရတနာမို၊ မချိုချို၊ မဆုလာဒ်သုန်တို့၏ ဖခင်၊ မောင်သန့်လွှမ်းနေ၊ မပန်းရောင်လွှမ်းတို့၏ အဘိုး၊ တူ/တူမ ရှစ်ယောက်တို့၏ ဘကြီး၊ ဒေါ်ခင်နွဲ့၏ ချစ်လှစွာသော ခင်ပွန်းသည် ၁-၁၁-၂၀၁၉ ရက် နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ ဇဟာသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကျေးဇူးအထူး ဥပကာရတင်ရှိခြင်း
## နော်သီတာမိုး(ခ)Gillian Thida Moh
### အသက်(၆၀)
Prestige International Language and Business Centre

၂၅-၁၀-၂၀၁၉ရက်နေ့တွင် ခရစ်တော်၌ အိပ်ပျော်သွားသည့် နော်Gillian သီတာမိုး နာမကျန်းစဉ်အချိန်က ဂရုတစိုက် ကုသပြုစုပေးခဲ့သော Grand Hantha International Hospital မှ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများအားလုံးကိုသော်လည်းကောင်း၊ ကွယ်လွန်ချိန်တွင် မေတ္တာပြကူညီပေးကြသော အသင်းတော်အသီးသီးမှ သိက္ခာတော်ရ ဆရာတော်ကြီးများနှင့် ဓမ္မအမှုတော်ဆောင်များကိုသော်လည်းကောင်း၊ နည်းအမျိုးမျိုးဖြင့် သတင်းမေးမြန်း ဆုတောင်းမေတ္တာပို့ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ပန်းခြင်းများပေးပို့ခြင်းဖြင့် မေတ္တာပြခဲ့သူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုသော်လည်းကောင်း အထူးပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ တင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်ဆွေ(ခ)ဦးကိုကိုကြီး
### အသက်(၆၈)နှစ်

Servier(S) Pte, Ltd (Myanmar Branch) မှ Medical Product Specialist ဒေါက်တာဖြိုးအာကာကို၏ ဖခင်ဦးမြင့်ဆွေ(ခ)ဦးကိုကိုကြီးသည် ၃၀-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

Servier မိသားစု

---

## မောင်မျိုးမင်းသူ
### အသက်(၂၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ အမှတ်(၅၁)၊ ဒုတိယထပ်(ဝဲ)နေ ဦးထွန်းရှိန်-ဒေါ်တင်လှိုင်၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ဘီးလင်းရွာမနေ ဦးစိုးမြင့်-(ဒေါ်တင်မြင့်)တို့၏ မြေး၊ ဦးမျိုးဆန်းအောင်-ဒေါ်စန်းစန်းဝင်း(အလက-၁၊ မရမ်းကုန်း)၏ ချစ်လှစွာသောသား၊ မဖြူစင်သန့်၏ အစ်ကိုသည် ၁-၁၁-၂၀၁၉ (သောကြာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

# ဒုတိယသမ္မတ ဦးမြင့်ဆွေ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်လွယ်ကူမှု ၂၀၂၀ အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနား တက်ရောက် အမှာစကားပြောကြား





ဒုတိယသမ္မတ ဦးမြင့်ဆွေ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်လွယ်ကူမှု ၂၀၂၀ အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် နိုဝင်ဘာ ၁**

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု ၂၀၂၀ အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်နှင့် ဦးစိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုး၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပန်းတနော်မြို့နယ်ရှိ Ayeyarwaddy Integrated Food Industry Complex ဘက်စုံစီမံကိန်းအား လှည့်လည်ကြည့်ရှု

**ပန်းတနော် နိုဝင်ဘာ ၁**

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ Ayeyarwaddy Integrated Food Industry Complex ဘက်စုံစီမံကိန်းအား လှည့်လည်ကြည့်ရှုသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့သည် ပန်းတနော်မြို့နယ်ရှိ Ayeyarwaddy Integrated Food Industry Complex ဘက်စုံစီမံကိန်းသို့

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပန်းတနော်မြို့နယ်ရှိ Ayeyarwaddy Integrated Food Industry Complex ဘက်စုံစီမံကိန်းရေိယာအတွင်း ငါးစာကျွေးနေမှုကို ကြည့်ရှုစဉ်။


ကြေးမုံ ယနေ့ ဖတ်စရာ

ယတာဂရစုငှက်တို့အတွက် အောင်မြင်မှုကို အားဖြည့်ပေးခဲ့ ဖူးသူ မြန်မာနိုင်ငံသား ဘောလုံးနည်းပြ ဦးကျော်ဒင် — စာမျက်နှာ » ၆

မီးလောင်ကျွမ်းခဲ့သော ဂျပန်ရှေးဟောင်းအမွေအနှစ် ရဲတိုက်အသစ် ပြန်လည်တည်ဆောက်ရန် ယူနက်စကို ထောက်ပံ့မည် — စာမျက်နှာ » ၁၃


**တိုင်းရင်းသားရေးရာ အချပ်ပိုလေးမျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာ အထူးကဏ္ဍာ အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။




# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဆုမွန်လွှာ

PEACE MYANMAR ELECTRIC HOLDING CO., LTD.

25 Anniversary

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်နေ့ Novotel Hotel Max တွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည့် PEACE MYANMAR ELECTRIC HOLDING CO; LTD. ၏ ၂၅ နှစ်ပြည့်မြောက်သည့် အခါသမယတွင် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် (၂၅)နှစ်ပြည့်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဆက်လက်အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

CMHL

AYA Bank

PMG

Sein Gay Har

Super Mega

S.A Lighting

Galaco

Mottama

Mottama

Mottama

Mottama

Min Dhama

Min Dhama

မင်းလပြည့်(ဟားခါး)


## စိတ်ဝင်စားစရာ မတူပီမြို့နယ်က အွေကြည်ကန်



[illegible]

အွေကြည်ကန်သည် မတူပီမြို့နယ်တွင် တည်ရှိပြီး မြို့နယ်တွင် အကြီးဆုံးကန်တစ်ခုဖြစ်သည်။ ချင်းပြည်နယ်တွင် ဒုတိယအကြီးဆုံးကန်ဖြစ်သည်။ မတူပီမြို့နယ် ရောက်ထန်းအုပ်စု ငပန်းရွာထိပ်တွင်တည်ရှိသည်။ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ် နယ်နိမိတ်တည့်တည့်တွင် တည်ရှိပြီး မတူပီမြို့မှတောင်ဘက်အရပ် မိုင်ပေါင်း ၄၀ အကွာတွင် တည်ရှိသည်။

မတူပီမြို့သည် မြန်မာ့တပ်မတော်သမိုင်းတွင် ထင်ရှားကျော်ကြားသော အောင်ဆန်းသူရိယဗိုလ်တိုက်ချွန်း၏ ဇာတိမြို့ဖြစ်သည်။ မတူပီမြို့နယ်တွင် ရေဇွာနှင့်လိုင်လင်းပီမြို့များတည်ရှိပြီး ဖွံ့ဖြိုးတိုးတက်လာသော မြို့ကလေးများဖြစ်သည်။ မြို့များက သာယာလှပသည်။ လယ်ယာစိုက်ပျိုးရေးကို အဓိကထားသည်။ စပါးစိုက်ဧက ၆၁၆၁ ဧကရှိပြီး အစေ့ထုတ်ပြောင်း ၁၅၆၄ ဧကရှိသည်။ ဝါနှင့်ကြံသီးနှံကိုလည်း စိုက်ပျိုးကြသည်။ ၎င်းအပြင် ကော်ဖီ၊ ပိုးစာ၊ ဝဥ၊ လက်ဖက်၊ သရက်၊ လိမ္မော်၊ နာနတ်၊ စပျစ်၊ ပန်းသီး၊ ထောပတ်တို့ကိုလည်း စိုက်ပျိုးကြသည်။ ကျွဲ၊ နွား၊ နွားနောက်၊ မြင်း၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ မန်ဒါလီပါမကျန် မွေးမြူကြသည်။ မတူပီမြို့နယ်တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းပေါင်း ၁၇၁ ကျောင်းရှိပြီး ပညာရေး၊ ကျန်းမာရေး အားပေးလျက်ရှိသော နိုင်ငံတော်အစိုးရအနေဖြင့် ဒေသလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနေဦးမည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသောကြောင့် မင်းတပ်မှ မတူပီ၊ ပခုက္ကူ ကျောက်ထုမြို့သို့သွားသော မော်တော်ယာဉ်အသင်း၊ မတူပီမှ ရေဇွာ၊ ပခုက္ကူသို့သွားသော ကိုင်စီး တောင်တန်းမော်တော်ယာဉ်အသင်း၊ ရေဇွာမှ ဂန့်ဂေါသို့သွားသော မော်တော်ယာဉ်အသင်းများလည်း ရှိသည်။ နိုင်ငံတော်အစိုးရက လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးအား ကြိုးပမ်းဆောင်ရွက်ပေးနေသည့်အပြင် မတူပီခရိုင်သို့ အဆင့်တိုးမြှင့်ဖွဲ့စည်းပြီးဖြစ်၍ ပိုမိုတိုးတက်လာတော့မည်ဖြစ်ပါသည်။ သာယာလှပသော ခရိုင်မြို့ဖြစ်သောကြောင့် လေ့လာလည်ပတ်စရာ ဘုံတလာရေတံခွန်အပြင် အွေကြည်ကန်သည်လည်း လည်ပတ်စရာနေရာတစ်ခုဖြစ်လာမည်မှာ သေချာပါသည်။ အွေကြည်ကန်ကား လီစန်းတောင်ကြောပေါ်တွင် တည်ရှိပြီး ငပန်းရွာနှင့်လည်းနီး၍ မတူပီနယ်နိမိတ်တည့်တည့်တွင် တည်ရှိသည်။

မတူပီမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၄၅၀၀ ကျော်၌ တည်ရှိသည်။ သဘာဝရေထွက်ရှိသည့်မြို့ဖြစ်ပြီး အလျားတစ်မိုင်၊ အနံနှစ်ဖာလုံခန့် ကျယ်ဝန်းသည်။ အဝေးမှ လှမ်းကြည့်လျှင် တြိဂံပုံတူရှိပြီး အရှေ့ဘက်တွင်ပြန့်ကား၍ အနောက်ဘက်တွင် ကျဉ်းသွားသည်။ ရေနုတ်ထွက်ပေါက်မရှိ၊ မြေကွဲ၍ဖြစ်ပေါ်လာသော လက္ခဏာ၊ ပြည်မမြေပြန့်ဒေသမှ တွင်းတောင်အိုင်နှင့် ပုံသဏ္ဌာန်ချင်းတူလေသည်။

ကန်ပတ်လည်တွင် သက်ငယ်ပင်များ ထူထပ်စွာပေါက်လေသည်။ ဘေးဝဲ၊ ယာတွင် ညောင်ပင်၊ လျှော်ပင်၊ သစ်ယားပင်၊ ဇီးပင်၊ ကရင်ဝါး၊ တောမာလာနှင့် တောငှက်ပျောပင်များ ပေါက်ရောက်သည်။ ကန်လယ်ရေတိမ်ရာအရပ်တွင် မြက်တိုမြက်ရှည်ပင်များ ပေါက်ရောက်သည်။

ရေကန်ထဲတွင် အခွံပျော့သည့် ခရုတစ်မျိုးရှိသည်။ ပြာရည်ဖြင့်ချက်စားပါက အရသာထူးခြားသည်။ ဆောင်းဦးပေါက်သည်နှင့် ပျိုမေ၊ လုံမပျိုတို့သည် ပလိုင်းကိုယ်စီသိုင်းလျက် လက်ဖြင့်နှိုက်ဖမ်းလေ့ရှိသည်။ တစ်ဖန် ရေပြင်တွင် ကျက်စားပျော်ပါးသည့် ချိုးငှက်နှင့်တူသည့် ငှက်တစ်မျိုးရှိသည်။ ဒေသခံတို့က တွီဗားဟုခေါ်ကြသည်။ တွီ=ရေ၊ ဗား=ငှက်၊ ရေငှက်ဟုဆိုလိုသည်။ လူမြင်သည်နှင့် ရေထဲသို့ ငုပ်လျှိုးဝင်လေ့ရှိသည်။ အဆိုပါငှက်ကို မပစ်သင့်၊ မသတ်ရက်ချေ။ ပစ်သတ်မိပါက ကိုယ့်အပေါ် ဘေးဥပဒ်ကျရောက်တတ်သည်ဟု ယူဆကြသည်။ ဤငှက်တို့သည် ကန်စပ်ကျောက်တုံးရှိသည့်နေရာ၌ အသိုက်အမြုံပြုလုပ်လေ့ရှိသည်။

ကန်စပ်သက်ငယ်ပင်များ၊ မြက်ပင်များကြားတွင် မြွေလမ်းကိုလည်း မြင်တွေ့နေရသည်။ ဒေသခံများပြောပြချက်အရ ဦးခေါင်းနှစ်ခုရှိသော စပါးကြီးမြွေ(မြွေနဂါး)က ညအမှောင်ချိန်တွင် အစာရှာထွက်လေ့ရှိကြောင်း၊ ပတ္တမြားကြီးကို ကိုင်လျက် အစာရှာကြောင်း တစ်ဆင့်ဒေသစကား ကြားသိရပါသည်။

ဤကန်ကြီးကို တောင်သုံးလုံးက ဝိုင်းရံထားသည်။ အရှေ့ဘက်နှင့် မြောက်ဘက်အရပ် ဘောင်မားတောင်နှင့် လုံနူးလုံစုမ်တောင်တန်း ပတ်ဝန်းကျင်သည် တောထူသဖြင့် သားကောင်ပေါသည်။ အဆိုပါ သားကောင်များသည် ဤကန်ရေကို နံနက်ချိန်နှင့် ညနေဝင်ခါနီးအချိန်တွင် ရေလာသောက်လေ့ရှိသည်။ တစ်ချိန်က ပြောင်၊ စိုင်၊ ဆင်ကောင်နှင့် ဆတ်ကောင်များ ကျက်စားနေထိုင်လေ့ရှိသည်။ သို့သော် ယခုအခါ ဆင်ကောင်များ၊ ကြံ့ကောင်များ လုံးဝမတွေ့ရတော့ချေ။ ပြောင်၊ စိုင်နှင့် ဆတ်ကောင်များ၊ တောဝက်၊ ဝက်ဝံ၊ ကျားများတို့ကား ကျက်စားနေသေးသည်။

ရှေးအခါက တောထူသဖြင့် ကန်ရေအပြည့်စိမ်းစိုနေသော်လည်း ယခုအခါ ကန်နီးနား တောရိုင်းပင်များကို သွေးချင်းဒိုင်မျိုးနွယ် ငပန်း၊ ရောက်ထန်း၊ ရုန်းနှင့် အွေကြည်ရွာသားတို့က တောင်ယာအဖြစ် ခုတ်လှဲခဲ့ကြသဖြင့် ကန်ရေလည်းလျော့နည်းလာသည်ကို တွေ့ရသည်။ တောတိရစ္ဆာန်များလည်း တဖြည်းဖြည်းနည်းပါးနေပေပြီ။ ယခုအခါ တောကြက်၊ မျောက်နှင့် ဂျီကောင်များသာ တွေ့နေရသဖြင့် ဒေသခံရွာသားများက စုဝေးတိုင်ပင်ထိန်းသိမ်းလျက်ရှိကြပေပြီ။

ဤကန်သည် ပိုင်ချောင်းရေပြင်ရှိ ထိုင်ဘီးပရောင်းကျောက်ဆောင်ကြီးနှင့် ဆက်စပ်သည်။ ရှေးအခါက လူတစ်ဦးသည် ဤရေပြင်တွင် ကျောက်ဖရုံသီးပစ်ချရာ အဆိုပါကျောက်ဆောင်ကြီးရှိသည့်နေရာ၌ ပေါ်ထွက်ခဲ့သည်ဟု ဆိုစမှတ်ပြုကြသည်။

သွေးချင်းဒိုင်မျိုးနွယ်စုတို့၏ ယူဆချက်အရ ဤကန်ကို ဆောင်ထေပါး ဆိုသူက စတင်တူးဖော်ခဲ့သည်ဟု ဆိုကြသည်။ ဤသို့ကန်နေရာတူးဖော်ခဲ့စဉ် လူသားတစ်ဦးက ဒန်စားကန်၊ ရောက်ထန်းကန်စသဖြင့် အမည်နာမမှည့်ခေါ်ဆိုရန် အကြံပြုခဲ့ရာ ဆောင်ထေပါး ဆိုသူက လုံးဝသဘောမတူ။ နောက်ဆုံးအကြံဖြင့် အွေကြည်ကန်အဖြစ် အမည်နာမ ခေါ်ဝေါ်သမုတ်ရန် အကြံပြုခဲ့ရာ သဘောတူလက်ခံသဖြင့် ယနေ့ထိ အွေကြည်ကန်အဖြစ် မှည့်ခေါ်ဆိုနေရခြင်းဖြစ်သည်ဟု ယူဆထားပါသည်။

တစ်ခုရှိနေသေးသည်။ ဆောင်ထေပါးဆိုသူက ဤကန်ကို တူးဖော်ခဲ့စဉ် လူသားတို့က အကြံယုတ်စွာဖြင့် မင်းအဖေဆုံးသွားပြီဟု သတင်းဆိုးအဖြစ် ပြောပြပေးခဲ့ရာ ဆောင်ထေပါးက မဖြုံ၊ အဖေ ဆုံးသွားလျှင်လည်း ကိစ္စမရှိဟုဖြေပေး၏။ မင်းအမေဆုံးသွားခဲ့ပြန်ပြီဟု ထပ်မံပြောပြပေးခဲ့ရာ အမေ့နို့စို့၍သာ လူဖြစ်လာကြောင်း ငိုကြွေးတမ်းတစွာဖြင့် တောင်ဘက်သို့ထွက်ပြေးခဲ့သည်ဟုလည်း တဖွဖွပြောပြကြပါသည်။ လုပ်ငန်းမပြီးသတ်ခင် မိခင်ကြီးသေဆုံးခဲ့သည့် သတင်းဆိုးကြားသိရသဖြင့် ဤကန်ကြီးကို ကောင်းမွန်သေသပ်စွာ အချောမသပ်နိုင်သေးဟုလည်း ယူဆကြသည်။

ဤကန်၏ ထူးခြားသည့်လက္ခဏာမှာ မြေပြန့်လွင်ပြင်တွင် မရှိဘဲ တောင်ထိပ်တောင်ပေါ်တွင် တည်ရှိပြီး တောင်တန်းအကြီးဆုံးနှစ်ခုက ဝိုင်းရံထားခြင်းဖြစ်သည်။ အမြဲစိမ်းသစ်တော ပေါက်ရောက်ပြီး သားရဲတိရစ္ဆာန်မျိုးစုံကျက်စားသည်။ နေထွက်ချိန်နှင့်နေဝင်ချိန်တွင် ဘောင်မားနှင့်ခေါင်ခေါတုန်တောင်တန်းကြီးအရိပ်သည် ရေပြင်တွင် ကျရောက်လျက်ရှိသည်။

ဤကန်ရှိသည့် မြေမြင့်တောင်ထိပ်မှ မြောက်ဘက်အရပ်ရှိ လီစန်းတောင်၊ ကောင်လောင်တောင်၊ လုံပဲလ်တောင်တန်းကြီးများ လှမ်းမြင်နိုင်သည်။ အနောက်ဘက်အရပ်ရှိ လင်ကေက ယောက်တောင်၊ ကျောက်ပန်းတောင် (ကီမား) တောင်တန်းကြီးနှင့်တကွ ပိုင်ချောင်း၊ ဆမီးချောင်းများပါ ရေးရေးလှမ်းမြင်နိုင်ပါသည်။

မိုးရာသီအချိန်တွင် ဤကန်ကို အဝေးမှလှမ်းကြည့်သောအခါ စိမ်းစိုမြရောင်သန်းသည့် လယ်ပြင်ရှိ ကောက်ပင်အလား တွေ့မြင်ရသည်။ ကန်ထဲရှိ မြက်တိုမြက်ရှည်ပင်များသည် အမြဲ စိမ်းလန်းလျက်ရှိသည်။ သို့သော် ဆောင်းဦးပေါက်နွေရာသီတွင် ရေခန်းသွားလေ့ရှိကာ အချို့နေရာများသည် ရေအိုင်ပမာဖြစ်သွားသည်ကို တွေ့မြင်နေရသည်။

တစ်ချိန်က သွားလာရေးခက်ခဲကြမ်းတမ်းသော်လည်း ၂၀၁၃ ခုနှစ်နောက်ပိုင်းတွင် မတူပီ-ပလက်ဝကားလမ်း၊ တွီရှစ်ရွာမှတစ်ဆင့် စန်တပ်-လုံပန်း-လင်တွီး-ထိုတွီး-ငပန်းကျေးရွာအထိ ဆိုင်ကယ်လမ်းပေါက်မြောက်ခဲ့ပြီဖြစ်၍ ပွင့်လင်းရာသီရောက်ရှိသည်နှင့် လေ့လာရေးခရီးထွက်နေကြသည်။

ဤကန်သည် ကန်တစ်လျှောက် တောတောင်သစ်တောကြီးများသည်လည်း သဘာဝအလျောက် အလွန်ပင်သာယာလှပပြီး လွမ်းစရာ၊ ဆွေးစရာအပြည့်ရှိနေသဖြင့် စာပေဝါသနာရှင် ဆလိုင်းအွခ်လားဘိခ်(မတူပီ)က “တောတောင်ပတ်ရံ အွေကြည်ကန်”ဟု ရေးဖွဲ့ထားသည်။

သို့ဖြစ်ပါ၍ စိတ်ဝင်စားဖွယ်ရာကောင်းသော မတူပီမြို့နယ်ရှိ ချင်းတိုင်းရင်းသားတို့ဌာနေ သဘာဝစမ်းရေအိုင် အွေကြည်ကန်သို့ တစ်ခါတစ်ခေါက် လေ့လာလာရောက်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

*မှီငြမ်း-*

*မတူပီမြို့နယ် ဒေသခံအွန်လားဘိခ်မှ ကူညီဆောင်ရွက်ပေးပါသည်။*



## ကယားပြည်နယ် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကော်မတီ ပုံမှန်အစည်းအဝေး ပြုလုပ်

ကယားပြည်နယ်အတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်၍ ကယားပြည်နယ် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကော်မတီ ပုံမှန်အစည်းအဝေးကို အောက်တိုဘာလ နောက်ဆုံးပတ်က ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ကယားပြည်နယ် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆိုက ပြည်နယ်ရှိ မသန်စွမ်းသူများအား ထောက်ပံ့ပေးရာတွင် ကယားပြည်နယ်အနေအထားအရ မနိမ့်ကျခဲ့ပါကြောင်း၊ အခြားတိုင်းဒေသကြီးနှင့်ယှဉ်ရင်လည်း ပြည်နယ်၌ မသန်စွမ်းဦးရေမှာ နည်းပါးပါကြောင်း၊ လက်ရှိမသန်စွမ်းများအားလုံးအတွက် မိမိတို့ဘာလုပ်ပေးနိုင်မလဲ၊ ဘာအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မလဲ ညှိနှိုင်းဆွေးနွေးအဖြေရှာဖို့ ယခုအစည်းအဝေးတွင် တင်ပြနိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် မသန်စွမ်းသူများအား ပစ်ပယ်ထားမည်မဟုတ်ကြောင်း၊ မသန်စွမ်းကိုယ်စားပြု တက်ရောက်လာသူများကလည်း တင်ပြနိုင်ပါကြောင်း၊ ပံ့ပိုးကူညီဆောင်ရွက်ရန်ရှိသည်များကို မိမိတို့အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပြည်နယ်/မြို့နယ်ခန်းမဆောင် အဆောက်အဦတည်ဆောက်ရာတွင်ဖြစ်စေ၊ ပလက်ဖောင်းဆောင်ရွက်သည့်နေရာတွင်ဖြစ်စေ အများနှင့်သက်ဆိုင်သောနေရာတွင် မသန်စွမ်းသူများအတွက် အသွားအလာလွယ်ကူစေရန် ထည့်သွင်းရေးဆွဲဆောင်ရွက်သွားကြရန်၊ တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မသန်စွမ်းကိုယ်စားပြုတာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြရန် ပြောကြားသည်။ ထို့နောက် ကယားပြည်နယ် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက မသန်စွမ်းသူများ အခွင့်အရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဦးချန်ပွဲက လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော ပြည်နယ်အဆင့် ဌာနဆိုင်ရာများက မသန်စွမ်းသူများ အခွင့်အရေးနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြရာ ကယားပြည်နယ် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ကော်သား

## UNICEF (မြန်မာ)မှ ရွှေကူမြို့နယ် ပြည်သူ့စာကြည့်တိုက်သို့ တိုင်းရင်းသားလူမျိုး ၂၅ မျိုးတို့၏ ပုံပြင်စာအုပ်များ လာရောက်လှူဒါန်း

ကချင်ပြည်နယ် ရွှေကူမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ကလေးများအတွက် မြန်မာစာပေနှင့် တိုင်းရင်းသားလူမျိုးများ၏ ချစ်စရာရိုးရာယဉ်ကျေးမှုနှင့် ဓလေ့စရိုက်များကို လေ့လာနိုင်ရန်ရည်ရွယ်၍ UNICEF (မြန်မာ)မှ တိုင်းရင်းသားဘာသာ ပုံပြင်စာအုပ်များကို အောက်တိုဘာ ၃၀ ရက် နံနက် ၈ နာရီက လာရောက်လှူဒါန်းခဲ့သည်။

**လှူဒါန်း**

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော ညီနောင်သွေးချင်းများဖြစ်သည့် အဆန်(ခေါင်စို)၊ တောင်ရိုး၊ ပိုးကရင်၊ ဘွဲကရင်၊ ခမီ၊ အင်းသား၊ မြို၊ တိုင်းလုံတို့အပါအဝင် တိုင်းရင်းသားလူမျိုး ၂၅ မျိုးတို့၏ စာပေနှင့် ရိုးရာပုံပြင်များကိုလူမျိုးတစ်မျိုးလျှင် ၁၀ အုပ်နှုန်းဖြင့် စုစုပေါင်း စာအုပ် ၂၅၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

သန်းနိုင်စိုး



## ပလက်ဝမြို့၌ ခူမီးတိုင်းရင်းသား စာပေသင်ကြားသည့် ဆရာ ဆရာမ အထူးမွမ်းမံသင်တန်း ဖွင့်လှစ်

ချင်းပြည်နယ် ပလက်ဝမြို့နယ် ခူမီးစာပေနှင့်ယဉ်ကျေးမှုအသင်းမှကြီးမှူး၍ ခူမီးတိုင်းရင်းသားစာပေသင်ကြားပေးသည့် နေ့စားလပေး ဆရာ ဆရာမ အထူးမွမ်းမံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီက ရိက္ခာရပ်ကွက်ရှိ ခူမီး ယဉ်ကျေးမှုပြတိုက်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခူမီးစာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးစနီအောင်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး (မြို့နယ်ပညာရေးမှူး) ဦးအောင်မင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ ခူမီးစာပေကို ပလက်ဝမြို့နယ်အတွင်း ခူမီးတိုင်းရင်းသားများနေထိုင်ရာကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် သင်ကြားပေးနေသည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်သည်။ အထူးမွမ်းမံသင်တန်းသို့ တစ်မြို့နယ်လုံးရှိ ခူမီးစာပေသင်ကြားပေးကြသော နေ့စားလပေး ဆရာ ဆရာမ ၉၈ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၉ ရက်အထိ နှစ်ရက်တာကြာမြင့်ခဲ့ကြောင်း သိရသည်။

မောင်မောင်ကျော့(ပလက်ဝ)

## ကချင်မြေကို လာခဲ့ပါ

တောင်တန်းကြီးတွေ မှိုင်းညို့နေ
လှတဲ့ ကချင်မြေ
မေခ မလိခ ပေါင်းစုံကြ
မြစ်ဆုံဒေသလှ။
မြစ်ကြီးနားက မြို့တော်ပါ
ဆဒ္ဒံ ရေတံခွန်သာ
ကချင်ရိုးရာ မနောပွဲ
သွေးချင်းတို့ ဆင်နွှဲ။
ရှုခင်းများလည်း သာသာယာ
လှမ်းခဲ့ ဆွေသဟာ
ညဈေးတန်းမှာ မုန့်တွေစား
လျှောက်လည်ကြစို့လား။
ပတ္တမြားနဲ့ ကျောက်စိမ်းတွေ
ထွက်တဲ့ ကချင်မြေ
လာခဲ့ပါလေ သွေးချင်းတို့
ဖိတ်ခေါ်ပါတယ်ဗျို့။

ဖြူဖြူစုလွင်(ပညာရေး)

. . . . . . . . . . . . . . . . . . . .

## လတန်ဆောင်တိုင်

ဝါလသီတင်းကျွတ်၊ ကင်းလွတ်ချိန်ခါ
မိုးရိပ်တိမ်သား၊ လွင့်ပါးရှောင်ခွာ
မိုးနှောင်းဆောင်းနှင်း၊ ပြူတင်းလေသာ
မြောက်လေသွေး၊ ဟန်ရေးကြော့ကြော့ဖြာ။
တောတောင်မြသား၊ မောက်ကြွားစိုစို
ပွင့်ငုံကြိုင်မွှေး၊ ငှက်ကျေးသံချို
ဂနိုင်မြနန်း၊ လှဆန်းမြိုင်ညို
သူတော်ကောင်း၊ ရိပ်အောင်းမှီကွန်းခို။
ဖုံးတုန်းလုံးတုန်း၊ တန်ဆောင်မုန်းခါမီ
ကောက်နှံညွှတ်ကွေး၊ ရွှေရေးချိန်ညီ
နက္ခတ်စုံတင့်၊ ဝါပွင့်မဲဇလီ
ဆေးပေါင်းခ လပြည့်လွန်သာကြည်။
ရပ်တိုင်းရွာတိုင်း၊ ပုံဆိုင်းသံဝေ
ကျွေးမွေးပျော်ကြ၊ ဒါနလှိုင်ခြွေ
မသိုးသင်္ကန်း၊ ရက်ကန်းပြိုင်လေ
ကထိန်ပွဲ၊ ခြိမ့်သဲလှူကြပေ။
ထိန်လင်းလဝန်း၊ တောက်ရှန်းကြယ်ခိုင်
သွယ်တန်းထိန်ညီး၊ ဆီမီးမြိုင်မြိုင်
မြန်မာတို့ပွဲ၊ ဆင်နွှဲမြိုင်မြိုင်
ငြိမ်းအေးလတ်၊ လမြတ်တန်ဆောင်တိုင်။

အောင်လံမြေ-နေညိုညို

**ဖိတ်ခေါ်ပါသည်**

**ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

[စာတည်း]

# မာန်အောင်ကျွန်းက ပျောက်ကွယ်လုဆဲဓလေ့ထုံးစံများ

ထွင့်ခေါင်

မာန်အောင်ကျွန်းသည် အခြားဒေသများနှင့် အဆက်အစပ်မဲ့စွာ ဘင်္ဂလားပင်လယ်အော်ထဲ၌ တသီးတခြားတည်ရှိနေသောကြောင့် တစ်မူထူးခြားသော ဓလေ့ထုံးစံများရှိနေပါသည်။

မာန်အောင်သူ မာန်အောင်သားဖြစ်လာကြမည့် ရှေးဦးလူသားများသည် မာန်အောင်ကျွန်းနှင့် အနီးဆုံးဖြစ်သည့် ရမ်းဗြဲကျွန်းနှင့် ရခိုင်ကမ်းရိုးတန်းဒေသများမှ မာန်အောင်ပင်လယ်ပြင်ကိုဖြတ်၍ ရောက်ရှိလာသူအများစုဖြစ်နိုင်ပါသည်။ ထို့ထက်မက ခရီးတာပိုလှမ်းသည့် ရခိုင်ရိုးမတောင်တန်းကြီး၏အရှေ့ဘက်မှ ပျူ၊ မွန်နှင့် ဗမာများလည်း အနည်းအကျဉ်း လာရောက်အခြေချနိုင်ပါသည်။ ယခုခေတ် မာန်အောင်သူ မာန်အောင်သားဆိုသည်မှာ ထိုရှေးဦးလူသားများ သွေးနှောရောစပ်ရာမှ ပေါက်ဖွားလာကြသူများဟု ဆိုရပါမည်။

အရပ်ဒေသအသီးသီးမှ မာန်အောင်ကျွန်းသို့ ရောက်လာကြသည့် ထိုရှေးဦးလူသားများသည် မိမိတို့လာခဲ့ကြရာ မူလဒေသမှ ယဉ်ကျေးမှုဓလေ့ထုံးစံများ ကိုယ်စီပါလာခဲ့ကြမည်ဖြစ်သော်လည်း မာန်အောင်ကျွန်းသို့ ရောက်သောအခါ မာန်အောင်ကျွန်း၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ကြည်ကြည်သာသာ လက်ခံကျင့်သုံးခဲ့ကြရပါသည်။

အထင်ရှားဆုံးသာဓကအဖြစ် ပြောရလျှင် ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှုမှအပ အခြားဒေသမှ မည်သည့်ကိုးကွယ်မှုကိုမျှ တင်သွင်းခြင်းလည်းမပြု၊ ပုံတူကူးခြင်းလည်းမပြု၊ နတ်ကိုးကွယ်ရာမှာပင် မိမိတို့ဘာသာ တီထွင်ဖန်တီး၍ ပူဇော်ကန်တော့ကြပါသည်။ မာန်အောင်သူ၊ မာန်အောင်သားတို့ တီထွင်ဖန်တီးလိုက်သည့် နတ်များမှာ "ဘယာ" ကြောင့် ပသရသော နတ်ဆိုးများမဟုတ်၊ "သဒ္ဓါ" ကြောင့်ပူဇော်ရသော နတ်များဖြစ်ပါသည်။ မာန်အောင်သားတို့ အလေးအမြတ်ထားသည်မှာ ဗုဒ္ဓအဆုံးအမဖြစ်သော "အတ္တာဟိ အတ္တနော နာထော"သာဖြစ်သည်။

မာန်အောင်ကျွန်းကို "ဝရမ်းပြေးကျွန်း၊ လူပုန်းကျွန်း" ဟူ၍ ဆိုတတ်ကြသည်။ ထိုစကားမှန်နိုင်စရာရှိပါသည်။

ရှေးခေတ်လမ်းပန်းဆက်သွယ်ရေး ခက်ခဲချိန်က သီးခြားကမ္ဘာတစ်ခုဖြစ်နေသော မာန်အောင်ကျွန်းသို့ ခိုး၊ ဆိုး၊ လုယက်၊ လူသတ်၊ဓားပြတိုက်၊ အကျဉ်းထောင်ဖောက်ပြေးလာသူများ ပုန်းရှောင်ခိုလှုံခဲ့ကြပါလိမ့်မည်။

ထို့အတူ မင်းဆိုးမင်းညစ်များ၊ မတရားနှိပ်စက်ညှဉ်းပန်းကြသော အင်အားကြီးသူများကို တော်လှန်အန်တုရင်း၊ အားမတန်၍ တိမ်းရှောင်ခဲ့ကြသူများလည်း ရောက်ခဲ့ကြပါလိမ့်မည်။

အရပ်ဒေသဟောင်းတွင် စီးပွားဥစ္စာပျက်စီး၍ ရေသစ်မြေသစ်မှာ ဘဝသစ်ထူထောင်လိုသဖြင့် စွန့်စားရောက်လာသူများလည်း ရှိကြပါလိမ့်မည်။

မည်သည့်နည်းဖြင့်ပင် ရောက်ရှိလာသည်ဆိုစေ၊ လှိုင်းလေထန်သော မာန်အောင်ပင်လယ်ကိုဖြတ်၍ သက်စွန့်ကြိုးပမ်း ရောက်လာကြသူများချည်းဖြစ်ရာ ထက်မြက်သော ကိုယ်ရည်ကိုယ်သွေးများ ကိုယ်စီပါလာခဲ့ကြသူများချည်း ဖြစ်ပါလိမ့်မည်။လူဆိုး လူမိုက်ကလည်း လူဆိုးလူမိုက်အလျောက်၊ မှူးမတ်ပညာရှိကလည်း မှူးမတ်ပညာရှိ အလျောက်၊ လယ်သမားကလည်း လယ်သမားအလျောက် ဒေသဟောင်း၊ ဘဝဟောင်းက ယဉ်ကျေးမှု ဓလေ့ထုံးစံဟောင်းများ စွန့်ပစ်ကာ ဒေသသစ်၊ ဘဝသစ်တွင် ယဉ်ကျေးမှုဓလေ့ထုံးစံသစ်ဖြင့် လောကသစ်ကို တည်ထောင်လိုကြသူတွေချည်း ဖြစ်ခဲ့ကြပါလိမ့်မည်။

ထို့ကြောင့်လည်း ရှေးဦးမာန်အောင်သားကြီးတို့သည် ဒေသဟောင်းက ယဉ်ကျေးမှုဓလေ့ထုံးစံများကို မာန်အောင်မြေပေါ်သို့ သယ်ဆောင်မလာဘဲ မာန်အောင်မြေပေါ်ရောက်မှ မိမိတို့နှင့်သင့်တော်သော ယဉ်ကျေးမှုထုံးဓလေ့များကို မိမိတို့ဘာသာ တီထွင်ဖန်တီးယူကြခြင်း ဖြစ်ပါလိမ့်မည်။

ရှေးမာန်အောင်သားကြီးတို့သည် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ လူမှုဆက်ဆံရေးကိစ္စအားလုံးကို "ဂါမပညတ်" ဖြင့်ထိန်းချုပ်ထားသည်။ ဂါမပညတ်ဆိုသည်မှာ ရပ်ရွာစည်းကမ်းဟု ရိုးရိုးယဉ်ယဉ်လေး မှတ်ယူနိုင်သော်လည်း မာန်အောင်သူ မာန်အောင်သားတို့၏ လူနေမှုဘဝကြီးတစ်ခုလုံးကို ထိန်းချုပ်ထားသော အခြေခံစည်းမျဉ်းဥပဒေကြီးဖြစ်ပါသည်။ မွေးဖွားချိန်မှ သေဆုံးချိန်အထိ လူမှုကိစ္စမှန်သမျှကို ဂါမပညတ်ဖြင့် ဆောင်ရွက်ကြရသည်။မီးဖွားပြီးစတွင် ထိတ်လန့်စေသော ကျယ်လောင်ဆူညံသံ မပြုလုပ်ရ။ သတို့သားသည် သတို့သမီးကို အိမ်ထောင်ပြုရန် ကမ်းလှမ်းစေ့စပ်သောအခါ သတို့သမီး၏ ဂုဏ်သိက္ခာအဆင့်အတန်းပေါ်မူတည်၍ အတွင်းဥစ္စာတင်တောင်းရမည်။

ရွာအပြင်၌ သေဆုံးခဲ့သည့်မသာကို ရွာထဲသို့မသွင်းရ၊ သုသာန်ဇရပ်မှာပင် အလောင်းပြင်၍ အသုဘအခမ်းအနား ပြုလုပ်ရမည် စသည်ဖြင့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်၍ လိုက်နာကျင့်သုံးခဲ့ကြပါသည်။

သို့သော် ယင်းဂါမပညတ်များကိုလည်း မာန်အောင်သူ မာန်အောင်သားများသည် အသေဆုပ်ကိုင်ထားလေ့မရှိ၊ လူနေမှုပုံစံများ တဖြည်းဖြည်း ပြောင်းလဲတိုးတက်လာတိုင်း ခေတ်နှင့်လျော်ညီသော စည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲကျင့်သုံးလေ့ရှိကြပါသည်။ ဤသည်ပင်လျှင် ကြောင်းကျိုးဆင်ခြင်တုံတရားက ဦးဆောင်သည့် အဆင့်မြင့် လူ့အဖွဲ့အစည်းတစ်ခု၏ အမှတ်လက္ခဏာဟု ဆိုရမည်။

မာန်အောင်ကျွန်း ဂါမပညတ်တွင် "လူပျိုဘောင်၊ အပျိုဘောင်" သည် အခြေခံအကျဆုံးနှင့် အရေးပါဆုံး လူ့အဖွဲ့အစည်း ဖြစ်ပါသည်။

လူပျိုဘောင်ကို လူပျိုခေါင်းက အုပ်ချုပ်ပြီး အပျိုဘောင်ကို အပျိုခေါင်းက အုပ်ချုပ်ပါသည်။ လူပျိုခေါင်း အပျိုခေါင်းတို့သည် လူပျိုကြီး အပျိုကြီးများ ဖြစ်တတ်သလို လူငယ်များနှင့် လုံးလားထွေးလားနေတတ်ပြီး လူငယ်များအပေါ် ဦးဆောင်ဦးရွက်ပြုနိုင်သော လူလတ်ပိုင်း အိမ်ထောင်ရှင်များလည်း ဖြစ်တတ်သည်။ လူငယ်များအန္တအနာကို ခံနိုင်ကာ ရပ်ရွာအကျိုးကို ဆောင်ရွက်တတ်သူမျိုးဖြစ်သည်။

လူငယ်တစ်ယောက်အရွယ်ရောက်လျှင် လူပျိုဘောင် အပျိုဘောင်သို့ မဖြစ်မနေ ဝင်ရသည်။ များသောအားဖြင့် အသက် ၁၅ နှစ်ဆိုလျှင် လူပျိုဘောင် အပျိုဘောင်ထဲ သွတ်သွင်းပြီး ဖြစ်နေတတ်သည်။

ရပ်ရွာတစ်ရွာ၌ သာရေးနာရေးကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လျှင် လူကြီးပိုင်းက စီမံခန့်ခွဲလမ်းညွှန်မှုပေးကာ လူလတ်ပိုင်းများနှင့် လူပျိုခေါင်း၊ အပျိုခေါင်းဦးဆောင်သော လူငယ်ပိုင်းက လက်တွေ့ဆောင်ရွက်ကြရသည်။

ဥပမာအားဖြင့် အလှူအတန်းတစ်ခု ပြုလုပ်တော့မည်ဆိုလျှင် လူကြီးပိုင်းက ရဟန်းသံဃာပင့်ဆောင်ရေး၊ ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စ ပြည့်စုံစွာ သီတင်းသုံးနိုင်ရေး စသည်တို့ကို တာဝန်ယူဆောင်ရွက်ကြရသည်။

လူလတ်ပိုင်း အိမ်ထောင်သည်များက အလှူမဏ္ဍပ်ဆောက်လုပ်ရေး၊ အလှူ၌ ကျွေးမွေးမည့် ထမင်းဟင်းလျာစီမံရေး၊ ချက်ပြုတ်ရေး ၊ အလှူသို့ လာရောက်ကြမည့် လူကြီးသူမများနေရာထိုင်ခင်း အဆင်ပြေရေးတို့ကို တာဝန်ယူကြရသည်။

လူပျိုခေါင်း အပျိုခေါင်းဦးဆောင်သော လူပျို အပျိုတို့ကမူ အလှူမဏ္ဍပ်အလှဆင်ခြင်း၊ အလှူမဏ္ဍပ်၌ အသုံးပြုသော အသုံးအဆောင်ပရိဘောဂနှင့် အိုးခွက်ပန်းကန်များ ငှားရမ်းခြင်း၊ အလှူ၌ ပျော်ရွှင်စွာ ကခုန်တီးမှုတ်ခြင်း၊ ကြွရောက်လာသော ဧည့်ပရိသတ်များအား တည်ခင်းဧည့်ခံခြင်းတို့ကို တာဝန်ယူကြရသည်။ ဤသည်မှာ လူငယ်လူရွယ်များအား စုပေါင်းနေထိုင်တတ်ရန်၊ စုပေါင်းဆောင်ရွက်တတ်ရန် လူကြီးမိဘများက စမ်းသပ်တာဝန်ပေးခြင်းဖြစ်သည်။ မိမိတို့မိဘများ၊ အစ်ကို၊ အစ်မများ ဆောင်ရွက်ကြသည့် ထုံးဓလေ့များကို တစေ့တစောင်း အကဲခတ်နိုင်ရန် ထိတွေ့ပေးနေခြင်းလည်း ဖြစ်သည်။

လှူရေးတန်းရေး၊ သာရေးနာရေး ကိစ္စရပ်များတွင်သာမက အိမ်မိုးခြင်း၊ ကောက်ရိတ်ခြင်း၊ ကောက်စိုက်ခြင်းလို လူမှုရေးကိစ္စရပ်များတွင်ပါ လူပျိုဘောင် အပျိုဘောင်က ပူးပေါင်းဆောင်ရွက်ကြရသည်။

ရှေးအခါက လယ်ယာစိုက်ပျိုးရေး၊ ဆေးရွက်ကြီးစိုက်ပျိုးရေး၊ ခိုင်းနွားမွေးမြူရေးနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းတို့ဖြင့် စီးပွားဖြစ်ထွန်းခဲ့သော မာန်အောင်ကျွန်းတွင် အိမ်ကြီးရခိုင်များကို အပြိုင်အဆိုင် ဆောက်လုပ်နေထိုင်ခဲ့ကြသည်။ အိမ်မကြီးအပြင် ဘေးတွင် အဖီတွေ၊ အယပ်တွေ ပါသေးသည်။

အိမ်များကို သုံးနှစ်တစ်ကြိမ်လောက် ဓနိမိုးလဲကြသည်။ အိမ်ခြေလေးငါးဆယ်ရှိသော ရွာတစ်ရွာတွင် တစ်နှစ်မှာ လေးငါးအိမ်လောက် အိမ်မိုးလှည့်ကြုံတတ်သည်။ အိမ်တစ်အိမ် အမိုးလဲပြီဆိုလျှင် လူပျိုကာလသား ၂၀ လောက်ခေါင်ပေါ်တက်ကြရသည်။ အောက်က ဓနိကမ်းသူ၊ ဝါးကမ်းသူ၊ မျက်ကွက်တင်သူ လူလတ်ပိုင်းက လေးငါးယောက်လောက်ရှိသေးသည်။ ထိုလူအုပ်ကို ချက်ပြုတ်ကျွေးမွေးဖို့ အပျိုများကပါဝင်ကူညီပေးကြရသည်။ အိမ်တစ်အိမ် အမိုးလဲသည့်နှစ်မှာ အလှူလေးတစ်လှူနှင့်မခြားကျွေးမွေးဧည့်ခံကြရသည်။ လူငယ်တွေ စုစုရုံးရုံး ပျော်ပျော်ပါးပါး ဝိုင်းလုပ်ဝိုင်းစားကြသည်မှာ ပျော်စရာကောင်းလှသည်။ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကိုလည်း ရစေသည်။

လယ်ယာလုပ်ငန်းခွင်မှာလည်း မိုးရာသီကောက်စိုက်ချိန်တွင် အပျိုမတွေက သူ့လယ်ကိုယ့်လယ် အပြန်အလှန်ကူညီကြသည်။ ဆောင်းရာသီ ကောက်ရိတ်ချိန်ကျပြန်တော့လည်း လူပျိုတွေက သည်သို့ပင် လက်စားလိုက်ကာ အပြန်အလှန်ကူညီကြသည်။

အရပ်ဒေသတိုင်းတွင် အပျို လူပျို ဆက်ဆံရေး ပုံစံအမျိုးမျိုး ရှိတတ်ကြပါသည်။ မာန်အောင်ကျွန်းတွင်လည်း တစ်မူထူးခြား၍ ယဉ်ကျေးသိမ်မွေ့သော လူပျို အပျိုဆက်ဆံရေး ဓလေ့တစ်မျိုးရှိပါသည်။

**စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းကို အမှီပြု၍ ရပ်တည်ရသော မာန်အောင်ကျွန်းသည် အံ့မခန်းတိုးတက်လာသည့် နည်းပညာခေတ်ကြီးတွင် မိရိုးဖလာလုပ်ငန်းများဖြင့် ရပ်တည်၍ မရနိုင်သောအခါ လူငယ်လူရွယ်များ တဖြည်းဖြည်း နေရပ်စွန့်ခွာခဲ့ကြ**

မာန်အောင်ကျွန်းမှ လူပျိုကာလသားများသည် အလုပ်အားလပ်ချိန်များတွင် တစ်ရွာနှင့်တစ်ရွာ အပြန်အလှန် လည်ပတ်ကြသည်။ ထိုသို့ လည်ပတ်ကြသည့်အခါမှာ အာဂန္တုကာလသားများက တောင်းဆို၍သော်လည်းကောင်း၊ ရွာခံကာလသားများက ဧည့်ဝတ်ပြုသည့်အနေဖြင့်သော်လည်းကောင်း ရွာခံအပျိုဖြင့် ဧည့်ခံစကားပြောသည့် ထုံးစံတစ်ရပ်ရှိသည်။

အာဂန္တုကာလသားအတွက် ရွာခံအပျိုအား ထုတ်ပေးရန်ကိစ္စပေါ်လာသောအခါ လူပျိုများက လူပျိုခေါင်းကို တင်ပြရသည်။ လူပျိုခေါင်းသည် အပျိုခေါင်းမှတစ်ဆင့် မိန်းကလေးမိဘများထံမှာ ခွင့်တောင်းရသည်။ မိဘများ ခွင့်ပြုလျှင် မိန်းကလေးနှင့်စကားပြောခွင့်ရသည်။

စကားပြောရာမှာလည်း မိန်းကလေးက ပုဏ္ဏားကွယ်နောက်မှာ ကိုယ်တစောင်းထိုင်ပြီး ယောကျ်ားလေးက မီးရောင်မမှိန့်တမှိန်တပျင်းခန်း သို့မဟုတ် ဘေးအဖီခန်းတွင် ထိုင်၍ပြောရသည်။ အပျိုခေါင်း သို့မဟုတ် မိန်းကလေး၏ ဆွေမျိုးသားချင်း မိန်းမကြီးတစ်ယောက်က ဧည့်ခန်းအမှောင်ရိပ်မှ ထိုင်၍ စောင့်ရှောက်ပေးရသည်။

ဂါမပညတ်အရ အပျိုတစ်ယောက်သည် အာဂန္တုလူပျိုတစ်ယောက်ကို နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ တစ်ကြိမ်တစ်ခါတော့ လက်ခံစကားပြောရသည်။ သို့ပါမှလည်း အပျိုဘောင်က လူပျိုဘောင်ကို လေးစားရာရောက်ပြီး ပတ်ဝန်းကျင်ကလည်း မိမိတို့ကျေးရွာ၏ စည်းလုံးညီညွတ်မှုကို အလေးထားပေလိမ့်မည်။ မာန်အောင်ကျွန်းမှ လူပျို အပျိုများသည် လူပျိုဘောင် အပျိုဘောင် ဓလေ့အရ အိမ်ထောင်မပြုမချင်း အပြိုင်အဆိုင် လည်နိုင်ပတ်နိုင်၊ ပြောနိုင်ဆိုနိုင်ကြသည်။ မိမိနှင့်ချစ်ကျွမ်းဝင်နေသည်ဆိုပြီး ဝန်တိုခြင်းမရှိကြ။ အာဂန္တုကာလသားက တောင်းဆိုလာလျှင် ရွာခံကာလသားသည် မိမိချစ်သူပင်ဖြစ်စေကာမူ ထုတ်ပေးရသည်။ မိန်းကလေးအနေဖြင့်လည်း ပထမအကြိမ်ဆိုလျှင် ငြင်းပယ်ခွင့်မရှိ။ ဒုတိယအကြိမ်မှသာ မနှစ်သက်လျှင် ငြင်းပယ်နိုင်သည်။ သည့်နည်းဖြင့် မာန်အောင်ကျွန်းမှ လူပျို အပျိုများသည် မိမိတို့အိမ်ထောင်ဖက်ကို အကဲခတ်ရွေးချယ်ကြရသည်။

တချို့ရပ်ရွာတွေမှာ အခြေကြီးသည့် ရွှေမင်းသမီးအချို့ ရှိတတ်ကြသည်။ မည်မျှပင် အခြေကြီးပါစေ လူပျိုဘောင်၊ အပျိုဘောင်က သတ်မှတ်ထားသည့် စည်းကမ်းကိုမူ မလိုက်နာဘဲ နေလို့မရ။ မလိုက်နာလျှင် အပျိုဘောင်မှ ထုတ်ပယ်ပြီး သာရေးနာရေးတို့မှ အကြဉ်ခံရလိမ့်မည်။ ရှေးမာန်အောင်ကျွန်း လူ့အဖွဲ့အစည်းတွင် ဓနဥစ္စာသည်လည်းကောင်း၊ အစိုးရမင်းတို့၏ အမိန့်အာဏာတို့သည်လည်းကောင်း ဂါမပညတ်ကို ကျော်လွန်သက်ရောက်နိုင်ခြင်းမရှိ။

လူပျိုဘောင် အပျိုဘောင်ဓလေ့မှာသာ မဟုတ်၊ မာန်အောင်ကျွန်းမှ အရေးအရာကိစ္စမှန်သမျှကို ရှေးမာန်အောင်သားကြီးများသည် ဂါမပညတ်ဖြင့် ထိန်းကျောင်းလာခဲ့သည်မှာ နှစ်ပေါင်းထောင်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်ပါ၏။

သို့သော် ယင်းဓလေ့ထုံးစံများသည် (၂၁)ရာစုဝင်လာသည့်အချိန်မှာ တဖြည်းဖြည်း မှေးမှိန်တိမ်ကောစ ပြုလာခဲ့ပါပြီ။

စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းကို အမှီပြု၍ ရပ်တည်ရသော မာန်အောင်ကျွန်းသည် အံ့မခန်းတိုးတက်လာသည့် နည်းပညာခေတ်ကြီးတွင် မိရိုးဖလာလုပ်ငန်းများဖြင့်ရပ်တည်၍ မရနိုင်သောအခါ လူငယ်လူရွယ်များ တဖြည်းဖြည်း နေရပ်စွန့်ခွာခဲ့ကြရသည်။

မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ချစ်မြတ်နိုးတတ်သည့် မာန်အောင်သူ မာန်အောင်သားများသည် ရောက်လေရာအရပ်တွင် မိမိတို့၏ မိရိုးဖလာ ဂါမပညတ်များကို တတ်နိုင်သမျှ ထိန်းသိမ်းဖို့ ကြိုးစားကြပါ၏။ သို့သော် သူတို့ရောက်ရာအရပ်မှာ ဂါမပညတ်စည်းကြိုးဖြင့် နှောင်ဖွဲ့ထားနိုင်သည်ထက် များစွာကျယ်ပြန့်နေသောကြောင့် တဖြည်းဖြည်း လက်လျှော့ပေးလိုက်ရ၏။

ဒေသရင်း မာန်အောင်ကျွန်းတွင်လည်း ဂါမပညတ်၏ အခြေခံအဖွဲ့အစည်းဖြစ်သော လူပျိုဘောင် အပျိုဘောင် ဓလေ့ကို အတတ်နိုင်ဆုံး ထိန်းသိမ်းဖို့ ဂရုဓမ္မပြုကြပါ၏။ သို့သော် လူပျိုဘောင် အပျိုဘောင်ဆိုသည်မှာ လူငယ်များကို အခြေခံ၍ ဖွဲ့စည်းထားခြင်းဖြစ်ရာ စည်းနှောင်စရာ လူငယ်များ အလွန်နည်းပါးခဲ့ပြီဖြစ်၍ အလိုလိုပြေလျော့လာခဲ့ရ၏။

လူငယ်များမရှိတော့သဖြင့် လက်စားလိုက်ကောက်ရိတ်၊ ကောက်စိုက်၊ အိမ်မိုးဓလေ့များလည်း မရှိတော့၊ အားလုံး အခစားစနစ်ကို အလိုအလျောက် ပြောင်းလဲသွားခဲ့ပြီဖြစ်၏။ သာရေးနာရေးမှာပင် ယခင်လို စုစုရုံးရုံး ဝိုင်းဝန်းဆောင်ရွက်မနေကြတော့ပါ။ တစ်နည်းအားဖြင့် တစ်ယောက်တစ်လက် ဝိုင်းဝန်းကြသည့် ကျေးလက်လူနေမှုစနစ်မှ တသီးတသန့်ဆန်သည့် မြို့ပြလူနေမှုစနစ်သို့ ခပ်သွက်သွက်ပြောင်းလဲခဲ့ပြီ။

လူတိုင်း ဖုန်းကိုယ်စီကိုင်နေကြသော အိုင်တီခေတ်ကြီးထဲတွင် တစ်ရွာနှင့်တစ်ရွာ လူပျိုလှည့်ပြီး စက္ကူပေါ်မှာ ဘောပင်နှင့် စာရေးပြီး ချစ်သဝဏ်လွှာ အပြန်အလှန်ပို့ခဲ့ကြသည့် စနစ်သည်ပင် ယခုတော့ ဟာသတစ်ခုလို ဖြစ်နေခဲ့ပြီ။

ပြောင်းလဲတိုးတက်မှု အလွန်မြန်ဆန်သော (၂၁) ရာစုထဲမှာ နှစ်ပေါင်းထောင်နှင့်ချီ၍ တည်တံ့ခဲ့သည့် မာန်အောင်ကျွန်း၏ ယဉ်ကျေးမှုဓလေ့ထုံးစံများသည်လည်း နှစ်အနည်းငယ်အတွင်းမှာ လုံးဝ ချုပ်ငြိမ်းကွယ်ပျောက်တော့မည်ဖြစ်ပါသည်။ အဟောင်းများကွယ်ပျောက်သွားသည့်အတွက် ဝမ်းနည်းကြေကွဲစရာလား။

လောကကြီးတွင် အဟောင်းတို့ချုပ်ငြိမ်း၍ အသစ်တို့သည် အစဉ်သဖြင့် အစားထိုးနေရာယူစမြဲ။ ဤနည်းဖြင့် ကမ္ဘာပေါ်ရှိ လူ့အဖွဲ့အစည်းတိုင်းတွင် ဓလေ့ထုံးစံဟောင်းများ ကွယ်ပျောက်ကာ ဓလေ့ထုံးစံသစ်များ ပေါ်ပေါက်လာခဲ့ခြင်းပင်။

မည်သို့ဆိုစေ မာန်အောင်ကျွန်း၏ လူနေမှုဘဝကို နှစ်ပေါင်းများစွာ စီမံခန့်ခွဲပေးခဲ့သည့် "ဂါမပညတ်" ဓလေ့ထုံးစံများသည် ရာဇဝင်ထဲ၌ အမှတ်တရ သိမ်းဆည်းထားရမည့် အဖိုးတန် ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များပင် ဖြစ်ပါသတည်း။

**ရည်ညွှန်း-တိုင်းရင်းသားရေးရာအမှတ်(၃)**

# ခမီတိုင်းရင်းသားလူမျိုးတို့၏ မင်္ဂလာဆောင်ခြင်းဓလေ့

**အောင်ကြည်မိုး(စစ်တွေ)**



ခမီတိုင်းရင်းသားတို့သည် ရခိုင်မျိုးနွယ်စုဝင် ဖြစ်၏။ ရခိုင်ပြည်နယ်ရှိ ကျောက်တော်မြို့၊ ပုဏ္ဏားကျွန်းမြို့၊ ပေါက်တောမြို့၊မြောက်ဦးမြို့ နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် အများဆုံး နေထိုင်လျက်ရှိနေကြပြီး လူဦးရေ ငါးသောင်းကျော် ရှိနေသည်။ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြသည်။ ခမီတိုင်းရင်းသားတို့၏ အမျိုးသားနေ့မှာ နှစ်စဉ် ဧပြီလ ၂၇ ရက်နေ့ ဖြစ်သည်။ အိမ်တက်မင်္ဂလာနှင့် အပျို၊ လူပျိုတို့၏ မင်္ဂလာဆောင်ပွဲကို ခမ်းနားစွာ ကျင်းပလေ့ရှိကြပြီး သေသူကို မီးသင်္ဂြိုဟ်ကြသည်။ ရခိုင်ပြည်နယ်၌ ခမီတိုင်းရင်းသားလူမျိုးများ မြေပြန့်မှာ နေထိုင်ကြသလို တောင်ပေါ်တွင်လည်း နေထိုင်ကြသည်။ အသက်မွေးဝမ်းကျောင်းအနေဖြင့် မြေပြန့်နေ ခမီတိုင်းရင်းသားများက လယ်ယာလုပ်ငန်းလုပ်ကိုင်ကြပြီး တောင်ပေါ်နေ ခမီတိုင်းရင်းသားများမှာမူ တောင်ယာစိုက်ပျိုးခြင်းနှင့် ဥယျာဉ်စိုက်ပျိုးခြင်းဖြင့် အသက်မွေးမြူကြသည်။

ခမီတိုင်းရင်းသားတို့လူမျိုး၌ အပျိုများ စုအိပ်ကြသလို လူပျိုများသည်လည်း ရွာ၏ ကာလသားခေါင်း၌ စုအိပ်ကြသည့်ဓလေ့ရှိသည်။ ညအချိန်အခါ၌ လူပျိုများ အပျိုအိမ်များသို့ လှည့်လည်စကားပြောလေ့ရှိသည်။ ရခိုင်ဒေသ၌ ''ရွာလည်သည်'' ဟု ခေါ်ဆိုကြ၏။ တခြားရပ်ရွာမှ အာဂန္တု ဧည့်သည်လူပျိုများ ရောက်ရှိလာတတ်လျှင် လူပျိုခေါင်းမှဖြစ်စေ၊ အခြားလူပျိုတစ်ဦးဦးမှ ဖြစ်စေ အပျိုအိမ်များသို့ မိတ်ဆက်ရန် ရွာလည်သွားလေ့ရှိတတ်သည်။

ဤသို့ ညအချိန် အပျိုအိမ်သို့ လူပျိုများ သွားရောက်လည်ပတ်ကြရင်း အပျိုနှင့်လူပျိုတို့ ချစ်သူဘဝသို့ ရောက်ရှိသွားကြလျှင် ယောကျ်ားလေးမှ မိဘဆွေမျိုးများကို အသိပေး၍ မိန်းကလေး၏ မိဘများထံ တောင်းယူရသည်။ သားယောကျ်ားအတွက် ချွေးမတောင်းယူဖို့သွားကြရာ၌ လူအရေအတွက် စုံ မသွားရပေ၊ မသွားရသည်။ လူအရေအတွက် မသွားမှ စုံရနိုင်သည်ဟု အယူရှိကြသည်။ ချွေးမတောင်းယူမည့် ရွာသို့ ရောက်ရှိသွားသောအခါ ရွာလူပျိုခေါင်းကို အကူအညီ တောင်းကြရသည်။ ရွာ၏ လူပျိုခေါင်းမှ ရွာဓလေ့ထုံးတမ်းအရ အစစအရာရာ ကူညီဆောင်ရွက်ပေးသည်။ ရခိုင်တိုင်းရင်းသားနှင့် ရခိုင်မျိုးနွယ်စုဝင်များ၌ ရွာ၏ ကာလသားခေါင်း(ခ) လူပျိုခေါင်း၊ အပျိုခေါင်းတို့၏ အခန်းကဏ္ဍသည် အရာရာ၌ အရေးပါတတ်သည်။ မိဘများ၌ မိမိတို့သမီးများ အရွယ်ရောက်လာချိန် သမီးရှင်ကို လာတောင်းယူကြသည့်အခါ ကျွေးမွေးဧည့်ခံနိုင်ရန် ကြက်နှင့် ခေါင်ရည် အရက်တို့ကို အိမ်၌ အဆင်သင့်ထားကြရသည်။

မိဘတို့ကလည်း လူငယ်တို့ သဘောကို မေးမြန်းနားချပြီးမှ တရားဝင်ထိမ်းမြားပေးလေ့ရှိကြသည်။ နှစ်ဖက်မိဘတို့ မင်္ဂလာပွဲအတွက် အသွင်းရွှေငွေ ကိစ္စပြေလည်သွားလျှင် မင်္ဂလာပွဲ အကြို အောင်မြင်သည့် အထိမ်းအမှတ်ဖြင့် ခေါင်ရည်အိုးဖွင့်ကာ သောက်စားကြတော့သည်။

ခမီတိုင်းရင်းသားလူမျိုးတို့၌ အပျို၊ လူပျိုများ အိမ်ထောင်ဖက်ကို လွတ်လပ်စွာ စိတ်ကြိုက်ရွေးချယ်ခွင့်ရှိကြသည်။ ခမီတိုင်းရင်းသားတို့၌ တရားဝင်ထိမ်းမြားခြင်းမပြုဘဲ အိမ်ထောင်ပြုခြင်းဓလေ့ထုံးစံ မရှိကြပါ။ ခမီတိုင်းရင်းသားတို့၌ သွေးသားအရင်းအချာ မောင်သား၊ နှမသမီး (မောင်ဖွားတို့၏ သားက ညီမ၏သမီးပျိုနှင့်) လက်ထပ်ထိမ်းမြားခွင့် မရှိချေ။ မင်္ဂလာဆောင်ပွဲအား ယောကျ်ားလေးအိမ်၌ ပြုလုပ်ကြရသည်။ မင်္ဂလာဆောင်ပွဲတွင် ရွာသားများက ကြက်တစ်ကောင်၊ ခေါင်ရည်အရက်တစ်ပုလင်း လာရောက် ကူညီပေးတတ်ကြသလို ငွေကြေးများလည်း ကူညီပေးကြသည်မှာ ခမီတိုင်းရင်းသားတို့၌ တစ်ယောက်ကို တစ်ယောက် ရိုင်းပင်းကူညီပေးတတ်သော ရိုးရာဓလေ့တစ်ခု ဖြစ်သည်။

မင်္ဂလာပွဲပြီး ယောကျ်ားလေးအိမ်၌ သုံးလေးရက်အကြာ နေထိုင်ပြီးနောက် မိန်းကလေး၏ မိဘဆွေမျိုးများမှ သမီးနှင့် သမက်အား မိမိတို့အိမ်သို့ ပြန်ခေါ်သွားတတ်ကြသည်။ ဤသို့ ခေါ်ဆောင်သွားရခြင်းမှာ သမီးအားပေးသင့်ပေးထိုက်သော ပစ္စည်းများကို အမွေပေးရန်နှင့် သတို့သား၏ ဆွေမျိုးများအား မိမိတို့က တစ်ဖန်ဧည့်ခံကျွေးမွေးရန် ဖြစ်သည်။ ယောက္ခမအိမ်သို့ သမက်ဖြစ်သူ သွားရာ၌ ခေါင်ရည်ယူသွားရသည်။

သတို့သားအနေဖြင့် ယောက္ခမအိမ်သို့ ရောက်ရှိသွားသောအခါ ယောက္ခမတို့က သတို့သားနှင့် မိမိတို့၏ ဆွေမျိုးသားချင်းများကို မိတ်ဆက်ပေးရသည်။ တစ်ရွာတည်းသား အချင်းချင်း မင်္ဂလာဆောင်လျှင်လည်း ဤသို့ မိတ်ဆက်ပေးကြသည်။ အမှန်က သတို့သားအား သတို့သမီးတို့ဘက်က ဆွေမျိုးအဖြစ် အသိအမှတ် ပြုလိုက်ကြခြင်းဖြစ်သည်။ သမီးနှင့် သမက်ပြန်ခါနီး မိမိတို့ကိုယ်တိုင် ရက်လုပ်ထားသော စောင်ထူ၊ ထဘီ၊ ပုဆိုးများနှင့် ငွေထည်လက်ဝတ်ရတနာများကို မင်္ဂလာလက်ဖွဲ့အဖြစ် သမီးရှင် မိဘများက ပေးလိုက်သည်။ တချို့တတ်နိုင်သော မိဘများက သမီးနှင့်သမက် လယ်ယာလုပ်စားဖို့ ကျွဲ၊ နွားများ အမွေပေးလိုက်ကြသည်။ သမီးနှင့်သမက် ယောကျ်ားလေးအိမ်သို့ ပြန်ကြမည့်နေ့တွင် ဝက်ကောင်ကြီးကို သတ်၍ သမီးလင်မယားနှင့် ရပ်ရွာရှိ ဆွေမျိုးများအား ဝက်တစ်ကောင်၏ ထက်ဝက်ဖြင့် ထမင်းချက်ပြုတ်၍ ကျွေးမွေးကြပြီး ကျန်ထက်ဝက်အား သမီးနှင့်သမက် အိမ်ပြန်လက်ဆောင်အဖြစ် ထည့်ပေးလိုက်ကြသည်။ မိန်းကလေး မိဘအိမ်ကိုအလည်လာပြီးနောက် ယောကျ်ားလေးအိမ်သို့ သွားသောအခါ ငိုကြွေးကြရသည်။ ဤသို့ ငိုကြွေးကြရသည်မှာ မိဘအိမ်မှ ခွဲခွာထွက်ခါနီးမျက်ရည်ကျမှ လင်သားအိမ်၌ အတည်တကျ နေထိုင်သည့်အခါ ဆန်ရေစပါး၊ ဥစ္စာပေါများတတ်သည်ဟု အယူအဆရှိကြသောကြောင့် ဖြစ်သည်။

ခမီတိုင်းရင်းသားလူမျိုးတို့၌ မင်္ဂလာပွဲအား နှစ်ဖက်မိဘများမှ ငွေအကုန်ကျခံ ပြုလုပ်ပေးကြပြီး တစ်လင် တစ်မယားစနစ်ဖြင့် ရာသက်ပန် နေထိုင်သွားတတ်ကြသည်။

# မြန်မာ့လက်မှုပညာရပ်ဖြင့် ပြုလုပ်သည့် စက္ကူအရုပ်မျိုးစုံကို စစ်ကိုင်းမြို့ ဂုံညင်းဒေါင်ရွာ၌ တွင်ကျယ်စွာ ထုတ်လုပ်နေ

**မင်းထက်အောင်(မန်းကိုယ်ပွား)**



မြန်မာ့ရိုးရာလက်မှုပညာရပ်ဖြင့် ပြုလုပ်သည့် စက္ကူအရုပ်မျိုးစုံကို စစ်ကိုင်းမြို့ ဂုံညင်းဒေါင်ရွာ၌ တွင်ကျယ်စွာ ထုတ်လုပ်ကာ မြန်မာနိုင်ငံအနှံ့အပြားသို့ ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။

ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် ယနေ့အချိန်ကာလတွင် ခေတ်မီဆန်းသစ်စွာ တီထွင်ထုတ်လုပ်ထားသည့် ပြည်ပမှ အရုပ်မျိုးစုံ ဝင်ရောက်လာသော်လည်း မြန်မာ့ရိုးရာလက်မှုပညာရပ်ဖြင့် ပြုလုပ်ထားသည့် စက္ကူအရုပ်များကို တန်ဖိုးထားနှစ်သက်စွာ ဝယ်ယူအားပေးမှုများကြောင့် ဈေးကွက်တွင် ရှင်သန်ရပ်တည်လျက်ရှိကြောင်း အဆိုပါရွာမှ အရုပ်လုပ်ငန်းလုပ်ကိုင်သူ ဒေါ်မာမာဌေးက ပြောသည်။

''စက္ကူအရုပ်လုပ်ငန်းကို မိရိုးဖလာ လုပ်ငန်းအနေနဲ့ ကျွန်မတို့ရွာအပြင် အနီးနားက ညောင်ကုန်းအရှေ့ရွာ၊ ကနားတော်ရွာ စတဲ့ရွာတွေမှာလည်း အားလုံးတန်ဖိုးထားပြီး လုပ်ကိုင်နေကြပါတယ်။ ရိုးရာလက်မှုလုပ်ငန်းဖြစ်တဲ့အတွက် ဒီလုပ်ငန်း မပျောက်ပျက်အောင် ကျွန်မတို့ အသက်ရှင်နေသရွေ့ ထိန်းသိမ်းစောင့်ရှောက်ပြီး လုပ်ကိုင်သွားမှာပါ။ ဒီလုပ်ငန်းက လုပ်အားခအနေနဲ့ တစ်ရက်ကို ငွေကျပ် ၄၀၀၀ လောက်ရတဲ့အတွက် မိသားစုအားလုံး ဒီအရုပ်လုပ်ငန်းကို လုပ်ကိုင်ပြီး ရပ်တည်နေသလို အခြားလုပ်ငန်း လုပ်ကိုင်သူတွေကလည်း အပိုဝင်ငွေရအောင် ဒီအလုပ်ကို တွဲပြီး လုပ်ကိုင်ကြတယ်''ဟု ၎င်းက ပြောသည်။

အဆိုပါစက္ကူအရုပ်ပြုလုပ်ရာတွင် ပုံကြမ်းထုတ်ခြင်းသည် အဓိကကျ၍ ၎င်းပုံကြမ်းပေါ်တွင် ရွှေပြားကပ်ကာ အနုစိတ်ဆေးခြယ်ရပြီး ယခင်ခေတ်များက ဆေးခြယ်ခြင်းကို ရေဆေးဖြင့် ဆောင်ရွက်ကြသော်လည်း ယနေ့ခေတ်တွင် အရောင်ပိုမိုတောက်ပ၍ ရေရှည်ခံနိုင်စွမ်းရှိသည့် သင်္ဘောဆေးကို အသုံးပြုကြောင်း ၎င်းက ဆက်လက်ပြောသည်။

လက်ရှိတွင် အဆိုပါရွာမှ စက္ကူကို အသုံးပြု၍ မိရိုးဖလာ လက်မှုပညာရပ်ဖြင့် ပေါင်းစပ်ကာ ဇီးကွက်ရုပ်၊ ပစ်တိုင်းထောင်ရုပ်၊ ဖိုးဝရုပ်၊ ဆင်၊ မြင်း၊ ခွေး၊ ကျား စသည့် အရုပ်များကို ထုတ်လုပ်ကာ ၁၂ ပွဲ ဈေးသည်များအဖြစ် အမြို့မြို့အနယ်နယ်ရှိ ဘုရားပွဲများတွင် လှည့်လည်ရောင်းချခြင်းနှင့် မြန်မာနိုင်ငံ အနှံ့အပြားရှိ မှာယူသူများထံသို့ ပို့ဆောင်ရောင်းချခြင်းများဖြင့် တွင်ကျယ်စွာ လုပ်ဆောင်နေရကြောင်း သိရသည်။